ပြည့်စုံထွန်းစာပေ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

# သျှင်သီရိ

ဓမ္မာစရိယ(တီအေ)

# ငါနှင့်ငါသာ နှိုင်းစရာပဟု



ဆုပြည့်ပုံထွန်း စာပေ

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၈၃၆၆၄၊ ၃၈၆၈၃၃။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆုပြည့်စုံထွန်းစာပေ

ဆုပြည့်စုံထွန်းစာပေ

တက္ကသိုလ်

# သျှင်သီရိ

# ဝါနှင့်ဝါသော နှိုင်းစရာဟု



စာမူခွင့်ပြုချက်အမှတ် - ၄၂၀၁၇၂၀၆၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၂၀၄၁၅၀၆၀၆

❖

ပုံနှိပ်ခြင်း

ပထမအကြိမ် - (၂၀၀၆၊ ဩဂုတ်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - အောင်စံမြင့်
*Graphic* - ဇေယျာ
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ

ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

❖

ထုတ်ဝေသူ

မခင်မာရွှေ (၀၃၉၀၅) (မြဲ)၊
၁၅၄၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၄၀၀ - ကျပ်

၁။ အမှာစာ ၁

## အခန်း(၁)

၂။ ငါနှင့်ငါသာနိုင်းစရာဟု ၄

## အခန်း(၂)

၃။ မာနဟူသည် ၁၀
- မာနဖြစ်ပေါ်မှုအကြောင်း ၁၄
- မာနအမျိုးအစားအလွန်များပြား ၁၄
- ရှင်မဟာရဋ္ဌသာရဖွဲ့ဆိုသောမာန်(၃)မျိုး ၂၀
- မာန်(၉)မျိုး ၂၂
- ငါနှင့်ငါသာအထင်ကြီးမာန ၂၉
- မာန်မထားထိုက်သူများ ၃၄
- မာနမာန်ဆိုးယုတ်မာမျိုးဖြစ်ရသည်မှာ ၃၅
- မာနတရားသတိထားကြပါလေ ၃၉
- မာနကင်းစင်နိဗ္ဗာန်ဝင်မည်သာ ၄၁

## အခန်း(၃)

၄။ မာနထန်ပြင်း ဆင်းရဲခြင်းရောက်ကြသူများ ၄၃
- အလှမာန်ယစ်ဒေါ်သမုန်ဝင်မာဂဏ္ဍီ၏ပျက်စီးအင် ၄၃
- မရှိမာန်တက်၍ ဘဝပျက်ရသူ ၅၂
- ဆရာကိုအန်တုဘက်ပြိုင်မှုမာနကြောင့် ဘဝပျက်ရသောစောင်းသမား ၅၆
- ဆေးဆရာ၏ ပညာမာန ဘဝသံသရာ၌ မျက်စိနှစ်ကွင်းအလင်းမရ ၆၄
- ဥစ္စာဂုဏ်မာန သံသရာ၌ကျွန်ဘဝ ၆၆
- ပညာမာနယှဉ်ပြိုင်ကြလိုသော တပည့်ငါးရာ ၆၈
- မာနအများ ဘဝပျက်လုနီးပါးမျှ ၇၀

- မတုသင့်သည်ကို တု၍ပျက်စီးရသော သစ်တောက်ငှက် ၇၃
- အတိုင်းအရှည်မသိသော မာနကြောင့်ဘဝဆုံး ရသောချေးပိုးထိုး ၇၄
- မဆင်မခြင်မာန်တက်၍ ဘဝပျက်ရသောမြေခွေး ၇၅
- မတုပအပ်သော မာနကြောင့်ဘဝပျက်ရသောမြေခွေး ၇၉
- မတုသင့်သောမာန်ကိုထား၍ ဘဝပျက်ရသောကျီးကန်း ၈၁
- သိမ်းငှက်၏ ခွန်အားမာနပျက်စီးရ ၈၃

## အခန်း(၄)

၅။ မာန်ကိုချ၍ ဘဝလှကြသူများ ၈၆

- အလှထွတ်တင်မာနရှင်မိဖုရား ၈၆
- မာန်ကိုသတ်၍ ဘဝမြှတ်ရောက်ရသော ရဟန်းငါးရာ ၉၄
- မာန်ကိုချ၍ အရဟတ္တဖလချမ်းသာခံစားရသူများ ၉၅
- အဓိမာနရှိမဟာနာရမထေရ်၏ဖြစ်ရပ်တွေ ၁၀၀
- မာန်ကိုချ၍ ချမ်းသာရရသူမင်းသားခြောက်ယောက် ၁၀၂

## အမှာစာ

မိမိဘဝသက်တမ်း (၆၀)ပြည့်၍ တတိယအရွယ် ဘာဝနာသည့် ဘဝသို့ရောက်ခဲ့ပြီးဖြစ်၍ ဘာဝနာအလုပ်ကို စတင်ကြိုးစားလုပ်ကိုင်ခဲ့သည်။

ဘာဝနာလုပ်စဉ် မိမိ၏ လူဖြစ်လာသောဘဝနှင့် လျှောက်လှမ်းဖြတ်သန်းခဲ့ရသော ဘဝအခြေအနေတို့ကို စဉ်းစားဆင်ခြင် သတိဝင်လာမိသောအခါ ဝမ်းသာကြည်နူးအောက်မေ့ဘွယ်ရာ အထွေထွေနှင့် ဝမ်းနည်းကြေကွဲစရာ အထွေအထွေ ဘတစ်ပြန် ကျားတစ်ပြန်နှင့် သံသရာလည်ခဲ့ရသည်ကို ကြုံတွေ့ဆုံတွေ့ခဲ့ရသည်ကို တွေ့မြင်စဉ်းစားမိသည်။

မိမိဘဝတစ်လျှောက် သဒ္ဓါ, သီလ, ပညာတို့ဖြင့် ကုသိုလ်လမ်းဘက်က လျှောက်လှမ်းခဲ့ရသည့်ဘဝသက်တမ်းများ ရှိခဲ့သလို တဏှာ, မာန, ဒိဋ္ဌိ အကုသိုလ်အညစ်အကြေးတို့ဖြင့် ဖုံးလွှမ်းခဲ့ပြီး လျှောက်ခဲ့ ရသောဘဝသက်တမ်းကလည်း များစွာရှိခဲ့ပေသည်။

ထိုအထဲကွင် မိမိဘဝတဏှာ(လောဘ) မာနတို့ဖြင့် လျှောက်ခဲ့ရသောဘဝသည်က အသက်(၆၀)ကို သုံးချိုးချိုးပါက နှစ်ချိုးလောက်ပါဝင်နေသည်ကို တွေ့ရပါမည်။

ဆုပြည့်စုံထွန်းစာပေ

ဤရုပ်နာမ်ခန္ဓာကို တရားသဘောနှင့် ဆင်ခြင်မိသောအခါ ထိုရုပ်နာမ်က မသိ၍ပြုလုပ်ခဲ့သော ထိုတဏှာမာနတို့သည်ကား အလွန်ကြောက်စရာကောင်းသော အပါယ်လမ်းကြောင်းသို့ ဦးတည်၍ ပြုလုပ်နေပါကလား၊ ဤရုပ်နာမ်ပေါ် မှီ၍ဖြစ်ပေါ်ခဲ့ရသော တဏှာ၊ မာနတို့သည်ကား တကယ် စဉ်းစားဆင်ခြင်စစ်ဆေးကြည့်သော်– အနှစ်မရှိ၊ သံသရာဝဲအပါယ်ဘုံများ၌ လည်ရမည့် အကြောင်းများဖြစ်နေသည်ကို တွေ့မြင်ရပါတော့သည်။

မိမိဘဝတစ်လျှောက်တွင် မိမိကလည်း မိမိရရှိခဲ့သော ပညာမာန ရာထူးအာဏာမာန, ဥစ္စာမာနတို့ဖြင့် တစ်ဖက်သားကို မောက်မာစွာပြုမူကျင့်ကြံခဲ့သည်များ ရှိခဲ့သလို မိမိဘဝမှာလည်း တိုပညာ, ရာထူး, အာဏာ, ဥစ္စာတို့ဖြင့် မောက်မာမှုများ ပြုခံရသည်များကလည်း ဒုနှင့်ဒေးပင်ကြုံတွေ့ခဲ့ရပါသည်။

မိမိပြုလုပ်ခဲ့သော မာန်မာန၊ မိမိခံခဲ့ရသော မာန်မာနကို အရင်းစစ်လိုက်တော့ အနှစ်ဘာမှမရှိတော့သည်ကို တရားသဘောက ဖော်ပြဆုံးမမှုကို ခံလိုက်ရသောအခါ အလွန်ပင် သတိသံဝေဂတရား ရမိပါတော့သည်။

ဤစာရေးသူကဲ့သို့ မာန်ဖြင့် ပြုလုပ်သူ မာန်ကြောင့်ခံခဲ့ရသူအားလုံးတို့သည် မိမိတို့ဘဝ မိမိတို့သုံးသပ်ဆင်ခြင် သတိဝင်ပြီး အပါယ်လားကြောင်း အမှားပေါင်းလမ်းစဉ် မာန်ဝင်ဆောင်ရွက်မှုတို့ကို သတိတရားရပြီး ဆင်ခြင်မိစေလိုပါသည်။

ဤမာန်တရားဖြင့် အမှားကမ္ဘာ သံသရာဝယ် မလည်မိကြစေလိုပါ။ အမှန်သိမှုတရားဖြင့် အေးချမ်းသာယာသော ဘဝသို့တက်လှမ်းရောက်စေလိုပါသည်။

ဤလောကဝယ် သတ္တဝါတိုင်းသည် ဤမာနတရားကြောင့် ဒုက္ခရောက်နေကြရသည်။ ဤမာနဖြင့်ပင် ငါ ငါ ငါ ဟုထင်မှတ်ကာ အမှားလမ်းကြောင်းပြုလုပ်ပြီး အပါယ်ငရဲလမ်းကို ရှေးရှုလျှောက်လှမ်း

နေကြသည်။ ဤသည်ကို သိမြင် သတိဝင်စေလိုပါသည်။

ဤစာဖတ်၍ ဤအသိ ဤအမြင် ဤသတိဝင်ကြသည့်ရှိသော်စာရေးသူ၏ ကြိုးစားတင်ပြချက် အောင်မြင်၍ ဝမ်းသာပီတိဖြစ်ရပါမည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အစစအရာရာ ကူညီကြသော ဇနီး၊ သမီးများနှင့် စာအုပ်ထုတ်ဝေသူ ဆုပြည့်စုံထွန်းစာပေတိုက်မှ မခင်မာရွှေအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသတည်း။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်ဘျှင်သိရိ
ဓမ္မာစရိယ — ဘီအေ

## အခန်း(၁)

## ငါနှင့်ငါသာနှိုင်းစရာဟု

*''ငါနှင့်ငါသာနှိုင်းစရာဟု၊ ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြှောက်၍၊ နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း၊ နှောင်းပြီးတခါ ရှိသေစွာလျှင် ဤစာကိုးခန်း၊ ပုလဲပန်းဖြင့် စိတ်ကြမ်းမာန်လျော့ ငါကန်တော့၏''*

အင်းဝခေတ်ရှင်မဟာရဋ္ဌသာရ ဆရာတော်သည် မိမိငယ်စဉ် ကမာနကြီးမှုကို သံဝေဂရပြီး စတုဓမ္မသာရကိုးခန်းပျို့ကို ရေးသားပြီးနောက် ထိုပျို့ဖြင့် မိမိမာန်မာနကိုချပြီး ကန်တော့ခဲ့သည်ကို ဟာက္ကသိုလ်တွင်မြန်မာစာသင်ခဲ့ရစဉ်က လေ့လာဖတ်ရှုခဲ့ရဘူးပါသည်။

မိမိငယ်စဉ်ဖြူးမြို့ ဒက္ခိဏာရုံကျောင်းမှာ စာသင်စဉ်က စာသင်ပက်ပြည့်စုံသော ကျောင်းသားတစ်ဦးက

''ဟော့ကောင် တောသား ဝတ်ထားတဲ့ အဝတ်တွေကလည်း စုတ်ပြတ်နေတာပဲ လျှော်ထားလို့ သန့်ရှင်းတာပဲရှိတယ်။ မင်းဒီအဝတ်အစားနဲ့ ငါတို့နောက်ကို လိုက်လို့မရဘူး။ မင်းမိဘတွေကလည်းကွာ ကိုယ့်သားသမီးတောင် ကိုယ်ပြောင်ပြောင်ရောင်ရောင်လေး ဖြစ်အောင်လုပ်ပေးမထားဘူး''

ဟုငွေကြေးပြည့်စုံသူက ငါ့မှာပြည့်စုံတယ်ဟူသော မာန်မာန ဖြင့်မိမိကို နှိမ့်ချဆိုခဲ့သည်ကိုလည်း ခံခဲ့ရဖူးသည်။

မိမိလူလတ်ပိုင်းဘဝတွင် စာသင်ဖက်တစ်ဦးနှင့် စာအပြိုင် အဆိုင်ဖြစ်ရာမှ သူကစာမတော် မအောင်မြင်၍ မိမိကိုမနာလိုဝန်တိုဖြစ် ကာရန်ဖြစ်အောင် ရန်စပြီး

''ဟေ့ကောင် မင်းဘယ်လောက်မိုက်သလဲ လာ မင်းနှင့်ငါ သူသေကိုယ်သေချကြမယ်''

ဟုဗလအားကိုး လူမိုက်အားကိုးမာန်ဖြင့် စိန်ခေါ်ခဲ့ဖူးသည်ကို လည်းခံစားခဲ့ရဖူးပါသည်။

အထက (၁)လမ်းမတော် (ယခင် စိန့်ဂျွန်းကျောင်းတွင်) တာဝန် ထမ်းဆောင်စဉ် ဂျူတီမာစတာလုပ်ရသည်။ ညတိုင်းကျောင်းသားများ စာကြည့်ချိန်၌ ကျောင်းသားများကို ကြီးကြပ်ရသည်။ စာကြည့်ချိန်၌ နားကြပ်ရေဒီယိုကို ခိုးနားထောင်နေသော ကျောင်းသားတစ်ယောက်ကို နောက်ပိုးအုပ်ပြီး ရေဒီယိုကိုသိမ်းသည်။ ထိုကျောင်းသားက

''ဆရာ ကျွန်တော်အဖေက ပြည်ထဲရေးဝန်ကြီး ----

ဟုဖခင်ရာထူးဂုဏ်မာနဖြင့် ပြန်ပြောသည်။

''ဟေ့ကောင် မင်းအဖေပြည်ထဲရေးဝန်ကြီးဖြစ်တာ ငယ်စဉ်က ကြိုးစားခဲ့လို့ဖြစ်တာ။ မကြိုးစားရင်မဖြစ်ဘူး။ မင်းအဖေပြည်ထဲရေး ဝန်ကြီးဖြစ်တိုင်း မင်းမဖြစ်ဘူးဆိုတာ မှတ်ထား။ မင်းအဖေလို ကြီးပွား တိုးတက်တဲ့ လူတစ်ယောက်ဖြစ်စေဖို့ မင်းကိုငါဆုံးမတာ၊ နောက် ငါ့ကို ဘယ်တော့မှ အဖေ့အရှိန်အဝါနှင့်လာမခြိမ်းခြောက်နဲ့၊ အဲဒီလိုခြိမ်းခြောက် တိုင်းကြောက်တတ်တဲ့ဆရာမဟုတ်ဘူး''

ဟုဆရာဆိုသော မာန်မာနဖြင့် ပြန်လည်ပြောဆိုခဲ့ဖူးပါသည်။

ပြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ပါတီသုတေသနဌာနတွင် တာဝန်ထမ်းဆောင်စဉ်အခါကလည်း လက်ထောက်သုတေသနတစ်ဦးကို စာတမ်းတစ်စောင်ချပေးရာ တိုချပေးခံရသော ဝန်ထမ်းအမျိုးသမီးက

"ကျွန်မကို၊ အဲဒီလို ခက်ရာခက်ဆစ် သုတေသနပြုပြီး ရေးရမယ့်စာတမ်းကို မချပေးပါနဲ့ ကျွန်မ မရေးနိုင်ပါဘူး။ ကျွန်မဒီအလုပ်လာလုပ်နေတာ ထမင်းဝတ်လို့လာလုပ်နေတာ မဟုတ်ပါဘူး။ ရထားတဲ့ဘွဲ့ကလေးနှမျောပြီး ဂုဏ်သိက္ခာအရ လာလုပ်တာ ဒီစာတမ်း မရေးလို့ အလုပ်ထုတ်ပစ်ရင်လည်း ထုတ်။ အပြင်မှာ အေးအေးဆေးဆေး ထိုင်စားနေနိုင်တဲ့ ဘဝမှာထိုင်စားနေရုံပဲ"ဟုသူမက ချမ်းသာကြွယ်ဝမှု ဂုဏ်မာနဖြင့်ပြန်ပြောခံခဲ့ဖူးပါသည်။

ဤသာသနာရေးဦးစီးဌာန အရောက်တွင်ဘာသာရေး လုပ်ငန်းတစ်ခုဖြင့်ပတ်သက်၍ မိမိကတင်ပြပြောဆိုရာ "ကျုပ်က ညွှန်မှူး၊ ခင်ဗျားက ဦးစီးမှူးအဆင့်၊ ကျုပ်ကိုပြန်တင်ပြဆင်ခြေပေးစရာ မလိုဘူး ကျုပ်နိုင်းတာသာလုပ်"

ဟုရာထူးအာဏာမာနဖြင့် စေခိုင်းခံရသည်။ သူတကယ်ဝန်ကြီးနှင့်ရင်ဆိုင် ဖြေရှင်းရသောအခါ သူ့လမ်းညွှန်ချက်မှားပြီး မိမိတင်ပြချက်ကမှန်နေ၍သူ့ခမျာ အရှက်ကွဲခဲ့ရသည်။

မိမိဘဝတက္ကသိုလ်တွင်တက်စဉ်က ဘဝကြင်ဖော်ကိုရှာခဲ့သည်။ အကျည်းတန်မှန်ကြိုက် မင်းကုသက ပပဝတီမှလိုချင်သည်ဟု ဆိုသည့်အတိုင်းမိမိကရုပ်အကျည်းတန်၍ သဘာဝအရ လှပချောမောသူကို မက်လာမိသည်။ တက္ကသိုလ်တက်၍ မိမိနှစ်သက်သော အမျိုးသမီးတစ်ဦးကိုချည်းကပ်ကြိုးစားမိသည်။

"အမဲရိုးနှယ် ဟင်းအိုးမှအားမနာ"

ဟုထိုအမျိုးသမီးက အလှ အပမာနဖြင့် မိမိကိုယ်ကိုတုံ့ပြန်ပြောဆိုခံခဲ့ရသည်။

ဤသို့ဖြင့် မိမိဘဝသက်တမ်း တစ်လျှောက်တွင်လူအမျိုးမျိုးပုဂ္ဂိုလ်အထွေအထွေနှင့် တွေ့ကြုံဆက်ဆံခဲ့ရာတွင် လောဘဖြင့်ဆက်ဆံသူ ဒေါသဖြင့်ဆက်ဆံသူ မာနဖြင့်ဆက်ဆံသူ အမျိုးမျိုးကို ကြုံတွေ့ခဲ့ရသည်။

ထိုသို့ကြုံတွေ့ခဲ့ရသူတို့တွင် မာနဖြင့်ဆက်ဆံသူအများအပြား

ကိုတွေ့ခဲ့ရ၍ ထိုမာနကိုအလွန်စိတ်ဝင်စားခဲ့ပါသည်။ ထိုမာနဆိုသော စိတ်ဓာတ်ဖြစ်ပေါ်မှုနှင့် လူသားတိုင်းမာနကိုယ်စီဖြင့် ဘဝရုန်းကန်လှုပ်ရှားမှုများကို မြင်တွေ့ရဖန်များသော် ထိုမာနကို လေ့လာလိုစိတ်ပိုမိုများပြားလာပါသည်။

ထိုမှတစ်ဖန် မိမိကတရားဘက်ကို အနည်းငယ် လိုက်စားမိသောအခါ ထိုမာနက မိမိကို မည်မျှဒုက္ခပေးသည်ကို သတိပြုမိလာ၍ ထိုမာနကို စိတ်ဝင်စားသထက် ဝင်စားပြီး ပိုမိုလေ့လာလိုစိတ် ပြင်းပြခဲ့ပါသည်။

မိမိဘဝတစ်လျှောက် ကြုံတွေ့ခဲ့ရသော ဝမ်းနည်းမှု၊ ဝမ်းသာမှု၊ စိတ်ဆင်းရဲမှု၊ စိတ်ချမ်းသာမှု၊ ပြည့်စုံမှု၊ မပြည့်စုံမှု အစုံစုံတို့တွင် ထိုမာနကအဓိကခြယ်လှယ်နေသလို တဏှာ၊ မာန ဒိဋ္ဌိတရားတို့တွင် ထိုမာနကို အလွန်ပင် ကြောက်ရွံ့ ရွံ့ရှာလာမိပါသည်။

ထိုမာနကြောင့် ကမ္ဘာလောကကြီးရှိ လူသားတို့ ဒုက္ခရောက်ရပုံ၊ သံသရာ ကျင်လည်ရပုံအစုံစုံကို တွေ့မြင်ရသော် ထိုကြောက်စရာကောင်းသောမာနကြောင့် ရှေးရှေးဘဝက ပျက်စီးခဲ့ကြသော လူတို့ထုပ္ပတ်ဘဝဇာတ်များကို ပြန်လည်စဉ်းစားဆင်ခြင်မိပါသည်။

ဤသတ္တလောကကြီးသည်ကား ယှဉ်ပြိုင်နေသော လောကကြီးဖြစ်နေသည်ကိုတွေ့ရပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်ဦးနှင့်တစ်ဦး၊ တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက်၊ တစ်လမ်းနှင့်တစ်လမ်း၊ တစ်အိမ်နှင့်တစ်အိမ်၊ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်နေကြသော လောကကြီးဖြစ်နေပါသည်။

ဂတိငါးပါးမှ မလွတ်မြောက်ကြသေးသော ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် မာန် မာနကိုယ်စီဖြင့်အသက်ရှင်လှုပ်ရှားသွားလာနေသည်ကိုတွေ့ကြရပါသည်။

- အာဏာရှိသူက အာဏာမာန်တက်ကြသည်၊
- ပစ္စည်းဥစ္စာကြွယ်ဝသူက ဓနမာန်တက်ကြသည်၊

- အဆင်းလှသူက အလှမာန်တက်ကြသည်၊
- ပညာတတ်သူက ပညာမာန်တက်ကြသည်၊
- အသံကောင်းသူက အသံမာန်တက်ကြသည်၊
- ခွန်အားရှိသူက ဗလမာန်တက်ကြသည်၊
- ငယ်ရွယ်သူက ငယ်မာန်တက်ကြသည်၊
- မျိုးရိုးဇာတိ မြင့်သူက မျိုးရိုးဇာတိမာန်တက်ကြသည်၊
- အဆိပ်ရှိသော မြွေကအဆိပ်မာန်တက်ကြသည်၊
- ဦးချိုရှိသော ကျွဲနွားတို့က ဦးချိုမာန်တက်ကြသည်၊
- ခြေသည်းရှိသော ခွေးကြောင်တို့က ခြေသည်းမာန်တက်ကြသည်။

ဤသို့အားဖြင့် ဤလောကတွင် ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည် မိမိတို့တွင် ကံကြမ္မာပေးထားသော အရာဝတ္ထုပစ္စည်းတို့ဖြင့် မာန်တက်နေကြပြီး ၃၁ ဘုံတွင် သံသရာလည်နေကြရသည်။

ပုဂ္ဂိုလ်သတ္တဝါများသည် မာန်ကိုအစွဲပြု၍ အချင်းချင်းဒေါသဖြစ်ကာ ခိုက်ရန်ဖြစ်ပွားနေကြသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်ပြည်နှင့်တစ်ပြည်၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်ဦးနှင့်တစ်ဦး၊ မာန်မာနဖြင့် ခိုက်ရန်ဖြစ်ပွားနေကြသည်။

ဤသည်မှာ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားကို ငါ ငါ ငါဥစ္စာငါ့ပိုင်သည်ဟုထင်တစ်လုံးနှင့် ထင်မှတ်ပြီး ကျင်လည်နေကြသောကြောင့် ဖြစ်ပါသည်။ မိမိကို တစ်စုံတစ်ယောက်က နိုင်ထက်စီးနင်း ကိုယ်အမူအရာနှုတ်အမူအရာတို့ဖြင့် စော်ကားလာလျှင်

"မင်းက ဘာကောင်လဲ ငါ့ကိုဘာထင်လဲ"

စသည်ဖြင့် ဒေါသအမျက်ထွက်ကြသည်မှာ မိမိခန္ဓာကို ငါဟုမှတ်ထင်သော မာနကြောင့်ပင်ဖြစ်ပါသည်။ ငါဟူသောမာနလေးက ပင့်လေလေ ဒေါသအမျက်ကထွက်လေ လေ၊ ဒေါသအမျက်ထွက်လေလေ မိမိဘဝပျက်လေလေကို သတိမထားမိကြ။

ငါနှင့်ငါသာနှိုင်းစရာမရှိဟု သွေးနားထင်ရောက်နေတတ်ကြသည်။ ဤသည်မှာ တရားမသိ တရားမရှိသော ပုထုဇဉ်လူသားတို့၏ဘဝနိယာမတစ်ခုပင် ဖြစ်ပါတော့သည်။

သတ္တဝါတို့၏ သန္တာန်၌ မာနတရားဖြစ်ပွားလာလျှင် ယင်းသတ္တဝါသည် ဆင်ခြင်ဉာဏ်ကင်းမဲ့သွားတတ်ပါသည်။ မိမိအတိုင်းအရှည်ကိုလည်းမသိတော့၊ မတူဘဲနှင့်လည်းတူသည်ဟု ထင်မှတ်သွားတော့သည်။

ပုဂ္ဂိုလ်သတ္တဝါသန္တာန်၌ မာန်ဝင်လာသော် ဘုန်းရှင်ကံရှင်ဖြစ်သော်လည်း တစ္ဆေမြေဘုတ် ဘီလူးဝင်လာသောသူ ကဲ့သို့လည်းကောင်း၊ ဉာဏ်ပညာမဲ့သော ကျွန်ကဲ့သို့လည်းကောင်း၊ အလိမ္မာကင်းပျောက်သော အမှားကိုပြုလုပ်မိ၍ ဘဝသံသရာ၌ ဒုက္ခရောက်ရသည်မှာ ဘုရားဖြစ်တော်မူစဉ် ဝိပါက်အကျိုးက ထင်ရှားနေပါသည်။

ဘုရားလောင်း၏ တစ်ခုသောဘဝဝယ်မင်းဖြစ်၍ မင်း၏မာန်မာနဖြင့် ယောကျ်ားတစ်ယောက်ကို ကိုယ်တိုင်လှံဖြင့် ထိုးဆွသတ်ခဲ့ဖူးသည်။ ထိုမကောင်းမှုကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး နောက်ဆုံးဘုရားဖြစ်သောဘဝဝယ် ဒေဝဒတ်၏ ကျောက်မောင်းဆင်လုပ်ကြံသောဒဏ်ကြောင့် ခြေမတော်ကို ဓားဖြင့်ခွဲကုသခံရသော ဝဋ်ကြွေးကိုပေးဆပ်သွားရပါသည်။

ဘဝသံသရာဝယ်ကျင်လည်နေကြရသော သတ္တဝါဟူသမျှတို့တွင် ဉာဏ်ကြီးရှင် ပါရမီရှင်ဘုရားလောင်း သူတော်ကောင်းကြီးမှာသော်မှမာနနှင့်မကင်းကွာနိုင်ဘဲရှိရာ ထိုမာနဟူသောမာန်သည် သတ္တဝါတို့အတွက် မည်မျှကြောက်စရာကောင်းလှသည်ကို သတိပြုမိကြရန်လိုအပ်လှပါသည်။

ထိုမာနနှင့်ပတ်သက်၍ မာနဟူသည်အဘယ်နည်း။ ထိုမာနနှင့်ပတ်သက်၍ ဉာဏ်ကြီးရှင်ဘုရားသခင်က ဘယ်လိုများဖွင့်ဆို ရှင်းပြဟောခဲ့ပါသလဲ လေ့လာသင့် သိသင့်သည်ဟု ထင်မိပါသည်။

# အခန်း(၂)

## မာနဟူသည်

ပုဂ္ဂိုလ်သတ္တဝါတို့ကို သံသရာ၌ တစ်ပြောင်းပြန်ပြန်ဖြင့် ကျင်လည်အောင်ပြုလုပ်တတ်သော တရားသုံးပါးရှိသည်ဟု ဘုရားရှင်ကမဟာနိဒ္ဒေသ ခန္ဓသုတ်ထေရ အပါဒါန်တို့၌ အကျယ်တဝင့် ဟောကြားခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။

ယင်းတရားသုံးပါးမှာ –

– တပ်မက်လိုချင်ခြင်း တဏှာ

– မာန်ယစ်ခြင်း မာန

– အမှားနှလုံးသွင်းခြင်း ဒိဋ္ဌိ

တို့ဖြစ်သည်။ ဤသုံးပါးကို ပါဠိဘာသာအားဖြင့် ''ပပဉ္စ'' တရားဟုခေါ်ပြီး မြန်မာလိုအဓိပ္ပါယ်ကမူ

''အကျယ်ချဲ့ခြင်း၊ ချဲ့ထွင်ခြင်း၊ ထင်ရှားစွာပြခြင်း၊ ရောက်စေခြင်း၊ ညစ်နွမ်းခြင်း'' ဟူသောအဓိပ္ပါယ်ရပါသည်။

ထိုပပဉ္စတရားသုံးပါးနှင့် ပတ်သက်၍ သင်္ဂဇာဆရာတော်ဘုရားကြီးက သူ၏ကာယပစ္စဝေက္ခဏာကျမ်း၌

''ထိုပပဉ္စခေါ် သံသရာနယ်ချဲ့တရားသုံးပါးသည် သတ္တဝါတို့ကို ဘဝတည်းဟူသော စက်ယန္တရား၌ တပ်လှန့်ကုန်လျက် ဘဝတည်းဟူသောစက်ယန္တရားမှ ကြာမြင့်စွာ လွတ်ခွင့်မပေးကြကုန်။ ထိုနယ်ချဲ့တရားတို့၏အလိုသို့ လိုက်နေကြသော သူတို့သည် ဘုံသုံးပါးတည်းဟူသောညွန်ပြောင်း၌ တစ်မြုပ်တည်းမြုပ်ကြကုန်လျက် ကြာမြင့်စွာ ဆင်းရဲခြင်းသို့ ရောက်ကြကုန်၏''

ဟုရေးသားထားခဲ့သည်ကို တွေ့ပါသည်။

ထိုအရာသုံးပါးနှင့်ပတ်သက်၍ ဘုရားရှင်က

- မှားသောအယူ(ဒိဋ္ဌိ)သည် ခန္ဓာငါးပါး၌ အထည်ကိုယ်အနှစ်သာရ အမာခံ အတ္တသည် ဧကန်ရှိသည်ဟု စွဲလမ်းသည်။
- ထောင်လွှားမှု (မာန)သည် ထိုအတ္တကိုပင် ငါဟု မှတ်ထင်၍ ငါမြတ်သည် ငါတော်သည်ဟု အထင်အမြင်ကြီးကာစွဲလမ်းသည်။
- လိုချင်မှု (တဏှာ)သည် ဒိဋ္ဌိမာနတို့အရင်းခံမှုကြောင့် ရုပ်နာမ်နှစ်ပါးဟူသော ခန္ဓာငါးပါးတို့ကို ငါပိုင်သည် ငါဆိုင်သည်ဟုအားရနှစ်သက် မြတ်နိုးစွဲလမ်းသည်။

ဤစွဲလမ်းမှု အမြင်သုံးပါးသည် အမှားစွဲလမ်းမှု အမြင်တို့သာဖြစ်သည်'' ဟုဟောတော်မူခဲ့ပါသည်။

ဤစွဲလမ်းမှုအမြင်သုံးပါး ရှိနေသမျှ ကာလပတ်လုံး သတ္တဝါအနန္တတို့သည် ၃၁ ဘုံသံသရာထဲဝယ် ဝဋ်လည်၍မဆုံး ခန္ဓာတွေမရပ်မစဲ ထပ်တလဲလဲဖြစ်ကာ တစ်မြုပ်ထဲမြုပ်ပြီး တမျောထဲမျောနေကြရမည်သာဖြစ်သည်။

သံသရာနယ်ချဲ့တရားတွင် ပါဝင်သော ဤမာနကို ဘုရားရှင်က မိမိတရားတွင် မည်သည့်နေရာ၌ မည်သို့ဖွင့်ဆိုဟောထားခဲ့ပါသနည်းဟု လေ့လာရပါမည်။

မာနသည်ပါဠိစကားဖြစ်၏။ မြန်မာတို့က ထိုပါဠိစကားကို

မြန်မာလို မာနဟူသော ဝေါဟာရဖြင့်နားလည်ထားသည်။

- ဒီကောင် မာနသိပ်ကြီးတယ်၊
- ဒီဟာမ သိပ်မာနကြီးတယ်၊

စသည်ဖြင့် မာနကိုတိုက်ရိုက် ''မာန်'' ဟုဘာသာပြန်ပြီး သုံးစွဲကြလေ့ရှိသဖြင့် မြန်မာတို့နှင့်ရင်းနှီးနေသော စကားဖြစ်သည်။

ထိုမာနဟူသော စကားကိုအဘိဓာန်တို့၌ ဖွင့်ဆိုထားသည်မှာ

- မြတ်နိုးနှစ်သက်ခြင်း
- မြတ်နိုးနှစ်သက်တတ်သူ
- နှိုင်းယှဉ်ခြင်း
- မာန်မူးခြင်း

ဟူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

အဘိဓမ္မတ္ထသင်္ဂဟ၌ မာနကို ''တံခွန်ကဲ့သို့ ထောင်လွှားသည်၊ မောက်မာသည်'' ဟုဖွင့်ဆိုထားပါသည်။

ဆရာတော် ဦးဇနက၏ သင်္ဂြိုဟ်ဘာသာဋီကာ၌မူ ''ငါတကား ဟုထောင်လွှားပြလျက် မှတ်ထင်သည်၏အဖြစ်ကြောင့် မာနမည်၏၊ ထောင်လွှားတတ်ခြင်း လက္ခဏာရှိ၏'' ဟုဖွင့်ဆိုရေးပြထားသည်ကို တွေ့ရ၏။

''ထူးကဲမြင့်ချွန်၊ တံခွန်ပမာ၊ အရာရာဝယ်၊ ကံသာခြင်းကို လိုလားသူအဖြစ် မိမိကမြှောက်ကြွသည့်အားလျော်စွာ ယှဉ်ဘက်တရားတို့ ကိုလည်း မြှောက်ကြွကြွနေအောင် ချီးပင့်မြှောက်စားခြင်းသည် မာန၏ ကိစ္စဖြစ်သည် ဟုဖွင့်ဆိုပြထားသည်ကိုလည်းတွေ့ရပါသည်။

လယ်တီဆရာတော် ဘုရားကြီး၏ ဒီပနီ၌ ''မာနဆိုသည် ကားအထင်မှားခြင်းတည်း၊ ငါမဟုတ်သော နာမ်ရုပ်တို့ကို ငါဟုထင်ခြင်း၊ ငါကိုပင်အမျိုးမျိုးစွဲ၍ ယုတ်သည်မြတ်သည်ဟုထင်ခြင်း၊ အနွယ်ကို စွဲ၍ ယုတ်သည်မြတ်သည်ဟုထင်ခြင်း စသည်တည်း''

ဟုဖွင့်ဆိုရေးသားထားသည်ကိုလည်းတွေ့ရပါသည်။

မာန၏ လက္ခဏာနှင့်ပတ်သက်၍ ခွဲခြားလာကြည့်လျှင်

- မာနသည် အဆင်းကိုပျက်စေတတ်၏၊
- ကိုယ်အမူအရာ နှုတ်အမူအရာကြမ်းတမ်းလာစေ၏။
- တစ်ဖက်သားကို အထင်သေးခြင်း၊ အရေးမစိုက်ခြင်း၊ မထေမဲ့မြင်ပြုခြင်း၊ အပြောအဆို ခက်ထန်မာကြော ကြမ်းတမ်းလာစေတတ်၏ ဟူသောလက္ခဏာများကိုတွေ့ကြရပါမည်။

ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦးသည် မာနစိတ်ဝင်လာသည်ရှိသော် ထိုသူသည် သူတစ်ပါးထက်သာလွန်သော အလှရှိသူ၊ အဆင်းရှိသူဖြစ်သော်လည်း အကျည်းတန် အရုပ်ဆိုးသော ဘုတ်ပြိတ္တာ၊ တစ္ဆေအသွင်ကဲ့သို့ ဖြစ်ရသည်ဟုမြင်တွေ့ရမည် ဖြစ်ပါသည်။

သူ့တွင်မူလရှိနေသမျှ၊ သနားစရာဟူသမျှ၊ ချစ်စရာဟူသမျှ ခင်မင်စရာ မြတ်နိုးစရာဟူသမျှ၊ အသွင်အပြင်လက္ခဏာတို့သည် တောမီးသင့်သော မြက်ချုံနွယ်တို့ကဲ့သို့ သူ၏သွင်ပြင်တွင် ကွယ်ပျောက်ခန်းခြောက်ကုန်တော့သည်။

မာနဟူသော စေတသိက်သည် နာမ်တရားဖြစ်၍ လူတို့၏ ပကတိမျက်စိအသွင်ဖြင့် သဏ္ဌာန်ကိုထင်ရှားစွာ မမြင်နိုင်၊ မမြင်ကောင်းသော်လည်း ဥပမာပုံဖြင့်နှိုင်းဆကြည့်သော် လူတစ်ဦးကို ဖုတ်ပြိတ္တာတစ္ဆေ ဝင်ရောက်ပူးကပ်ပါက ထိုဖုတ်ပြိတ္တာတစ္ဆေအုက်တို့၏ ရုပ်အဆင်းအသွင် သဏ္ဌာန်ကို မမြင်ရသော်လည်း ဖုတ်ပြိတ္တာ တစ္ဆေဝင်ရောက် ပူးကပ်သော သူ၏အမူအရာကို မြင်တွေ့ကြရသဖြင့် ကြမ်းတမ်းသည့် နူးညံ့သည့် မည်သို့သောအသိအာရုံတွေ ရှိနေသည်စသည်ကို ခန့်မှန်း၍ သိရသကဲ့သို့ တစ်စုံတစ်ယောက်တွင် မာန်မာနဝင်လာခဲ့သည်ရှိသော် နတ်သား နတ်သမီး တမျှ လှပတင့်တယ် ချောမွတ်သောသူပင် ဖြစ်စေကာမူ ထိုသူ၏ တင်းမာသောမျက်နှာ ရှုံ့တွမျက်မှောင်ကုတ်သော မျက်နှာကြောင့် ရုပ်အဆင်း ဖောက်ပြန်ကာ ရှုချင်စရာမရှိအောင်ကြောက်လန့်ဖွယ် နှလုံးမသာယာဖွယ် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရပါသည်။

---

**မာနဖြစ်ပေါ်စေမှုအကြောင်း**

မာနကိုဖြစ်ပေါ်စေတတ်သော အနီးကပ်ဆုံးသောအကြောင်းသည်လိုချင်မှု တပ်မက်မှုနှင့် နှစ်သက်မှုလောဘတရားဟုဆိုပါသည်။

ဤလောကတွင် အကျိုးတရား တစ်ခုခုဖြစ်ပေါ်မှုတွင် ဆင့်ကဲဆင့်ကဲသော အကြောင်းတရားများရှိသည်မှာ သဘာဝတရားဖြစ်သည်ဟုဆိုပါသည်။

ဤမာနဖြစ်ပေါ်မှုတွင်

- သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ စသောကုသိုလ်တရားများ
- ရာဂ၊ ဒေါသ၊ မောဟ စသောအကုသိုလ်တရားများ
- ဇာတ်မြင့်ခြင်း အမျိုးအနွယ်မြင့်မြတ်ခြင်း စသောအကြောင်းများ
- လာဘ်လာဘပေါ်များခြင်း (တစ်နည်း) ဝေးသောအကြောင်းများကြောင့် စသောနောက်ခံအကြောင်းများ (တစ်နည်း) ဝေးသောအကြောင်းများရှိနေပြီး ထိုအကြောင်းများအနက်လောဘသည်သာလျှင် မာနဖြစ်ပေါ်လာမှု၌ အနီးကပ်ဆုံးသောအကြောင်းဖြစ်ပါသည်။

**မာနအမျိုးအစားလွန်များပြား**

ဤမာနသည် ပရမတ္ထတရားကိုယ်အားဖြင့် တစ်ပါးတည်းသာဖြစ်သော်လည်း မာနအမည်နှင့်မာနအမျိုးအစားက များလှပါသည်။

မာနသည် မိမိတည်းဟူသော မာနဖြစ်ပေါ်လာရာ အခြေခံအကြောင်းဖြစ်သော၊ ဂုဏ်ဒြပ်ဝတ္ထုအာရုံအရာကို စွဲ၍ဖြစ်ပေါ်လာရခြင်းကြောင့် မိမိဖြစ်ပေါ်လာရာ အခြေခံအကြောင်းဖြစ်သော ဂုဏ်ဒြပ်ဝတ္ထုတို့များပြားသလောက် မာနအမျိုးအမည်တို့သည် များပြားလှပါသည်။

ဘုရားရှင်က မာနနှင့်ပတ်သက်၍ မဟာနိဒ္ဒေသပါဠိတော်၊ နေတ္တိပါဠိတော်၊ ဝိဘင်္ဂပါဠိတော်တို့၌ အကျယ်တဝင့်ဟောကြားထားသည်

ကိုတွေ့ရပါသည်။ ခုဒ္ဒကဝိဘင်္ဂပါဠိတော်၌ မာနကိုအမျိုးအစားအလိုက် ခွဲခြား၍ ဟောကြားထားသည်ကိုတွေ့ရပါသည်။

၁။ အမျိုးကိုအစွဲပြု၍ မာန်တက်ခြင်း (ဇာတိမာန)
၂။ အနွယ်ကို အစွဲပြု၍ မာန်တက်ခြင်း (ဂေါတ္တမာန)
၃။ အနာရောဂါကင်းခြင်းကို အစွဲပြု၍ မာန်တက်ခြင်း (အာရောဂျမာန)
၄။ အရွယ်ကိုအစွဲပြု၍ မာန်တက်ခြင်း (ယောဗ္ဗနမာန)
၅။ အသက်ရှည်သည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ဇီဝိတမာန)
၆။ လာဘ်ကိုစွဲ၍ မာန်တက်ခြင်း (လာဘမာန)
၇။ ပူဇော်ခံရမှုကိုအစွဲပြု၍ မာန်တက်ခြင်း (သက္ကာရမာန)
၈။ အလေးအမြတ် ပြုခံ့ရသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ဂရုကာရမာန)
၉။ ပြဿနာဖြေရာ၊ ခရီးသွားရာနေရာတို့၌ မိမိအား ရှေးဦးစွာပြုစုသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ပုရေက္ခာရမာန)
၁၀။ သာမန်သူလိုငါလိုဘဝဖြင့် အခြံအရံများသည်ကို အစွဲပြု၍ မာန်တက်ခြင်း (ပရိဝါရမာန)
၁၁။ စည်းစိမ်ပြည့်စုံသည်ကို အစွဲပြု၍မာန်တက်ခြင်း (ဘောဂမာန)
၁၂။ အဆင်းလှပသည်ကို အစွဲပြု၍ မာန်တက်ခြင်း (ဝဏ္ဏမာန)
၁၃။ အကြားအမြင်ဗဟုသုတများသည်ကို အစွဲပြု၍ မာန်တက်ခြင်း (သုတမာန)
၁၄။ ဝေဖန်ပိုင်းခြားမှု ကျွမ်းကျင်မှု၌လိမ္မာသည်ကို အစွဲပြု၍မာန်တက်ခြင်း (ပဋိဘာနမာန)
၁၅။ ကြာမြင့်စွာနေ အပိုင်းအခြားသိသည်ကို အစွဲပြု၍ မာန်တက်ခြင်း (ရတ္တညုတမာန)
၁၆။ နေ့စဉ်ဆွမ်းခံဝတ်ပြုကျင့်သည်ကို အစွဲပြု၍ မာန်တက်ခြင်း (ပိဏ္ဍပါတိကမာန)

၁၇။ သူတစ်ပါးတို့က မိမိကိုအထက်တန်းစားဟု
အထင်အမြင်ကြီးမှုကို အစွဲပြု၍
မာန်တက်ခြင်း (အနာညာတမာန)

၁၈။ မိမိ၏သွားလာနေထိုင်ပုံသည် သူတစ်ထူးတို့၏
စိတ်ကိုကြည်လင်မြတ်နိုးစေသည်ဟု ဣရိယာပုတ်ကို
အစွဲပြု၍ မာန်တက်ခြင်း (ဣရိယပထမာန)

၁၉။ မိမိဆောင်ရွက်မှုပြီး၍ တန်ခိုးကြီးရသည်ကို
အစွဲပြု၍ မာန်တက်ခြင်း (ဣဒ္ဓိမာန)

၂၀။ မိမိကအကြီးအကဲအဖြစ် အစိုးရမှုအပေါ် အခြံအရံ
အသိုင်းများသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ယသမာန)

၂၁။ မိမိကအကျင့်သီလပြည့်စုံသည်ကိုအစွဲပြု၍
မာန်တက်ခြင်း (သီလမာန)

၂၂။ မိမိတတ်ထားသောအတတ်ပညာကို အစွဲပြု၍
မာန်တက်ခြင်း (သိပ္ပမာန)

၂၃။ ဈာန်ရမှုကို အစွဲပြု၍ မာန်တက်ခြင်း ( ဈာနမာန)

၂၄။ ကိုယ်ခန္ဓာ အရုပ်အမောင်းကောင်းမှုကို အစွဲပြု၍
မာန်တက်ခြင်း (အာရောဟမာန)

၂၅။ ခန္ဓာကိုယ်လုံး ကိုယ်ပေါက်အလုံးအဝန်းကို
အစွဲပြု၍ မာန်တက်ခြင်း (ပရိကာတမာန)

၂၆။ မိမိခန္ဓာကိုယ်ကျော့ရှင်းလှပမှုကို အစွဲပြု၍
မာန်တက်ခြင်း (သဏ္ဌာနမာန)

၂၇။ မိမိကိုယ်ခြောက်ပစ်ကင်း သဲလဲစင်ဘဝကို
အစွဲပြု၍ မာန်တက်ခြင်း (ပါပရိယူရိမာန)

၂၈။ လာဘ်ရသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (လာဘမာန)

၂၉။ လာဘ်မရသည်ကို အစွဲပြု၍ မာန်တက်ခြင်း (အလာဘမာန)

၃၀။ အခြံအရံနည်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (မယသမာန)

---

ဆုပြည့်စုံထွန်းစာပေ

၃၁။ ချီးမွမ်းခံရမှုကို အစွဲပြု၍ မာန်တက်ခြင်း (ပသံသမာန)
၃၂။ ကဲ့ရဲ့မှုကို အစွဲပြု၍ မာန်တက်ခြင်း (နိန္ဒာမာန)
၃၃။ ချမ်းသာမှုကိုအစွဲပြု၍ မာန်တက်ခြင်း (သုခမာန)
၃၄။ ဆင်းရဲမှုကိုအစွဲပြု၍ မာန်တက်ခြင်း (ဒုက္ခမာန)
၃၅။ မျက်စိလှသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (စက္ခုမာန)
၃၆။ နားကောင်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (သောတမာန)
၃၇။ နှာခေါင်းကောင်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ဃာနမာန)
၃၈။ လျှာကောင်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ဇိဝှါမာန)
၃၉။ ကိုယ်ကောင်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ကာယမာန)
၄၀။ စိတ်ကောင်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (မနောမာန)
၄၁။ အဆင်းကိုအစွဲပြု၍ မာန်တက်ခြင်း (ရူပမာန)
၄၂။ အသံကောင်းသည်ကို အစွဲပြု၍ မာန်တက်ခြင်း (သဒ္ဒမာန)
၄၃။ အနံ့ကောင်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ဂန္ဓမာန)
၄၄။ အရသာကောင်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ရသမာန)
၄၅။ အတွေ့အထိကောင်းသည်ကိုအစွဲပြု၍ မာန်တက်ခြင်း (ဖောဋ္ဌဗ္ဗမာန)

အဲဒီမာန်တွေကို ထပ်မံခွဲခြားကြည့်ပြန်ကော့ မာန်(၂)မျိုးကို ထပ်မံတွေ့ရပြန်သည်။

**၁။ မိမိကိုယ်ကိုချီးမြှောက် အထင်ကြီးခြင်း (အတ္တုက္ကံသနမာန)**

ဤလောကမှာ အချို့သောပုဂ္ဂိုလ်တွေဟာ "ငါသာတတ်တယ်၊ ငါသာမြတ်တယ်၊ ငါသာတော်တယ်၊ ငါသာကောင်းတယ်၊ ငါသာလှတယ်၊ ငါသာစည်းစိမ်ရှိတယ်၊ ငါသာကြိုးစားတယ်" လို့ ကိုယ်ကိုချီးမြှောက်၍ ထောင်လွှား ပလွှား ဝါကြွား ပြောဆိုတတ်ကြသည်။ သွေးနားထင်ရောက်သည်။ ကိုယ့် ငါးချဉ်မှချဉ်သည် စသည်များသည် မိမိကိုယ်ကို အထင်ကြီး

ပြီးကိုယ့်ကိုချီးမြှောက်တဲ့မာန်ပဲ ဖြစ်ပါသည်။

မိမိ၌ တကယ့်အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ဖြူစင်သော စိတ်ထားကောင်းဖြင့်ပြောဆိုခြင်းကတော့ ကိုယ်ကိုချီးမြှောက် အထင်ကြီးရာ မာန်မရောက်ပါ။

သို့သော် မိမိတကယ်အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန် အတိုင်းတရားများကို –

– ခဏ ခဏထုတ်ဖော်ပြောဆိုခြင်း
– နေရာတကာ အရပ်ဌာနမရွေးပြောဆိုခြင်း
– ဂုဏ်ယူဝင့်ကြွားလို၍ ပြောဆိုခြင်း
– ထင်ပေါ်ကျော်ကြားလို၍ ပြောဆိုခြင်း
– လူအများ ချီးမြှောက်ချီးမွမ်းစေလို၍ ပြောဆိုခြင်း
– မိမိကိုကိုအထင်ကြီးစေလို၍ ပြောဆိုခြင်း

တို့သည် မဖြူစင် မဖြောင့်စင်း ကောက်ကျစ်သောသဘောမျိုး သက်ရောက်၍ ကိုယ်ကိုအထင်ကြီးချီးမြှောက်သော မာန်သဘောသက် ရောက်စေပါသည်။

## ၂။ သူတစ်ပါးတို့ကဲ့ရဲ့ရှုတ်ချခြင်း၊ အထင်အမြင်သေးခြင်းမာန် (ပရဝမ္ဘမာန)

ဤလောက၌ အချို့သော ပုဂ္ဂိုလ်များသည် မကဲ့ရဲ့ မရှုတ်ချ ထိုက်သူကို ကဲ့ရဲ့ရှုတ်ချပြောဆိုတတ်ကြသည်။ ပြစ်တင်ဝေဖန်တတ်ကြ သည်။ သူတစ်ပါးလုပ်သမျှကို အပြစ်မြင်တတ်ကြသည်။

ဤသည်မှာ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချလိုခြင်း၊ အထင်အမြင် သေးခြင်းမာန်ဖြစ်ပါသည်။

အမှန်တကယ်ကဲ့ရဲ့ရှုတ်ချထိုက်သူကိုကဲ့ရဲ့ရှုတ်ခြင်း၊အပြစ်တင်ထိုက် သူကို အပြစ်တင်ခြင်းတို့သည်ကား သူတစ်ပါးအား ကဲ့ရဲ့အပြစ်တင်ရာ မရောက်ပါ။

ဘုရားရှင်သည်ပင်လျှင် ကဲ့ရဲ့ရှုတ်ချထိုက်သော တပည့်များကို

အချည်းနှီး အလကားတန်ဖိုးမရှိသူ၊ ထင်းတုံးမျှလောက်ရှိသူဟု ခေါ်ဝေါ်ကဲ့ရဲ့ရှုံ့ချခဲ့သည်ကို ဝိနည်းပညတ်မှုများ၌ များစွာတွေ့ရပါသည်။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကိုချီးမြှောက်မှုအထင်ကြီးမှုမာန်၊ သူတစ်ပါးကိုအထင်သေးမှု ကဲ့ရဲ့လိုမှုမာန်အားကြီးသော် ရင်ထဲတွင် မျိုသိပ်မထားနိုင်ဘဲ နှုတ်ဖြင့်ဖြစ်စေ၊ မျက်နှာကိုယ်အမူအရာဟန်ပန် အနေဖြင့်ဖြစ်စေ ထုတ်ဖော်ပလွှား ဝါကြွားပြောဆိုတတ်ကြလေ့ရှိပါသည်။

မိမိမှ မိမိကောင်းသည်။ မိမိပညာမှပညာ မိမိဥစ္စာမှဥစ္စာစသည်ဖြင့် ထင်တစ်လုံးထင်ထားပြီး အခြားသူများ၏ ပညာဥစ္စာစသည်ကို မကောင်းထင်တတ်ကြလေ့ရှိသည်။

ထိုမာန်မျိုးရှိနေသော သူပုဂ္ဂိုလ်များသည် မိမိကိုယ်တိုင်က ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်ဉာဏ်မရှိသဖြင့် မိမိကိုယ်ကိုအထင်ကြီးပြီးသူတစ်ပါးကို အထင်အမြင်သေးပြီး အပြစ်မြင်လွယ်နေခြင်းဖြစ်သည်။

ထိုသူသည် သူတစ်ပါးအပေါ်၌ ယုံကြည်စိတ် အာဃာတစိတ်များနေသဖြင့် ဆိုဆုံးမခက်နေသူတစ်ဦးဘဝရောက်နေသည်ကို သတိမမူမိကြပါ၊ သတိသံဝေဂတရား ရမှုမရှိကြပါ။

အချို့ပုဂ္ဂိုလ်များသည် မိမိကိုယ်ကို အမွှမ်းတင်ချီးမြှောက်လေ့ရှိပြီးသူတစ်ပါးကိုမူ မိမိအောက်ယုတ်ညံ့သူ နှိမ့်ကျသူဟု ထင်မှတ်ပြီးကဲ့ရဲ့ပြစ်တင်ဝေဖန်မှုများတွင် ပြောပြတတ်လေ့ရှိသည်။

ထိုသူသည်အမှန်မှာ သူယုတ်မာဖြစ်သည်။ ဘုရားရှင်က အင်္ဂုတ္တိုရ်နိကာယ်သုတ်၌ မသူတော်တရားဆယ်ပါးကို ဟောကြားရာတွင် ''မိမိကိုယ်ကို ချီးမြှောက်ခြင်း'' ''သူတစ်ပါးအားနှိမ့်ချခြင်း'' ဤနှစ်ပါးကိုထည့်သွင်း၍ ဟောကြားထားသည်ကို တွေ့ရပါသည်။

အဘိဓမ္မာဆရာတို့က လူတစ်ကိုယ်မှာ ''ထင်'' သုံးလုံးရှိသည်ဟုပြောစမှတ် ဆိုစမှတ်ရှိပါသည်။

– ကိုယ့်ကိုယ်ငါဟုထင်သော ဒိဋ္ဌိထင်တစ်လုံး

- လောဘနှင့်ဒိဋ္ဌိ[illegible] ခွဲမရ၍ တဏှာကလည်း ထင်တစ်လုံး
- မာန်မာနကလည်းထင်တစ်လုံး

မာနအထင်ကြီးမှုကိုလေ့လာလျှင်

- ဟုတ်မှန်သောမာန
- မဟုတ်မှန်သောမာန

ဟူ၍နှစ်မျိုးကွဲပြားခြားနားနေပါသည်။

ပညာတတ်တစ်ယောက်သည် ကိုယ့်ကိုယ်ကို ပညာတတ်တစ်ယောက်ဟုထင်မှတ်ခြင်းသည် ဟုတ်မှန်သောမာနဖြစ်ပါသည်။

ဘာမှမတတ်ဘဲ ကိုယ့်ကိုယ်ကို ပညာတတ်ဟု ထင်မှတ်နေခြင်းသည် မဟုတ်မှန်သောမာနဖြစ်ပါသည်။

ဤလောကတွင် လူတို့သည် ဤထင်သုံးလုံးဖြင့် လူလုပ်နေကြသည်။ ဤသုံးခု မရှိလျှင် လူသည် တကယ့်[illegible]မှန်ကန်ကန်မဖြစ်တော့ဟုဆိုပါသည်။

တရားထိုင်သော ပုဂ္ဂိုလ်များ ပေါက်သွားသည်ဆိုသည်မှာ လူမှန်မဖြစ်၍ တရားလည်းမရဘဲပေါက်သွားသည်ဟု ပြောကြပါသည်။

ထို့ကြောင့် လောဘ၊ ဒိဋ္ဌိ၊ မာနဆိုသော တရားသုံးပါးသည် လူများ၌ ရှိကိုရှိရမည်။ တကယ်မပယ်နိုင်သေးဘဲနှင့် ပယ်သလိုလို ဘာလိုလို သွားလုပ်မိပါက ပေါက်သွားမည်သာဖြစ်ပါသည်။

သာမန်ပုထုဇဉ်ဘဝတွင် လူတစ်ကိုယ်လုံး ထင်သုံးလုံးရှိပါမည်။ ထိုထင်သုံးလုံးကို တရားနည်းလမ်းကျ စနစ်တကျပယ်သတ်နိုင်ရန်သာ ကြိုးစားအားထုတ်ကြရပါမည်။

**ရှင်မဟာရဋ္ဌသာရဖွဲ့ဆိုသောမာန်(၃)မျိုး**

အင်းဝခေတ် စာဆိုရှင်မဟာရဋ္ဌသာရသည် သူ၏စတုဓမ္မသာရကိုးခန်းပျို့အစတွင်

''ဇာတိပုည ဂုဏ်မာနဖြင့် သံပဟုံးစုံး ဘက်မဲ့ကြုံးသား''

ဟူ၍ မာန်သုံးမျိုးကို ခွဲခြားဖွဲ့ဆိုပြထားတာကို တွေ့ရပါသည်။ ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန်ဟုဆိုပါသည်။

ဇာတိမာန်ဆိုသည်မှာ ယနေ့မြန်မာများ မကြာခဏ ပြောနေသောအမျိုးသားဇာတိမာန်ဆိုတာ ဖြစ်ပါသည်။

ဤဇာတိမာန်နှင့် ပတ်သက်၍ ငါဟာမြန်မာလူမျိုးပဲ ငါဟာမင်းသားပဲ၊ ငါဟာ သူဌေးပဲ စသည်ဖြင့် ပြောဆိုကြသည်များရှိပါသည်။ မိမိ၌ ရှိနေသော အမျိုးသားဇာတိမာန်စိတ်ထားရှိခြင်းသည် မှန်ကန်သောစိတ်ထားမှန်ထားရှိခြင်းဖြစ်ပါသည်။

မိမိ၏ မျိုးရိုးဇာတိမာန် ရှိသောသူသည် မဟုတ်မမှန်ကန်သောအလုပ်၊ ယုတ်ညံ့အောက်တန်းကျသောအလုပ်ကို လုပ်မည်မဟုတ်ပါ။ တို့အဖေမျိုးရိုးကဘာ တို့မဟုတ်တာ မလုပ်သင့်ဘူး။ တို့မျိုးနွယ်ကဘာ တို့ဒီမကောင်းမှု မလုပ် [illegible] စသည်ဖြင့် မျိုးရိုးဂုဏ်ဇာတိဂုဏ်ကို ထောက်ထားပြီး မဟုတ်မမှန်တာမပြုခြင်း၊ ကြီးပွားချမ်းသာမှုကို အလိုရှိခြင်း လုပ်ကိုင်ဆောင်ရွက်ခြင်းများရှိရ၍ ဇာတိမာန်ဆိုသည်မှာ လူသားတိုင်းရှိအပ်သော မာန်ဖြစ်ပါသည်။

ဂုဏမာန်ဆိုသည်မှာ ပညာဂုဏ် သီလဂုဏ် သမာဓိဂုဏ်ရှိမှုကိုခေါ်ပါသည်။

မိမိဟာ အထက်တန်းစားတစ်ယောက်ဆိုပါလျှင် ငါဟာပညာတတ်လူတန်းစား တစ်ယောက်ပဲဟု ပညာမာန်ရှိရမည်။ ထမင်းပေါ်သွားထင်ရာလုပ်သူနှင့် ငါနှင့်အတူတူဟုဆိုက ထိုသူမျိုးကိုစိုးသူ့အမှုသူဖြစ်ပါသည်။

ငါဟာ ခေတ်ပညာတတ်တစ်ယောက်ပဲ၊ ငါဟာ ဘွဲ့ရတစ်ယောက်ပဲ၊ ငါဟာ မဟုတ်တဲ့အလုပ်တွေ မလုပ်သင့်ဘူး။ အောက်တန်းကျတဲ့အလုပ်မျိုးတွေ အကုသိုလ်အလုပ်မျိုးတွေ မလုပ်သင့်ဘူးဟု ဆုံးဖြတ်ပြီးမပြုလုပ်ဘဲ ထိန်းသိမ်းထားမှုမှာ ဂုဏမာန်ကြောင့်ဖြစ်ပါသည်။ ထိုမာန်မျိုးက လူတိုင်းထားရမည့် မာန်ဖြစ်ပါသည်။ မိမိဂုဏ်သိက္ခာအတွက်

---



၂၄၅၇၂

ထိန်းသိမ်းစောင့်ရှောက်မှုမှာ ဂုဏမာန်ဖြစ်ပါသည်။

ဂုဏမာန်ဆိုသည်မှာ ပညာတတ်မှု သီလရှိမှုအပေါ် မူတည်ပြီး မိမိမှာ တကယ်ရှိနေသည်ကို တကယ် ထိန်းသိမ်းစောင့်ရှောက်ခြင်းမျိုး ဖြစ်ပါသည်။

ပုညမာန်ဆိုသည်မှာ ဘုန်းကံကို ဆိုလိုပါသည်။ လူတွင် ဘုန်းကံရှိသူ ဘုန်းကံမရှိသူဟူ၍နှစ်မျိုးရှိပါသည်။

လောကမှာ မွေးလာကတည်းက လက်မွေးမီးမလောင်၊ ခြေမွေးမီးမလောင် ချမ်းချမ်းသာသာနေရသူများမှာ ရှေးဘုန်း၊ ရှေးကံရှိသူများ ဖြစ်ပါသည်။

ထိုသူမှာရှိသည့်မာန်ကို ပုညမာန်ဟုခေါ်ပါသည်။ ဘုရင့်သားတော်သမီးတော် သူဌေးသူကြွယ်သားသမီးစသည်တို့ကို ဘုန်းကံရှိသူများဟုခေါ်ပါသည်။

ထိုသူများသည် ဘုန်းကံမရှိသောသူနှင့် ငါအတူတူပဲဟု ယူဆပါက ဘုန်းကံရှိသော သူများပျက်စီးသွားနိုင်ပါသည်။

ကိုယ်က မျိုးရိုးဇာတိမကောင်းဘဲနှင့် ကောင်းသည်ဟုယူဆသည့်မာနမျိုး

– ကိုယ်က ဂုဏ်မရှိဘဲနှင့် ဂုဏ်ရှိယောင်ဆောင်သည့်မာနမျိုး

– ဘုန်းကံမရှိဘဲနှင့် ဘုန်းကံရှိယောင်ဆောင်သည့်မာနမျိုး

ဤမာနမျိုးများသည် အလွန်ဆိုးသောမာနမျိုးဖြစ်ပါသည်။

လူတစ်ယောက်တွင် မိမိမျိုးရိုးဇာတိမာန်ရှိရပါမည်။ မျိုးရိုးဇာတိမာန်ကိုထောက်၍ ဂုဏမာန်ရှိရပါမည်။

ယနေ့လူ့လောကတွင်ရှိ လူသားတိုင်းသည် ဤမာနဖြင့် လူလုပ်နေကြပါသည်။

**မာန်(၉)မျိုး**

''အယုတ် အလတ် အမြတ်ပိုင်းခြား သုံးပါးတိုင်တည် ကိုးခ

မည်ဖြင့် ရှည်စွာခလောက် မိုးရှိမြောက်သား အစောက်မတ်မတ် မာန်တောင်ထွတ်ကို''

ဝိဘင်းပါဠိတော်လာ မာန်(၉)မျိုးကို အင်းဝခေတ်စာဆိုရှင် မဟာသီလဝံသက ဆုတောင်းခန်းပျို့တွင် ရေးသားထားသည်ကို တွေ့ရပါသည်။

မာန်(၉)မျိုးတွင်အဓိကသုံးမျိုးဖြစ်ပါသည်။ ယင်းမှာ

၁။ သေယျမာန် - အထက်တန်းစား (အမြတ်)

၂။ သဒိသမာန် - တန်းတူရည်တူ (အလတ်)

၃။ ဟီနမာန် - အောက်တန်းစား (အယုတ်)

**သေယျမာန်ဆိုသည်မှာ** - ပစ္စည်းဥစ္စာ ဂုဏ်သိက္ခာ ပညာ ရာထူး အဆင့်အတန်း စသည်အားဖြင့် သူများထက်သာသည်ဟုမှတ်ထင်ခြင်းမျိုး ဖြစ်သည်။

ယင်းမာန်ဖြစ်ပေါ်လာလျှင် ငါသည်သူတစ်ပါးထက်အမျိုးအနွယ် စည်းစိမ်ဥစ္စာ၊ ခွန်အား၊ ရုပ်အဆင်း ပညာ ခြွေရံသင်းပင်း ရာထူးအာဏာ စသည်အားဖြင့် မြင့်မြတ်သည်အထက်တန်းကျသည်ဟုယူဆလာသည်။

ယင်းသို့ယူဆလာသောအခါ တစ်ဖက်သားကိုအဖက်မတန်သလို ပြောဆိုပြုမူ ဆက်ဆံခြင်းမျိုး ဖြစ်လာသည်။

အထက်တန်းစားပုဂ္ဂိုလ်သည် ငါဟာအထက်တန်းစား ပုဂ္ဂိုလ်ပဲ သူတို့နှင့်ငါမတူဘူး၊ ငါ့လိုအထက်တန်းစားပုဂ္ဂိုလ်ဟာ မကောင်းတဲ့အလုပ်တွေမလုပ်သင့်ဘူးဟု မိမိဂုဏ်ကို ထောက်ထားပြီး မကောင်းသောအမှုကိုရှောင်ကြည်သော မာန်သည် မှန်သောမာန်ဖြစ်ပါသည်။ ထိုကဲ့သို့

သော အထက်တန်းစားပုဂ္ဂိုလ်က အထက်တန်းစားမာန်ထားခြင်းသည် မှန်သောမာန်ဖြစ်၍ ထိုမာန်ကိုမချရပေ။

အထက်တန်းစားပုဂ္ဂိုလ်က ငါဟာလမ်းပေါ်က လူတွေနှင့် အတူတူဘဲဟု စိတ်ကိုအောက်ချလိုက်လျှင် ထိုလူသည် ပျက်စီးသွားမည်သာဖြစ်သည်။ မရှိသင့်သော မာန်မျိုးလည်းဖြစ်သည်။ မရှိသင့်သော မာန်မျိုးလည်းဖြစ်သည်။ အထက်တန်းစား ပုဂ္ဂိုလ်များလည်း တစ်ခါတရံ အောက်တန်းစားမာန်ဖြစ်ပြီး အကုသိုလ်အမှုတွေ ပြုတတ်သည်ကိုလည်း တွေ့ရတတ်သည်။

သဒိသမာန်ဆိုသည်မှာ - ပစ္စည်းဥစ္စာ ရာထူးအဆင့် စသည်အားဖြင့် သူတို့နှင့်ငါဘာထူးသလဲဟု ထင်မှတ်ခြင်းမျိုး ဖြစ်သည်။

ထိုမာန်ဖြစ်ပေါ်လာလျှင် ငါသည်အမျိုးအနွယ်၊ စည်းစိမ် ဥစ္စာ၊ ခွန်အား အဆင့်ပညာ ခြွေရံသင်းပင်း ရာထူးအာဏာ စသည်အားဖြင့် သူနှင့်ငါအတူတူဖြစ်၍ သူ့ကိုအရေးစိုက်စရာ မလိုဟုယူဆလာသည်။

ယင်းသို့ယူဆလာသောအခါ သူတစ်ပါးအား ရိုသေလေးစားမှုမပြုနိုင်အရေးတယူ ဂရုတစိုက် မဆက်ဆံနိုင်တော့။ ပခုံးချင်းယှဉ်လာ၏။ ဂုဏ်တုဂုဏ်ပြိုင်ပြောဆို ပြုမူဆက်ဆံ လာတတ်သည်။

အလတ်တန်းစား လူတစ်ယောက်သည် မိမိကိုယ်ကို အလတ်တန်းစားမှန်းသိပြီး ခံယူထားခြင်းမှာ မှန်ကန်သောမာန်ဖြစ်ပါသည်။

မိမိက အလတ်တန်းစားဖြစ်ပြီး အထက်တန်းစား ပုဂ္ဂိုလ်နှင့်

ခြေရာတိုင်းလျက် အထက်တန်းစားပုဂ္ဂိုလ်တွေနှင့် ပြိုင်က ထိုလူ၏မာန်သည် ပျက်စီးသော မာန်ဖြစ်ပါသည်။

လူကအလတ်တန်းစားဖြစ်ပြီး ငါဟာ အထက်တန်းစား ပုဂ္ဂိုလ်တွေနှင့်ဘာထူးသလဲဆိုပြီးတော့ အထက်တန်းစားပုဂ္ဂိုလ်တွေ သုံးသလို ဖြုန်းသလို စားသလို သောက်သလို ဝတ်သလို လိုက်လုပ်နေက ထိုပုဂ္ဂိုလ်သည်မုချပျက်စီးမည်သာ ဖြစ်ပါသည်။

**ဟီနမာန်ဆိုသည်မှာ** – ပစ္စည်းဥစ္စာ ရာထူးအဆင့် ဂုဏ်သိမ်ပညာအဆင်းစသည် အားဖြင့် ''သူတို့အောက်ကျတော့ကော ဘာအရေး စိုက်ရမှာလဲ'' မှတ်ထင်ခြင်းမျိုးသည် ဟီနမာန်ဖြစ်သည်။

ယင်းမာန်ဖြစ်ပေါ်လာလျှင် ငါသည် အမျိုးအနွယ် စည်းစိမ်ဥစ္စာ၊ ခွန်အား ရုပ်ဆင်းပညာ ခြွေရံသင်းပင်း ရာထူး အာဏာ စသည်အားဖြင့် သူအောက်နိမ့်ကျတော့ရော ဘာဖြစ်သလဲ ဘာအရေးစိုက်စရာလိုသလဲဟု ယူဆလာသည်။

ယင်းသို့ ယူဆလာသောအခါ မိမိကနိမ့်ကျနေမှန်းသိပါလျက် မိမိ ကိုယ်ကို မနှိမ့်ချနိုင်ဘဲ ကိုယ့်ထမင်း ကိုယ်စားနေတာဘဲ မွဲတေဆင်းရဲတာ ဘာဖြစ်သလဲ သူ့ဘာသာသူချမ်းသာတာ ငါဘာအရေးစိုက်စရာလိုသလဲဟု မထီလေးစား ဆက်ဆံလာခြင်းမျိုး ဖြစ်လာတတ်သည်။

ထိုမာနမျိုးသည် မှားသောမာနမျိုးဖြစ်သည်။ အောက်တန်းစား ပုဂ္ဂိုလ်တစ်ယောက်သည် ငါဟာလူထဲမှာ အောက်တန်းစားအကျဆုံးပဲဟု မိမိကိုယ်ကို ခံယူထားသော မာနမျိုးသည် မှန်သောမာနမျိုးဖြစ်သည်။

သို့အတွက် လူသည်ကိုယ့်အတိုင်းအတာကို ကိုယ်သိရမည်ဟု ဆိုသည်မှာ ထိုမှန်သောမာနကိုပြောဆိုခြင်း ဖြစ်သည်။

ကိုယ်အတိုင်းအတာအရ ငါဟာ ဘယ်လိုလူလဲ ဘယ်အဆင့်မှာ ရှိလဲဟု သိရပါမည်။

အောက်တန်းစားဘဝက အထက်တန်း ရောက်အောင်ကြိုးစား မယ်ဟုမာန်ထားခြင်းမျိုးသည် မှားသောမာန်မဟုတ်ပါ။

လူကအောက်တန်းစား ဖြစ်ပါလျက် စိတ်ကအထက်တန်းစား ပုဂ္ဂိုလ်များနှင့် တန်းတူထင်နေလျှင် မဟုတ်မှန်သောမာန ပျက်စီးဖို့မာန ဖြစ်ပေမည်။ လူနေချုံကြား စိတ်နေဘုံဖျား ဆိုသော စိတ်သည်မှားသော မာနဖြစ်သည်။

ဤလောကတွင် အမြတ် အလတ် အယုတ်ဟူသော မာန်(၃) မျိုးရှိသလို ပုဂ္ဂိုလ် (၃) မျိုးရှိသည့်အနက်

အထက်တန်းစား ပုဂ္ဂိုလ်မှာ အထက်တန်းစားမာနရှိသော မာနဖြစ်သည်။ ငါသည် အလတ်တန်းစား အောက်တန်းစာကထင်နေက မဟုတ်မမှန်သော မာနဖြစ်ပါသည်။

အလတ်တန်းစားသည် အလတ်တန်းစားမာန်ရှိရပါမည်။ အလတ်တန်းစားပုဂ္ဂိုလ်သည် ငါသည်အထက်တန်းစားပုဂ္ဂိုလ်တွေ့နှင့် အတူတူပဲ၊ အောက်တန်းစားပုဂ္ဂိုလ်တွေနှင့်အတူတူပဲဟု ထင်မှတ်နေက မဟုတ်မမှန်သော မာနပျက်စီးသော မာနဖြစ်သည်။

အောက်တန်းစား ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုအောက်တန်းစားပဲ ဟုထင်နေက မှန်ကန်သောမာနဖြစ်သည်။ အောက်တန်းစား ပုဂ္ဂိုလ်က အထက်တန်းစားနှင့်အတူတူပဲ ၊ အလတ်တန်းစားနှင့်အတူတူပဲဟု ထင်မှတ်နေကမှားသောမာန ပျက်စီးသောမာနဖြစ်ပေမည်။

ရှင်မဟာသီလဝံသဆရာတော်က မာန်ကိုးမျိုးနှင့် ပတ်သက်၍ ''အယုတ်၊ အလတ်၊ အမြတ်ပိုင်းခြားသုံးပါးတိုင်တည် ကိုးခုမည်ဖြင့်'' ဟုဖွဲ့ဆိုထားသည့်အတိုင်း

သေယျအမြတ်ပုဂ္ဂိုလ်မှာ – သေယျ၊ သဒိသ၊ ဟီန (အမြတ်၊ အလတ်၊ အယုတ်) အားဖြင့်(၃)မျိုး ရှိနေပါသည်။

သဒိသ (အလတ်)ပုဂ္ဂိုလ် – သေယျ၊ သဒိသ၊ ဟီန (အမြတ်၊ အလတ်၊ အယုတ်) အားဖြင့်(၃)မျိုး ရှိနေပါသည်။

ဟီန (အယုတ်)ပုဂ္ဂိုလ် – သေယျ၊ သဒိသ၊ ဟီန (အမြတ်၊ အလတ်၊ အယုတ်) အားဖြင့်(၃)မျိုး ရှိနေပါသည်။

ဤသို့အားဖြင့် မူလ (၃)ခုတည်း (၃)မျိုးနှင့် မြှောက်၍ (၉)မျိုးဖြစ်နေရပါသည်။

ပုဂ္ဂိုလ် (၃)မျိုးတွင် တစ်မျိုးတစ်မျိုးမှာ မာန (၃)မျိုးဖြစ်နိုင်ပါသည်။

သေယျ (အမြတ်) ပုဂ္ဂိုလ်မှာ – သေယျမာန်ရှိခြင်းသည်အမှန်တကယ်မိမိ၌ရှိသော ဂုဏ်ကိုစွဲ၍ကျန်မာန်နှစ်ခုကမှားသောမာန်ဖြစ်ပါသည်။

သဒိသ(အလတ်) ပုဂ္ဂိုလ်မှာ – သဒိသမာန်ရှိခြင်းသည်အမှန်တကယ်ရှိသော ဂုဏ်ကိုစွဲ၍ဖြစ်သောကြောင့် မှန်ကန်သောမာန်ဖြစ်ပါသည်။ ကျန်မာန်နှစ်ခုက မှားသောမာန်ဖြစ်ပါသည်။

ဟီန(အယုတ်) ပုဂ္ဂိုလ်မှာ – ဟီနမာန်ရှိခြင်းသည် မိမိမှာ

အမှန်တကယ်ရှိသော ဂုဏ်ကိုစွဲ၍ ဖြစ်သောကြောင့် မှန်ကန်သောမာန်ဖြစ်ပါသည်။

ကျန်မာန်နှစ်ခုက မှားသောမာန်ဖြစ်ပါသည်။

မှန်ကန်သော မာန်(၃)မျိုးသည် အလွန်နူးညံ့သိမ်မွေ့လှသဖြင့် လောကုတ္တရာတရားအရ အောက်မဂ် (၃)ပါးဟုခေါ်သော သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်တို့ဖြင့် မပယ်သတ်နိုင်၊ အရဟတ္တမဂ်ဖြင့်သာ အကြွင်းမဲ့ ပတ်သတ်နိုင်သည်ဟုလို့ ဘုရားရှင်က ဟောကြားထားပါသည်။

ဤမာန် (၃)မျိုးသည် ဘဝကိုနှစ်သက်စေတတ်သော တဏှာတရားနှင့် အတ္တကိုစွဲလမ်းတတ်သော သက္ကာယဒိဋ္ဌိတရားများကဲ့သို့ အပါယ်လားကြောင်း တရားများမဖြစ်၍ အပြစ်မကြီးလှပါသော်လည်း သုဂတိဘဝသံသရာလည်စေတတ်သော တရားဖြစ်၍ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့မပယ်သတ်နိုင်မီ အတင်းထကြွသောင်းကျန်း၍ မာန်မူခြင်းမဖြစ်ရလေအောင်တတ်နိုင်သမျှ ပယ်သတ်နိုင်အောင် ကြိုးစားကြရမည်ဟု ဆိုပါသည်။

ထိုသို့ပယ်နိုင်ချိုးနှိမ်နိုင်ပါမှ လောကီလူမှုဆက်ဆံရာတွင် အဆင်ပြေချောမွေ့ပြီး လောကုတ္တရာရေးရာတွင်လည်း နိဗ္ဗာန်နန်းစံနိုင်သည် အထိရောက်ရှိနိုင်မည်သာဖြစ်ပါသည်။

သေယျပုဂ္ဂိုလ်အား - သဒိသမာန် ဟီနမာန်
သဒိသပုဂ္ဂိုလ်အား - သေယျမာန် ဟီနမာန်
ဟီနပုဂ္ဂိုလ်အား - သေယျမာန် သဒိသမာန်

နှစ်မျိုးစီဖြစ်နေခြင်းသည် မိမိ၌ အမှန်တကယ်ရှိသော ဂုဏ်ကိုစွဲ၍ဖြစ်သောကြောင့် မှားသောမမှန်ကန်သော မာန်ဖြစ်နေပါသည်။

ဤမာန်(၆)မျိုးသည် အလွန်ရုန့်ရင်းကြမ်းတမ်း၍ သောတာပတ္တိမဂ်ဖြင့်ပယ်သတ်နိုင်ပါသည်။

ဤမာန်(၆)မျိုးတို့သည် အပါယ်လားရောက်စေတတ်သဖြင့် အပြစ်ကြီးလှပါသည်။

---

အပါယ်သံသရာသို့မလားရောက်လိုကြသော ပုဂ္ဂိုလ်အပေါင်းသည်ဤမှန်သောမာန် (၆)မျိုး မိမိသန္တာန်၌ မဖြစ်ပွားရလေအောင် သတိထား၍ ဆင်ခြင်နေရပါမည်။

## ငါနှင့်ငါသာအထင်ကြီးမာန (အတိမာန၊ အဓိမာန)

ဗုဒ္ဓစာပေပါဠိဝေါဟာရများ၌ အတိမာန–အဓိမာန၊ အသ္မိမာန မိစ္ဆာမာန၊ ကုသိုလ်မာန အကုသိုလ်မာန ဟူ၍ခေါ်ဝေါ်သော ဝေါဟာရများရှိနေပါသည်။ ဤဝေါဟာရများသည် မြန်မာလူနေမှုနယ်ပယ်တွင် ထင်ရှားခေါ်ဝေါ်နေသော မာနအမည်များဖြစ်ကြပါသည်။

အတိမာနဆိုသည်မှာ– သူတစ်ပါးတို့ထက် မိမိကသာလွန်သည် မြတ်သည်ဟု မိမိကိုယ်ကိုမှတ်ထင်နေမှု (သို့) မိမိကိုယ်ကို အလွန်ပင် အထင်ကြီးသော မာနမျိုးဖြစ်ပါသည်။

ဤမာန်သည် မြတ်သော (သေျှယျ) မာန်ပုဂ္ဂိုလ်စသည်ကဲ့သို့ ပုဂ္ဂိုလ်ကိုမသုံးသပ် မသုံးနှုန်းဘဲ ''လောက၌ အမျိုးအနွယ် စည်းစိမ်ဥစ္စာ ရုပ်အဆင်း အတတ်ပညာ စသည်အားဖြင့် လူလူချင်းနိုင်းယှဉ်လျက် ငါနှင့်တူသောသူမရှိ'' ဟုထင်မှတ် အထင်ကြီးခြင်းမျိုးဖြစ်ပါသည်။

ပုဂ္ဂိုလ် သတ္တဝါတို့၏ သန္တာန်၌ ယင်းအတိမာနဖြစ်လာခဲ့လျှင် စိတ်နေစိတ်ထား ကိုယ်နေကိုယ်ဟန် ထောင်လွှားတက်ကြွမှု ဖြစ်လာပါသည်။

သူတစ်ပါးကိုကျော်လွန်၍ မိမိကိုယ်ကို မိမိအလွန်အထင်ကြီးလာသည်။ မိမိကသာအရာရာသာမည်ဟု ထင်မှတ်လာပြီး ငါ ငါဟု လက်မထောင်ကာ သူတစ်ပါးအား အထင်သေးအမြင်သေးနှင့် ရိုင်းပျစွာ ဆက်ဆံပြောဆို ပြုမူလာတတ်ပါသည်။

အဓိမာနဆိုသည်မှာ – မိမိ၌ ဈာန်မဂ်ဖိုလ်ကို မရသေးဘဲနှင့် ရပြီဟုထင်မှတ်နေခြင်း (ဝါ) အထင်ကြီးနေခြင်းမျိုးဖြစ်သည်။

ဤအဓိမာနသည် အရိယာပုဂ္ဂိုလ်ဖြစ်ပြီးနှင့် သီလမရှိသော

ပုဂ္ဂိုလ်တို့၏အထံ၌ မဖြစ်ပေါ်ပါ။ သမထဝိပဿနာ အားထုတ်နေသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာဖြစ်ပေါ်တတ်ပါသည်။

အရိယာပုဂ္ဂိုလ်များသည် မိမိသန္တာန်၌ အမှန်တကယ်ရရှိပြီးသော မဂ်ဖိုလ်နိဗ္ဗာန်ကိုလည်းကောင်း၊ မိမိသန္တာန်၌ ပယ်ပြီးသော ကိလေသာ မပယ်သေးသောကိလေသာတို့ကို လည်းကောင်း ဆင်ခြင်သောအခါ အရိယာတို့၏ ဂုဏ်ကို သိမှု၌ ယုံမှားသံသယမရှိ အမှန်တကယ် သိသည်သာဖြစ်ပါသည်။

သီလမရှိသော ပုဂ္ဂိုလ်သည် ဝက်တိရစ္ဆာန် စသည်တို့က စန္ဒကူးနံ့သာကို အလိုမရှိသကဲ့သို့ အရိယာတို့၏ အသုံးအဆောင်ဖြစ်သော မဂ်ဖိုလ်ဖြစ်သောဂုဏ်ကို ရခြင်း၌ အလိုမရှိတတ်ပါ။ ထိုဂုဏ်ကိုလည်း ရရကောင်းမှန်းမသိကြပါ။

သီလရှိသောသူပင်ဖြစ်သော်လည်း သမထဝိပဿနာအားထုတ်မှုမပြုလုပ်ဘဲ အိပ်ငိုက်ခြင်းစသည့်၌ မွေ့လျော်နေကလည်း ယင်းအဓိမာနမဖြစ်နိုင်ပေ။

သမထဝိပဿနာ အားထုတ်သောသူသည်သာ မိမိသန္တာန်၌ အစွမ်းအာနုဘော်ကြောင့် (၁၀)နှစ်၊ နှစ်(၂၀)၊ အနှစ် (၃၀)၊ အနှစ် (၆၀) စသည်တိုင်အောင် ကိလေသာတရားကို ဖြစ်ပေါ်ခြင်းမရှိ၍

''ငါသည် သောတပန်ဖြစ်၏။ သကဒါဂါမ်ဖြစ်၏၊ အနာဂါမ်ဖြစ်၏၊ ရဟန္တာဖြစ်၏။ ငါသည် ဈာန်မဂ်ဖို့တရားကို ကြုံရပြီးဟု ထင်မှတ်မှုမျိုး၊ အထင်မှားမှုမျိုး၊ အထင်ကြီးမှုမျိုးများသည်သာ အဓိမာနဖြစ်သော်'' ဟုအဘိဓမ္မာ၌ ဖွင့်ဆိုထားသည်ကိုတွေ့ရပါသည်။

- မိမိကိုယ်ကို လေးပါးသောမဂ်တို့ဖြင့် ပြုထိုက်သည့်ကိစ္စကို မပြုအပ်သေးဘဲ ပြုအပ်ပြီးဟူ၍လည်းကောင်း၊
- သစ္စာလေးပါးတရားကို မရအပ်သေးဘဲ ရအပ်ပြီးဟူ၍ လည်းကောင်း
- အရဟတ္တမဂ်ဖြင့် မျက်မှောက်မပြုအပ်သေးဘဲ မျက်မှောက်ပြုအပ်ပြီးဟူ၍ လည်ကောင်း

မှတ်ထင် အထင်ကြီးမှုမျိုးသည်လည်း အဓိမာနဖြစ်သည်။ ယင်းသည် သမထဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်၌ဖြစ်နိုင်သည်ဟု ဆိုပါသည်။

အသ္မိမာနဆိုသည်မှာ – ခန္ဓာငါးပါးကိုစွဲ၍ ခန္ဓာငါးပါးကိုပင် ငါဖြစ်သည်ဟု အောက်မေ့ဆင်ခြင် မှတ်ထင်ခြင်းမျိုးဖြစ်ပါသည်။

မြတ်စွာဘုရားရှင်က အသ္မိမာနသဘောကို ဝိဘင်းပါဠိတော်နှင့်

''ရုပ်သည်ငါဖြစ်သည်ဟု မှတ်ထင်ခြင်းဖြစ်၏။ ရုပ်သည် ငါဖြစ်၏ဟုမာနသို့ အစဉ်လိုက်သော အနုသယဖြစ်၏။ ထို့အတူ ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ သည်ငါဖြစ်၏ဟု မှတ်ထင်ခြင်းဖြစ်သည်။ မာနသို့ အစဉ်လိုက်သော ဆန္ဒသည်ဖြစ်၏။ မာနသို့အစဉ်လိုက်သော အနုသယ သည်ဖြစ်၏။ ဤသို့ခန္ဓာငါးပါးကို ငါ၏ဖြစ်ရာဟု အောက်မေ့မှတ်တမ်း တင်သောမာနကို အသ္မိမာနဟုဆိုအပ်၏'' ဟူ၍ဟောတော် မူခဲ့ပါသည်။

ဤလောက၌ ပုထုဇဉ် သတ္တဝါအပေါင်းတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တစ်ပြည်နှင့်တစ်ပြည် တစ်ရွာနှင့်တစ်ရွာ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွား နေကြသည်မှာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ငါ ငါဟု ထင်သော အသ္မိမာနကြောင့်ဖြစ်ပါသည်။

မိစ္ဆာမာနဆိုသည်မှာ – လောက၌ အချို့သောပုဂ္ဂိုလ်များသည် ယုတ်ညံ့သောအသက်မွေးမှုအလုပ်အကိုင်ကိုအစွဲပြု၍ လည်းကောင်း၊ ယုတ်ညံ့သောလက်မှုအတတ်၊ နှုတ်မှုအတတ်ကို စွဲ၍လည်းကောင်း ယုတ်ညံ့သောအကြားအမြင် ဗဟုသုတကိုစွဲ၍ လည်းကောင်း ယုတ်ညံ့ သောမိစ္ဆာအယူကိုစွဲ၍လည်းကောင်း မာန်မူ မာန်တက်ခြင်းတို့ကို ဆိုလို ပါသည်။

ယင်းယုတ်ညံ့သော အလုပ်အကိုင်စသည်တို့ကို စွဲ၍ဖြစ်ပေါ် လာသော မာန်မျိုးကို မှားယွင်းသော မာန(မိစ္ဆာမာန)ဟူ၍ ဘုရားရှင်က ဟောကြားခဲ့ပါသည်။

ဤလောက၌ ယုတ်ညံ့သောမဟာရားလောဘဖြင့် အသက်မွေး

ဝမ်းကြောင်းပြုသူများ တံငါမုဆိုးများ သူခိုးဓားပြစသည်တို့သည် မိမိတို့ ပြုလုပ်နေသောအလုပ်ကို စွဲ၍မာန်တက်တတ်ကြသည်။

ယင်းပုဂ္ဂိုလ်တို့သည် မိမိ၏ လိမ်ညာကောက်ကျစ်နည်း၊ ခိုးနည်း ပိုက်ကွန်ချနည်း၊ မြှုံးထောင်နည်း၊ကျော့ကွင်းထောင်နည်း၊ သတ္တဝါတို့အား ညှဉ်းဆဲသတ်ဖြတ်နည်းစသောမကောင်းသော အတတ်ပညာနည်းများ အားမိမိကတတ်ကျွမ်းထားသည်ကို အကောင်းထင်ဂုဏ်ယူပြီး ငါသာလျှင် ဤအတတ်မျိုးတတ်သည် နားလည်သည်ဟု မိမိကိုယ်ကိုအထင်ကြီးခြင်း၊ မာန်တက်ခြင်း မာနမျိုးသည် မှားယွင်းသော မာန(မိစ္ဆမာန) ဖြစ်ပါသည်။

အချို့သော ပုဂ္ဂိုလ်များသည် ပစ္စုပ္ပန် တမလွန်ဘဝသံသရာတို့၌ အကျိုးမရှိ ကာမဂုဏ်အမှုကိုသာ ပွားစေတတ်သော ဒဏ္ဍာရီဝတ္ထု စသည်တို့၌ ရေးသားမှု၌လည်းကောင်း၊ မကောင်းသောစကားနှင့် စပ်သော မကြားဝံ့မနာသာ ကဗျာလင်္ကာသီချင်းစပ်ဆိုမှု၌ လည်းကောင်း၊ ဃရာဝါသဆက်ဆံမှုစသည်တို့၌ လည်းကောင်း၊ ငါတတ်သည် ငါသိသည် ငါသည်အကြားအမြင်ဗဟုသုတရှိသည်ဟု မိမိကိုယ်ကိုအထင်ကြီးခြင်းမျိုး များသည်လည်း မှားယွင်းသော မိစ္ဆာမာနမျိုးဖြစ်သည်။

အကျင့်နှင့်ပတ်သက်၍ အချို့ပုဂ္ဂိုလ်က ဆိတ်၊ နွား၊ ခွေးတို့၏ စားပုံ၊ သွားပုံ၊ လာပုံ အိပ်ပုံစသော အလေ့အကျင့် အပြုအမူတို့ကိုလိုက် ကာကျင့်ကြံအားထုတ်လျှင် ကိလေသာမှာစင်ကြယ်၏ဟု အယူရှိ၍ ထိုနွား ခွေးတို့အမူအကျင့်အတိုင်း ကျင့်ကြံကြသည်။

အချို့က သတ္တဝါသေလျှင် ပြတ်သည်၊ အချို့က သတ္တဝါအတ္တ သည်မြဲသည်ဟု မှားသောအယူ၌ စွဲ၍ကျင့်ကြံကြသည်။ ဤအကျင့်မျိုး ငါသာလျှင်ကျင့်နိုင်သည်။ ငါယူသောအယူသာမှန်သည်ဟု ထင်မှတ်အထင် ကြီးခြင်းသည် မှားသောမိစ္ဆာမာနပင်ဖြစ်ပါသည်။

ထိုမိစ္ဆာမာနသည် မာနတွင်အပါယ်လေးဘုံသို့ ကျရောက်တတ် သောမာနမျိုးဖြစ်၍ ကြောက်စရာအကောင်းဆုံး မာနမျိုးဖြစ်သည်။

ဘုရားရှင်လက်ထက်က ဘုရားနှင့်အယူဝါဒပြိုင်ဘက်ဖြစ်သော

ပုရာဏကဿပ မက္ခလိဂေါသာလစသော တိတ္ထိဆရာကြီး (၆)ဦးနှင့် တပည့်သာဝကများသည် ငါတို့၏အယူမှန်သည်ဟု ထင်မှတ်ကာ မိစ္ဆာဒိဋ္ဌိအယူရှိကြ၍ အပါယ်သံသရာသို့ ကျင်လည်နေကြရသည်။

ထို့ကြောင့်ဘုရားရှင်က ဤမာနမျိုးကို သံသရာသစ်ငုတ်မာနမျိုးဟူ၍ဟောကြားခဲ့ပါသည်။

**ကုသိုလ်မာနဆိုသည်မှာ** – မာနကိုအခြေခံအမှီထား၍ ဒါန၊ သီလ၊ သမထ ဝိပဿနတရားများကို ပြုလုပ်ဆောက်တည် ပွားများအားထုတ်ရာတွင် မာနကိုပယ်နည်းတစ်မျိုးမျိုးဖြင့် ပယ်နိုင်သောအဆင့်သို့ ရောက်လျှင် ထိုမာနသည် ကုသိုလ်မာနမည်ပါသည်။

ထိုကုသိုလ်မာနသည် နိဗ္ဗာန်သို့ ရောက်နိုင်ပါသည်။

**အကုသိုလ်မာနဆိုသည်မှာ** – မိမိအားလည်းကောင်း၊ သူတစ်ပါးလည်းကောင်း ဆင်းရဲမှုကိုဖြစ်စေတတ်သောမာနမျိုးဖြစ်ပါသည်။

အကုသိုလ်မာနသည် အပါယ်သို့ရောက်စေပြီး သံသရာလည်စေနိုင်သည်။

ဤကုသိုလ်မာန၊ အကုသိုလ်မာနနှင့် ပတ်သက်၍ မာနဟူသည် အဘိဓမ္မာနည်းအရ ဒိဋ္ဌိနှင့်မယှဉ်သောလောဘမူ စိတ်လေးပါး၌ ဖြစ်သောမာနစေတသိက်အမည်သာဖြစ်၍ ပရမတ္ထအားဖြင့် ကုသိုလ်ဟူ၍မရှိ အကုသိုလ်တစ်မျိုးတည်းသာ ရှိပါသည်။

သို့သော်မာနကို အခြေခံ၍ မိမိသူတစ်ပါးတို့အား ဆင်းရဲမှုကို မဖြစ်စေဘဲ ချမ်းသာမှုကို ဖြစ်စေသည့်အတွက် အပြစ်ကင်းသောကြောင့် ထိုမာနကို သမုတိပညတ်အားဖြင့် ကုသိုလ်မာနဟူ၍ ခေါ်ဝေါ်သုံးစွဲထားခြင်းဖြစ်ပါသည်။

ပရမတ္တအားဖြင့် ကုသိုလ်သဘောဖြစ်သောကြောင့် ကုသိုလ်မာနဟူ၍ သုံးစွဲထားခြင်းမဟုတ်ကြောင်းသိရပါသည်။

| | |
|---|---|
| အသေဝိတဗ္ဗမာန<br>(မမှီဝဲထိုက်သောမာန)<br>ဆိုသည်မှာ | သတ္တဝါတို့၏ အကျိုးစီးပွားမဲ့ကို ပြုတတ်သော မိမိ၌ မပြည့်စုံဘဲလျက် ပြည့်စုံသူမိမိ၌ အလုံးစုံ မတတ်ဘဲနဲ့ တတ်မြောက်သောသူကိုယှဉ်ပြိုင်လိုသောမာန် မာနမျိုးဖြစ်သည်။ |

ဤမာနမျိုးဝင်လာသောသူသည် ပြုရန်သင့် မသင့်ကိုလည်းကောင်း၊ ပြောဆိုသင့်မသင့်ကိုလည်းကောင်း ထောက်ချင့်ဝေဖန်စဉ်းစားမှုနည်းလာတော့သည်။ ဆရာမိဘကိုသော်လည်းကောင်း၊ သက်ကြီး ဝါကြီးပုဂ္ဂိုလ်ကိုသော်လည်းကောင်း ထောက်ညှာစဉ်းစားမှု မပြုတော့ပဲ ဖုတ်တစ္ဆေဝင်လာသူကဲ့သို့ အရှက်အကြောက်မရှိ ပရမ်းပတာ ပြုမူပြောဆို ယှဉ်ပြိုင်လာတတ်ပါသည်။

ထို့ကြောင့် ဤမာနမျိုးကို သူရူးကဲ့သို့မှတ်ထင်သော မာနမျိုးဟူ၍ကျမ်းဂန်တို့၌ ဖွင့်ဆိုရေးသားထားသည်ကို တွေ့ရပါသည်။

ဤမာနမျိုးသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အကျိုးမဲ့ကို ပြုတတ်သောရန်သူစစ်စစ်ဖြစ်၍၊ ပစ္စုပ္ပန်သံသရာ ခရီး၌ အကျိုးမဲ့ကိုသာဖြစ်စေတတ်သောမာနမျိုးဖြစ်၍ ဆိုးသွမ်းသော မြွေဆိုး မြွေဟောက် ခွေးဆိုး ကျားသစ်ရဲ စသည်တို့ကို ရှောင်ရှားအပ်သကဲ့သို့ ရှောင်ရှားရမည်ဟု ဘုရားရှင်က ဆိုဆုံးမထားပါသည်။

**မာန်မထားထိုက်သူများ**

မိဘဆရာသမား၊ ဂုဏဝုဍ္ဎ၊ ဝယဝုဍ္ဎရှိသူများ၊ ခင်ပွန်းကြီးဆယ်ပါးပုဂ္ဂိုလ်များ၊ ထိုပုဂ္ဂိုလ်များအပေါ်၌ မိမိတို့ဘယ်သောအခါမျှ မာန်မာနကိုမထားရပေ။

ဆုပြည့်စုံထွန်းစာပေ

ထိုပုဂ္ဂိုလ်များကို မာန်မာနမပြုထိုက် မာန်မာနမထားထိုက် အံ့မတုထိုက်၊ အနိုင်မယူထိုက် ထိုပုဂ္ဂိုလ်များကို ရိုသေစွာ ပူဇော်ကြရမည်။

ဇာတက ပါဠိတော်၌ မအောင်ထိုက် အနိုင်မယူထိုက်သူ ပုဂ္ဂိုလ် (၃)မျိုးကို ဘုရားရှင်က ဟောကြားထားခဲ့ပါသည်။

၁။ သားသမီးသည် မိဘကိုအနိုင်မယူထိုက် မအောင်ထိုက်

၂။ မိတ်ဆွေတစ်ဦးသည် မိတ်ဆွေတစ်ဦးကို အနိုင်မယူထိုက် မအောင်ထိုက်

၃။ မယားသည်လင်ကိုအနိုင်မယူထိုက် မအောင်ထိုက်

မိဘကိုကောင်းစွာ မကျွေးမွေးမပြုစုသော သားသမီးသည် သားသမီးကောင်းမမည် မိတ်ဆွေအပေါ် ကောက်ကျစ်စဉ်းလဲမှုဖြင့် အနိုင်ယူသည် မိတ်ဆွေကောင်းမမည်။

လင်ကို မရိုမသေ မလေးမစား မကြောက်ရွံ့သော မယားသည် မယားကောင်းမမည်ဟု ဟောကြားထားပါသည်။

ထို့ကြောင့် မာန်မာနမထားထိုက်သူ အပေါ်၌ မာန်မာနကိုမထားဘဲအရှုံးပေး၍ နှလုံးအေးအောင် တည်ဆောက်တတ်ရပါသည်။

သဂါထာဝဂ္ဂသံယုတ်၌ မာနထန်သော ပုဏ္ဏားကိုဘုရားရှင်က

''ပုဏ္ဏားအမိ၌လည်းကောင်း၊ အဖ၌လည်းကောင်း၊ အစ်ကို၌လည်းကောင်း၊ ဆရာ၌လည်းကောင်း ထိုပုဂ္ဂိုလ်တို့၌ မာန်မာနကို မပြုရာ ထိုပုဂ္ဂိုလ်တို့ကို အလေးအမြတ် ပြုရာ၏။ ထိုပုဂ္ဂိုလ်တို့ကို အရိုအသေ ပြုအပ်ကုန်၏။ ထိုပုဂ္ဂိုလ်တို့ကို ကောင်းစွာပူဇော်အပ်ကုန်၏''

''ပူဇော်အထူးကို ခံယူတော်မူလျက် ငြိမ်းပြီးသော အာသဝရှိသောအတုမဲ့ဖြစ်သောဘုရား၊ ရဟန္တာပုဂ္ဂိုလ်တို့ကို မာန်မာနနှိမ့်ချလျက် မခက်ထန်သည်ဖြစ်၍ ရှိခိုးရာ၏''

ဟူ၍ဟောတော်မူခဲ့ပါသည်။

ဣတိဝုတ်ပါဠိတော်၌ ဘုရားရှင်က

"အကြင်သူသည် မကောင်းမှုကံကို မပြုသင့် မပြစ်မှားထိုက်သူ၌ပြစ်မှား၏။ ရိုသေလေးစားမှုမရှိ ပြစ်မှားသောစိတ်ရှိသော ထိုသူကိုသာလျှင်မကောင်းမှုသည် ကျရောက်ခံစားတတ်ရပေသည်"

ဓမ္မပဒ၌လည်း ဘုရားရှင်က

" လူမိုက်သည် အကြင်မျှလောက် မိမိလွန်ကျူးထားသည့် မကောင်းမှုက အကျိုးမပေးသေး၊ ထိုမျှလောက်ကာလပတ်လုံး ပျားသကာချိုသကဲ့သို့ အကောင်းထင်မှတ်နေ၏။ အကြင်အခါ၌ကား မိမိပြုထားသောမကောင်းမှုက အကျိုးပေးလာ၏။ ထိုအခါ လူမိုက်သည် ဆင်းရဲကြီးစွာခံစားရ၏"

ဟူ၍ဟောတော်မူ၏။

သဂါထာဝဂ္ဂသံယုတ်၌ ဘုရားရှင်က

"ကျေးဇူးကို ချေဖျက်ခြင်းဖြင့် ချေဖျက်ကုန်သော သတ္တဝါတို့သည်မာနနှိပ်စက်အပ်ကုန်သည်ဖြစ်၍ ငရဲသို့ကျရောက်ကုန်၏။ မာနနှိပ်စက်အပ်သည်ဖြစ်၍ ငရဲသို့ကျရောက်ကြရကုန်သော သတ္တဝါတို့သည်ရှည်မြင့်စွာသော ကာလပတ်လုံး စိုးရိမ်ရကုန်၏"

ဟူ၍မကောင်းမှုနှင့် ကျေးဇူးမဲ့သူတို့နှင့် ပတ်သက်၍ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ဤလောကဝယ် ပုထုဇဉ်မှန်သမျှမည်မျှပင် ပညာရှင်ကြီးဖြစ်စေကာမူမာန်မာနရှိတတ်မြဲ ဖြစ်ပါသည်။

သို့သော် အဆံမရှိသော စပါးနှံ စပါးဖျင်းသည် ထောင်နေတတ်၍အဆံပြည့်သော စပါးနှံသည် အဖျားငိုက်နေသကဲ့သို့ အရည်အချင်းမပြည့်ဝ သူယုတ်မာသော စိတ်နေစိတ်ထားရှိသူများသာ မာန်မာနတရားကိုမချိုးနှိမ် နိုင်ဘဲရှိသည်။ ထိုသို့မချိုးနှိမ်နိုင်သူများအဖို့ ဘုရားရှင်ဟောကြားထားခဲ့သည့်အတိုင်း ဆင်းရဲကြီးရာ ငရဲသို့သာ ကျရောက်ခံစားရမည်သာဖြစ်တော့သည်။

**မာနမာန်ဆိုး ယုတ်မာမျိုးညွှန်ရသည်မှာ**

ဤလောကကြီးသည် စုံတွဲ (ဒွန္ဒ) လောကကြီးဟု ဘုရားရှင်ကလွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က ဟောခဲ့သလို ယခုသိပ္ပံပညာရှင်တို့ကလည်း ဖော်ထုတ်လက်ခံလာခဲ့ကြပါသည်။

အကျိုးတစ်စုံတစ်ရာ ဖြစ်ပေါ်လာရန်အတွက် ယင်းအကျိုးတရားဖြစ်ပေါ်လာအောင် ပြုလုပ်ခဲ့မှုအကြောင်းတရားရှိသည်သာ ဖြစ်သည်။ မည်သည့်အရာမျှ အကြောင်းတရားကင်း၍ အကျိုးတရားမဖြစ်ပေါ်နိုင်ဟု ဆိုပါသည်။

ဤလောကရှိ ဖြစ်ပျက်နေသော သဘာဝ ဝတ္ထုအစုစုကိုလေ့လာလျှင်ပြဟ္မာ၊ ဗိဿနိုး၊ ထာဝရဘုရားရှင်က ဖန်ဆင်း၍ဖြစ်နေရသည်မဟုတ်အကြောင်းအကျိုး စုံတွဲဒွန်တွဲလျက်ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရမည်သာ ဖြစ်ပါသည်။

အစစ်နှင့်အတု
အကောင်းနှင့်အဆိုး
အလင်းနှင့်အမှောင်
အဖြူနှင့်အမဲ
အမျိုးမြတ်နှင့်အမျိုးယုတ်
အပြုံးနှင့်အမဲ့
အချစ်နှင့်အမုန်း

စသည်များသည် တစ်ခုရှိလျှင် ဆန့်ကျင်ဘက် တစ်ခုရှိမြဲဖြစ်နေသည်မှာ ဒွန်တွဲသဘာဝ ကြောင်းကျိုးသဘာဝကြောင့်ပင် ဖြစ်ပါသည်။

ပုဂ္ဂိုလ်သတ္တဝါနှင့် လောကသုံးပါးကို တည်ဆောက်ထားသောတတ်ကြီးလေးပါးကို လေ့လာကြည့်လျှင်

- ခက်မာပထဝီရှိသလို နူးညံ့ပထဝီရှိသည်။
- ဖွဲ့စည်းအာပေါရှိသလို ယိုစီးအာပေါရှိသည်။

- အပူတေဇောရှိသလို အအေးတေဇောရှိသည်။
- ထောက်ပံ့ဝါယောရှိသလို လှုပ်ရှားဝါယောရှိသည်။

ဘုရားရှင်ကို ကံအကြောင်းကိုမေးလာသော သုဘလုလင်က အမျိုးမြတ်ခြင်း၊ အမျိုးယုတ်ခြင်းအကြောင်းကို ထည့်မေးခဲ့ပါသည်။

ထိုအမေးနှင့်ပတ်သက်၍ ဘုရားရှင်က

'' သုဘလုလင် ဤလောက၌ အချို့သောယောကျ်ား မိန်းမ သည်မာန်မာနခက်ထန်၍ မိမိကိုယ်ကိုအလွန်အထင်ကြီးသောကြောင့် ရှိခိုးထိုက်သူကိုမရှိခိုး၊ ခရီးဦးကြိုထိုက်သူကို ခရီးဦးမကြိုဆိုဘဲနေ၏။ နေရာပေးထိုက်သူကို နေရာမပေးဘဲထား၏။ လမ်းပေးထိုက်သူကို လမ်းမပေးဘဲနေ၏။ ကောင်းစွာပြုစုထိုက်သူကိုမပြုစုဘဲနေ၏။ ရိုသေထိုက်သူကိုမရိုသေဘဲနေ၏။ မြတ်နိုးထိုက်သူကို မမြတ်နိုးဘဲနေ၏။ ပူဇော်ထိုက်သူကိုမပူဇော်ဘဲနေ၏''

ထိုသူသည် ထိုသို့မောက်မာထောင်လွှားမှု အကုသိုလ်ကြောင့် သေသောအခါ ငရဲ တိရစ္ဆာန် ပြိတ္တာအသူရကာယ်ဟူသော အပါယ်လေးဘုံ လားရတတ်၏။ အကယ်၍ ထိုမာနတရား ဦးဆောင်သော အကုသိုလ်က အပါယ်လေးဘုံ၌အကျိုးပေးခွင့်မရသေးဘဲ ရှေးဘဝများစွာ ကလူဖြစ်လာခဲ့လျှင် ယုတ်နိမ့်သော ဒွန်းစဏ္ဍားမျိုး၊ ပန်းမှိုက်သွန်မျိုး၊ မစင်မျိုးကို သူတောင်းစားမျိုးတို့၌သာ ဖြစ်ရ၏။

သုဘလုလင် မာနခက်ထန်မှုသည် ယုတ်ညံ့သောအမျိုး၌သာ ဖြစ်ရသောကြောင့် ရှိပေ၏။

ထိုမှအမြင်အားဖြင့် ကောင်းစွာပြုစုပူဇော်ခဲ့သော သူအားမြင့်မြတ်သောအမျိုးဖြစ်ရ၏။

ဟူ၍ အဖြေပေးဟောကြားထားသည်ကို တွေ့ရပါသည်။

ဤလောကဝယ် မာန်မာနတရားကြောင့် လူမှုရေး စီးပွားရေး ပျက်စီးဆုံးရှုံးရသူများ၊ ဘဝပျက်ကြသူများ၊ ကဲ့ရဲ့ရှုတ်ချခံရသူများ၊ ဆင်းရဲရောက်သူများက များပြားလှသော အဖြစ်အပျက်အတွေ့အကြုံများ အရသိရှိကြရပါသည်။

ထိုပုဂ္ဂိုလ်သတ္တဝါခန္ဓာကိုယ်၌ အဆိပ်မိသော် ထိုအဆိပ်ကို ဆောလျင်စွာ သင့်လျော်သောဆေးဖြင့် ကုသပါမှ အဆိပ်ပြေ၍ အသက်ချမ်းသာကို ရရှိခံစားရမည်ဖြစ်သလို ဤလောကရှိ ပုဂ္ဂိုလ်မှန်သမျှတို့သည် မှန်ကင်းဟူသော မာန်မာနကိုချ၍ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ကျင့်နိုင်ပါမှ အပါယ်လေးပါးမှ ကင်းလွတ်ပြီး ဖြစ်လေရာဘဝမှ မြတ်သော အမျိုး၌ ဖြစ်ကြရမည်သာ ဖြစ်ပါသည်။

**မာနတရားသတိထားကြပါလေ။**

မာနဟူသော အကုသိုလ်တရားသည် နာမ်တရားဖြစ်၍ ပကတိမျက်စိဖြင့် မမြင်နိုင်သော်လည်း ပုဂ္ဂိုလ်သတ္တဝါတို့အား ဆင်းရဲမှုကို ဖြစ်စေရာ၌ ရုပ်တရားဖြစ်သော အနုမြူဓာတ်စွမ်းအား ဓာတ်သတ္တိထက် ပင်အဆပေါင်းများစွာ စွမ်းအားရှိနေသည်ကို တွေ့ရပါသည်။

အနုမြူစွမ်းအားသည် သတ္တဝါများကို တစ်ဘဝမျှသာ ဆင်းရဲဒုက္ခကိုပေးစွမ်းနိုင်သည်။ မာနဆိုသော နာမ်တရားကား သတ္တဝါတို့အား ဘဝပေါင်းများစွာ သံသရာ၌ ဆင်းရဲဒုက္ခကို ပေးနိုင်ပါသည်။

အစမထင်သော သံသရာပင်လယ်ပြင်၌ ကျင်လည်ခဲ့ကြရသော လူပုဂ္ဂိုလ်သတ္တဝါတို့သည် ဘဝတစ်ခုခုဝယ်

- ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းဖော်မှီဝဲရခြင်း (သပ္ပုရိသနိဿယ)
- ကုသိုလ်ပညာရရာဒေသ၌ နေရခြင်း (ပတိရူပဒေသဝါသ)
- ရှေးရှေးဘဝက ကောင်းမှုပြုလုပ်ခဲ့ဘူးခြင်း (ပုဗ္ဗေစကတပုညတာ)
- မိမိကိုယ်ကို ဖောက်ပြန်ပျက်စီးမှုမရှိ ကောင်းစွာတည်ဆောက်ခဲ့ခြင်း (အတ္တသမ္မာပဏိဓိ)

ဤစကြာလေးပါးတွင် တစ်ပါးပါးပျက်စီး ချို့ယွင်းခဲ့ပြီး မာန်ထောင်လွှားမှုများ ဖြစ်ပွားခဲ့ကြသော် ထိုမာနအကုသိုလ်စွမ်းအား ကြောင့် ကမ္ဘာပေါင်းများစွာ ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ အစဉ်လိုက်ပြီး

ဆင်းရဲဒုက္ခမျိုးစုံ ခံစားရပြီး လူဖြစ်လာသော်မှ ယုတ်ညံ့ဘဝဖြစ်ကြရသည်ကို ဘုရားဟောအရလည်းကောင်း၊ မိမိဘဝအတွေ့အကြုံများအရလည်းကောင်း စဉ်းစားဆင်ခြင်သတိယူဥ်ကြစေလိုသည်။

ဤလောကဝယ် ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည် ဘဝသံသရာအဆက်ဆက်ပြုခဲ့ဖူးသော ကုသိုလ် အကုသိုလ်ကံအဟုန်တို့ကြောင့် တစ်ဦးနှင့်တစ်ဦး စွမ်းရည်သတ္တိချင်း မတူညီကြပါ။

ကောင်းမှု မကောင်းမှုတို့သည် ပုဂ္ဂိုလ်သတ္တဝါတို့အားတစ်ဦးနှင့်တစ်ဦးမတူညီအောင် ဖန်ဆင်းပေးလိုက်ကြပါသည်။

ရှေးရှေးဘဝက ကောင်းမှုအားကြီးသူသည် ဂုဏ်ရည်စွမ်းရည်သတ္တိအားရှိသူ ဖြစ်ပါသည်။ ရှေးရှေးဘဝက မကောင်းမှုအားကြီးသူ၌ဂုဏ်ရည်သတ္တိညံ့သူဖြစ်ပါသည်။

ထိုသို့ ပရမတ္ထအမှန်တရားအနေဖြင့် မိမိတို့သန္တာန်၌ ရှိနေသောစွမ်းရည်ဂုဏ်ကို မသိကြဘဲ

''သူလည်းလူ ငါလည်းလူ''

''သူလည်းအမှုထမ်း ငါလည်းအမှုထမ်း''

''သူလည်းခြေနှစ်ချောင်း လက်နှစ်ချောင်း၊ ငါလည်း ခြေနှစ်ချောင်း လက်နှစ်ချောင်း''

ဟုအသွင်သဏ္ဍာန် ပညတ်တူကာမျှဖြင့် မိမိကိုယ်ကိုအထင်ကြီးပြီးစိတ်ကြီးဝင်ကာ မတုသင့် မတတ်သင့် မတုထိုက်သော ပုဂ္ဂိုလ်များအပေါ် တုဖက်ကာ ပြုလုပ်မိကြသည်။

ထိုသို့ ပြုမိကြသည့်အတွက် ပစ္စုပ္ပန်တမလွန် ဘဝသံသရာအဆက်ဆက်၌ ပျက်စီးရသည်သာ။ ထို့ကြောင့် မာန်လည်ဆရာတော်ဘုရားက မာဃဒေဝလင်္ကာ၌

''ကိုယ်နှင့်မတန် စိတ်မာန်ရှေ့ထား ပြုမိများက ပျက်ပြားကိုယ်သာခံဘို့ရာ''

ဟူ၍စပ်ဆိုဆုံးမထားခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

**မာနတင်ဆင် နိဗ္ဗာန်ဝင်မည်သာ**

ဤလောကရှိ ပုဂ္ဂိုလ်သတ္တဝါဟူသမျှ မာန်မာနရှိကြသည်။ ပညာရှင်သော်မှ မာန်မာနဝင်၍ အကုသိုလ်ဖြစ်တတ်သည်။

ထိုမာနကင်းစင်အောင် ပြုလုပ်ရန်မှာ သတိယှဉ်၍ သမထ ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်ရန် နည်းလမ်းသာရှိပါသည်။

သမထ ဝိပဿနာတရားအားထုတ်ပါက တဖြည်းဖြည်း ဉာဏ်စဉ်တက်၍ အမှန်တရားဘက်သို့ မြင်ယောင်လာပါမည်။ ထိုသို့ မြင်လာပါက

- အကြမ်းစား (ဝီတိက္ကမမာန)ကို ကာမကုသိုလ်ဘာဝနာက တဒင်္ဂပဟာန်အားဖြင့် ခေတ္တခဏပယ်သတ်နိုင်ပါသည်။
- မကြမ်းလွန်း မနူးညံ့လွန်းသော (ပရိယုဋ္ဌာန) မာနကို မဟဂ္ဂုတ် ဘာဝနာကုသိုလ် (ဝါ) ဈာန်ကုသိုလ်က ဝိက္ခမ္ဘနပဟာန်အားဖြင့်အတော်ကြာသည့်အထိ ပယ်သတ်နိုင်ပါသည်။
- နူးညံ့သိမ်မွေ့သော(အနုသယ) မာနကိုမူ မဂ္ဂဘာဝနာကုသိုလ်က သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ပယ်သတ်နိုင်ပါသည်။

ဤမာနအမျိုးမျိုးကို ဘာဝနာကုသိုလ်အဆင့်ဆင့်ဖြင့် ပယ်သတ်ပြီးသောအခါဝယ် မြရာသံပတ်ဆိုသကဲ့သို့ ဖိုလ်ခဏ၌ ဖလဘာဝနာက ပဋိပဿဒ္ဓိပဟာန်အားဖြင့် တစ်ဖန်ငြိမ်းအောင် ပြုနိုင်ပါသည်။

ထိုအခါ ယင်းပုဂ္ဂိုလ်သည် နိဿရဏပဟာန်အားဖြင့် လောကသုံးပါးမှ လွတ်မြောက်ရာ သန္တိသုခ မြတ်နိဗ္ဗာန်သို့ မျက်မှောက် ပြုရပါတော့သည်။

ဤသို့ ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ခြင်းသည် ထိုပုဂ္ဂိုလ်၏ သန္တာန်ရှိကြသော ပညာမာန၊ ရုပ်အဆင်းမာန ဇာတိမာန ဂုဏ်မာနစသော မာနအကုသိုလ်တရားတို့ကို ဈာန်မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ကုသိုလ်တရားတို့က ပကတူပနိဿယ သတ္တိအစွမ်းအားဖြင့် ကျေးဇူးပြုလိုက်ခြင်းကြောင့် ဖြစ်ပါတော့သည်။

ဤမာနတရား ပယ်ရှားနိုင်မှုနှင်ပတ်သက်၍ ဘုရားရှင်က ဣတိဝုတ်ပါဠိတော်၌

"ရဟန်းတို့–ဤမာနကိုထူးသော ဉာဏ်ဖြင့်မသိသူ၊ ပိုင်းခြားဝေဖန်မသိသူ၊ မာနတရားစိတ်ကို ကပ်စွန်းမှုကင်းအောင် မပြုနိုင်သူ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲ ကုန်ခန်းခြင်းငှာ မထိုက်၏"

"ရဟန်းတို့–မာနကို ထူးသော ဉာဏ်ဖြင့်သိသူ၊ ပိုင်းခြားသိသူ ထိုမာနတရား၌ စိတ်ကိုတပ်စွန်းမှုကင်းအောင် ပြုနိုင်သူ၊ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခန်းခြင်းငှာထိုက်ပါ၏။"

"ဤသတ္တဝါတို့သည် မာနနှင့်ပြည့်စုံကုန်၏။ မာနဖြင့်နှောင်ဖွဲ့ခံရသူတို့သည် ဘဝ၌မွေ့လျော်ကုန်၏။ မာနကို ပိုင်းခြား၍ မသိသူတို့သည် တစ်ဖန်ဘဝသစ်သို့ ရောက်လာကြရကုန်၏"

"အကြင်သူတို့သည် မာနကိုပယ်သောကြောင့် မာနကုန်ရာ နိဗ္ဗာန်၌ ကိလေသာမှ လွတ်မြောက်ကုန်၏။ ထိုသူတို့သည် မာနနှောင်ဖွဲ့ခြင်းကို လွှမ်းမိုးနိုင်ကုန်သောကြောင့် ဆင်းရဲအားလုံးကို လွတ်မြောက်ကုန်၏"

"မာနဖြင့်ယစ်မူးနေကြသော သူတို့သည် အပါယ်ဆင်းရဲဘဝသို့ လားရောက်ကြရကုန်၏။ ထိုမာနကိုကောင်းစွာ သိမြင်၍အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာသုံးပါးဖြင့် ဝိပဿနာရှုသူတို့သည် မာနကို ပယ်စွန့်နိုင်ကုန်၏။ မာနကိုပယ်စွန့်ပြီးသော သူတို့သည် ဤလောကသို့ ဘယ်သော အခါမှ မလာရောက်ကြတော့ပေ"

ဟူ၍အကျယ်တဝင့် ဟောပြောလမ်းညွှန်ခဲ့ပါသည်။

သို့ဖြစ်၍ ဘဝသံသရာရှည်လျားစွာသော အဆက်ဆက်၌ ဆင်းရဲမျိုးစုံတို့ဖြင့် တွေ့ကြုံခံစားရမည်ဘေးမှ ကြောက်ရွံ့ထိတ်လန့်ကြသောပုဂ္ဂိုလ်တို့သည် မိမိတို့ ရန်သူ ဖြစ်သောမာနအဆိပ်ဟူသမျှကို သတိ ဝီရိယ ဉာဏ်ပညာတို့ဖြင့် ပယ်ရှား ရှောင်ကြဉ်ကာ သမထ ဝိပဿနာတရား အားထုတ်ခြင်းဖြင့် ဆင်းရဲအစုံစုံ ချုပ်ငြိမ်းရာမှန်မြတ်နိဗ္ဗာန်သို့ ဝင်ရောက်နိုင်ရန် ကြိုးစားကြစေလိုသည်။

# အခန်း(၃)

# မာနထန့်ပြင်းဆင်းရဲခြင်းရောက်ကြရသူများ

## (က) အလှမာန်ယစ် - ဒေါသမုန်ဝင်မာဂဏ္ဍီ၏ ဖျက်စီးအင်

ကုရုတိုင်း ကမ္မာသဒမ်ဂိုးရှိ မာဂဏ္ဍီပုဏ္ဏားကြီး၌ သမီးတစ်ယောက်ရှိသည်။ အမည်အားဖြင့် ဖခင်အမည်ကဲ့သို့ မာဂဏ္ဍီဟုအမည်မှည့်ထားသည်။ ထိုမာဂဏ္ဍီသတို့သမီး၏ ရုပ်ရည်အဆင်းသည် အလွန်ချောမောလှပတင့်တယ်သည်။

အရွယ်ရောက်သော် မာဂဏ္ဍီကိုလိုလားနှစ်သက်ကြသော ပြဟ္မာဏ မဟာသာလ၊ ခတ္တိယမဟာသာလတို့သည် ဖခင်ပုဏ္ဏားကြီးထံ မာဂဏ္ဍီကို မိမိတို့နှင့် လက်ထပ်ပေးရန် တောင်းပန်ကြသည်။

ဖခင်က ငါ့သမီးသည် သင်တို့နှင့်မထိုက်တန် လောကတွင် အမြတ်ဆုံးသော ယောက်ျားနှင့်သာထိုက်တန်သော သမီးဖြစ်သည်ဟု ဆိုကာ လာတောင်းသမျှသော ပြဟ္မာဏ၊ ခတ္တိယသတို့သားတို့ကို ပယ်ချလေသည်။

တစ်နေ့တွင် ဘုရားရှင်သည် လောကကိုကြည့်သော် မာဂဏ္ဍီလင်မယား၏ အနာဂါမ်ဖိုလ်တည်မည့် ဥပနိဿယအထောက်အပံ့ရှိသည်

ကိုမြင်တော်မူ၍ သပိတ်သက်န်းကို ယူဆောင်တော်မူကာ ပုဏ္ဏားကြီး မနက်စောစော မီးပူဇော်ရာအနေရာသို့ ကြွတော်မူလေသည်။

ပုဏ္ဏားကြီးသည် မီးပူဇော်ရင်း ဘုရားရှင်၏ အဆင်းသရေကို မြင်သောအခါ

''ဤလောက၌ ဤသူနှင့်တူသော တစ်စုံတယောက်သော ယောကျ်ားမည်သည်မရှိ၊ ဤသူနှင့် ငါ့သမီးပေးစားရသော် သင့်တော်ပေ သည်''

ဟုစဉ်းစားမိပြီး ဘုရားရှင်ထံသို့သွားကာ တိုက်ရိုက်ပင် လျှောက်ထားတောင်းဆိုလေသည်။

''ရှင်ရဟန်း ငါ့မှာသမီးတစ်ယောက်ရှိပါသည်။ ထိုသမီးကို ပေးစားရန် တစ်စုံတယောက်သော ယောကျ်ားကို ကြည့်ရှု၍ မမြင်သော ကြောင့်ထိုသမီးကို မည်သူနှင့်မျှ မပေးစားရသေးပါ။ သင်သည်ကား ငါ့သမီးနှင့်ပေးစားရန် အသင့်တော်ဆုံး ယောကျ်ားဖြစ်ပါသည်။ ငါ၏ သမီးကိုသင်၏ခြေရင်း၌ အလုပ်အကျွေးပြု၍ ပေးလိုပါသည်။ သင်ယခု ဤနေရာမှာ ခဏစောင့်ပါ။ ငါ၏ သမီးကို သွားရောက်ခေါ်ယူပါဦးမည်''

မြတ်စွာဘုရားသည် မာဂဏ္ဍီပုဏ္ဏားလျှောက်ထားချက်ကို နှစ်သက်ကြောင်းလည်းမပြ ငြင်းပယ်ခြင်းလည်းမပြုပေ။

ပုဏ္ဏားကြီးသည် အိမ်သို့အမြန်ပြန်သွားပြီး ပုဏ္ဏားမကိုခေါ်ကာ

''ရှင်မ ငါ့သမီးနှင့် သင့်တော်သော ယောကျ်ားကို ယခုငါတွေ့ ခဲ့ပြီ၊ ထိုယောကျ်ားနှင့် ငါ့သမီးကိုပေးစားမည်၊ သမီးကို တန်ဆာဆင်၍ ခေါ်ဆောင်လာခဲ့ပါလော''

ဟုစေခိုင်းမှာကြားလေသည်။

သမီးမာဂဏ္ဍီကို ဖြီးလိမ်းပြင်ဆင်ပြီးသောအခါ သမီးကိုခေါ်၍ မိဘနှစ်ပါးဘုရားရှင်ရှိရာသို့ ထွက်ခဲ့သည်။ ဘေးကလူများလည်း တစ်ယောက်စကား တစ်ယောက်နားဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ နောက်က လိုက်ကြည့်ကြလေသည်။

ဘုရားရှင်သည် ပုဏ္ဏားကြီးစောင့်နိုင်းသော နေရာတွင်မနေဘဲ ထိုနေရာ၌ ခြေတော်ရာချထားခဲ့ပြီး တစ်ခြားနေရာသို့ သွားရောက်ရပ်တည် နေတော်မူလေသည်။

ပုဏ္ဏေးမကြီးသည် ပုဏ္ဏားကြီးပြောပြသော ယောက်ျားကို မမြင်၍ "ဟိုယောက်ျားအဘယ်မှာနည်း"

ဟုမေးသည်။

"ရှင်မ ငါသည် ထိုယောက်ျားကို ဤနေရာတွင် ရပ်နေဦးလော့ ဟုမှာထားခဲ့သည်၊ ယခုဘယ်ရောက်သွားပါလိမ့်"

ဟုပုဏ္ဏားကြီးသည် ပြောပြီး ဟိုဟိုဒီဒီ လျှောက်၍ ကြည့်ရှုသည်။ ဘုရားရှင်၏ ခြေတော်ရာကိုမြင်၍

"ရှင်မ ဤခြေရာသည် ထိုယောက်ျား၏ ခြေရာပင်ဖြစ်သည်" ဟုပြောသည်။

ပုဏ္ဏေးမသည် လက္ခဏာပညာရပ်တို့၌ ကျွမ်းကျင်သည်ဖြစ်၍ ခြေရာကိုသေချာစွာ လေ့လာစစ်ဆေးသည်။

"ပုဏ္ဏားကြီး ဤခြေရာသည် ကာမဂုဏ်စည်းစိမ်ချမ်းသာသူ၏ ခြေရာမဟုတ်ပါ"

"အို ရှင်မ သင်သည် ရေခွက်၌ မိကျောင်းကို မြင်သကဲ့သို့ တွေ့မြင်ရသည်၊ ငါသည် ထိုရဟန်းကို ကိုယ်တိုင်တွေ့မြင်ပြီး သမီးကို သင့်အားပေးမည်ဟု ပြောဆိုခဲ့သည်။ ငါကဒီလို ပြောသည့်အခါ ထိုရဟန်း သည်မငြင်းပယ် ဆိတ်ဆိတ်နေသည်"

"ပုဏ္ဏားကြီး သင်ဘယ်လို ပြောဆိုထားပြောဆိုထား ဤခြေရာ ပိုင်ရှင်ကတော့ ကိလေသာ ကုန်ပြီးသော ပုဂ္ဂိုလ်၏ ခြေရာဖြစ်ပေသည်။

"ပုဏ္ဏားကြီး ရာဂဖြင့်တပ်မက်မှုရှိသောသူ၏ ခြေရာသည် ဆောင့်ကြောင့်ထိုင်သကဲ့သို့ ခြေဖျားသည် ဖြ[illegible]၏။ ဒေါသရှိသော သူ၏ ခြေရာသည် အဆောတလျင် ဖိနှိပ်နင်းသကဲ့သို့ ဖနောင့်ရာထင်၏။ မောဟ တွေဝေသောသူ၏ ခြေရာသည် ခြေတရွတ်တိုက်၏။ ဤကဲ့သို့သဘော

ရှိသောသူ၏ ခြေရာသည် ဝဋ်ကင်းပြတ်သူ၏ ခြေရာဖြစ်၏။''

''ရှင်မ မြည်တွန်တောက်တီးမနေပါနှင့် ဤနေရာပတ်ဝန်းကျင်၌ ဤရာပန်းကို ရှာကြည့်ကြစို့''

ပုဏ္ဏားကြီးက ပြောပြောဆိုဆို ပုဏ္ဏေးမနှင့်အတူ လက်ဆွဲပြီး ပတ်ဝန်းကျင်ဘေးကို ရှာကြည့်ကြရာ မြတ်စွာဘုရားကို တွေ့မြင်ကြလေသည်''

''ရှင်မ ဤရာပန်းသည်ငါပြောသော ယောကျ်ားမြတ်ဖြစ်သည်''

ပုဏ္ဏားကြီးသည် ဤသို့ပြောဆိုပြီး ပုဏ္ဏေးမနှင့်အတူ ဘုရားအနီးသို့သွားရောက်ပြီး

''အသင့်အား ငါ့သမီးကို ပေးအပ်ပါ၏''

ဟုပြောဆိုကြလေသည်။

မြတ်စွာဘုရားသည် ပုဏ္ဏားလင်မယားကို အသင်၏သမီးအား အလိုမရှိဟု တိုက်ရိုက်မမိန့်ကြားဘဲ

''ပုဏ္ဏားကြီးအကြောင်းတစ်ခုကို ငါပြောပြမည်၊ သင်နားထောင်ပါမည်လော''ဟုမေးသည်။

''အရှင်ဘုရားနားထောင်ပါမည်၊ ပြောသာပြောပါလော''

ထိုအခါ ဘုရားရှင်သည် မ်မိတောထွက်စဉ်က မာရ်နတ်က စကြာဝတေးမင်းဖြစ်မည်၊ ပြန်ပါဟုပြောသည်ကို လက်မခံပုံ၊ ဘုရားဖြစ်ပြီးနောက် မာရ်နတ်သမီးချော တဏှာ၊ အာရတိ၊ ရာဂါဟူသော နတ်သမီး (၃)ဦးတို့က အလုပ်အကျွေးပြုရန် လာရောက်တောင်းဆို ပေးအပ်သည်ကိုပင်ငြင်းပယ်ခဲ့ပုံ အကြောင်းစုံကို ပြောပြသည်။

ထို့နောက်ဘုရားရှင်က ဆက်လက်၍

''ပုဏ္ဏားကြီး ရှေးအခါက မာရ်နတ်သမီးသုံးဦးကို တွေ့ခဲ့ဘူး၏။ ထိုမာရ်နတ်သမီးများသည် သလိပ်စသည်ဖြင့် ရစ်ပတ်ခြင်းမရှိဘဲ ရွှေကိုယ်နှင့်တူသော ခန္ဓာကိုယ်ရှိ၏။ ထိုအခါ၌ပင် ငါဘုရားသည် မေထုန်၌ အလိုမရှိခဲ့ပါ''

"ယခု အသင်သမီး၏ ကိုယ်လုံးသည် သုံးဆယ့်နှစ်ပါးသော အခြင်းအရာ၏ အထူးထူးသော ပိုးတို့ဖြင့်ပြည့်ဝင်း၍ ပြင်ပ၌သန့်ရှင်းစင်ကြယ်စွာပြုလုပ်စီရင်ထားအပ်သော မစင်အိုးကြီးနှင့်တူသည်။ အသင်၏သမီးသည် လေကားခုံ၌အကယ်၍ တည်ရသည်ဖြစ်အံ့၊ နင်းတက်သော ငါ၏ခြေသည် မစင်အလယ် ရွံရှာဖွယ်လိမ်းကျံခြင်း ဖြစ်ရာ၏။ ထို့ကြောင့် သင့်သမီးကို ငါဘုရားက ခြေဖြင့်သော်မှ မထိလိုပါ"

ဟုမိန့်ကြားတော်မူသည်။

ဘုရားရှင်၏ စကားတော်အဆုံးတွင် မာဂဏ္ဍီတို့လင်မယားသည် အနာဂါမ်တည်လေသည်။

မာဂဏ္ဍီသတို့သမီးကမူ ဤမျှရုပ်ရည်အဆင်း လှပတင့်တယ်ခြင်းရှိသောငါ့ကို မိန်းမမျိုးကိုမှ ရွံရှာဖွယ်လို့ပြောပြီး ခြေနှင့်တောင်မတို့ဘူး ဟုစော်ကားသော ဂေါတမရဟန်းကို တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် ငါ ကလဲ့စားချေမည်ဟုစိတ်ထဲဝယ်အလုမာနနှင့်ဒေါသမာန်တင်ခဲ့လေသည်။

မာဂဏ္ဍီပုဏ္ဏားကြီးသည် သမီးကို မိမိညီစူဠမာဂဏ္ဍီကိုအပ်ကာ ရဟန်းပြုသွားကြသည်။

စူဠမာဂဏ္ဍီသည် မိမိတူမအချောအလှကို သာမန်သူနှင့်မပေးစားလို၍ တူမကိုလှလှပပ ဝတ်စားဆင်ယင်ပြီးလျှင် ကောသမ္ဗီပြည်ရှင် ဘုရင်ဥတေနထံသို့ ဆက်သလေသည်။

ဘုရင်ဥတေနကလည်း မာဂဏ္ဍီ၏အဆင်း အင်္ဂါလှပမှုကို နှစ်သက်၍ မိဖုရားအဖြစ် မြှောက်စားချီးမြှင့်ထားလေသည်။

တစ်နေ့တွင် ဘုရားရှင်သည် ကောသမ္ဗီပြည်သို့ ကြွတော်မူ၍ တရားဟောပြောရာ၌ သာမာဝတီမိဖုရား၏ တပည့်မ ခုဇ္ဇုတ္တရာသည် ဘုရားရှင်တရားနာပြီး သောတာပန်ဖြစ်သည်။

ထိုခုဇ္ဇုတ္တရာမှတဆင့် ဘုရားရှင်၏တရားကို သာမာဝတီမိဖုရား အမှူးရှိသော မောင်းမငါးရာတို့ကို တရားဟောပြော အားပေးသောကြောင့် တည်ကြည်သော အရိယာသူတော်စင်များဖြစ်ကြသည်။

မြတ်စွာဘုရားရှင် ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံကြွလာသော အခါ ဘုရားရှင်ကို တိုက်ရိုက်သွားရောက်ဖူးမြော်ခွင့်မရှိသော သာမာဝတီ အမှုူးရှိသော မောင်းမငါးရာတို့သည် မိမိတို့အဆောင်၌ အပေါက်များ ဖောက်ကာ ထိုအပေါက်များမှတစ်ဆင့် ဘုရားရှင်ကိုဖူးမြော်ကြသည်။

တစ်နေ့တွင် မာဂဏ္ဍီသည် မိမိ၏ပြာသဒ်မှထွက်၍ စင်္ကြန် လျှောက်လာရာ သာမာဝတီတို့ အဆောင်ရောက်လာပြီး အဆောင်တွင် အပေါက်များ ဖောက်ထားသည်ကိုတွေ့၍

''ဤအရာများကား ဘာလုပ်ထားကြတာလဲ''

ဟုမေးသည်။

သာမာဝတီ၏ မောင်းမငါးရာတို့က မာဂဏ္ဍီ၏ ဘုရားအပေါ် ၌ရန်ငြိုးထားသည်ကို မသိကြ၍

''မြတ်စွာဘုရားသည် ဤကောသမ္ဗီပြည်သို့ ကြွတော်မူလာပါ သည်။ ကျွန်မများသည် ဤအပေါက်များအနီး၌ ရပ်ကြ၍ ဘုရားရှင်ကို ဖူးမြော်ကြပါသည်။ ပူဇော်ကြပါသည်''

ဟုရိုးသားစွာ ပြောဆိုကြလေသည်။

''ယခုရဟန်းဂေါတမ၏ အပေါ်၌ ငါပြုရမည့်အမှုကို သိစိမ့်မည်။ ဤမိန်းမတို့သည်လည်း ရဟန်းဂေါတမ၏ အလုပ်အကျွေး တပည့်မများ ဖြစ်ကြသည်။ ဤမိန်းမတို့အပေါ်၌လည်း ငါပြုရမည့်အမှုကို သိစိမ့်မည်''

ဟုမာဂဏ္ဍီသည် ကြံစည်အံကြိတ်၍ သွားလေသည်။

ထို့နောက်မာဂဏ္ဍီသည် မင်းကြီးထံသွား၍ သာမာဝတီတို့သည် အရှင်မင်းကြီးသတ်ရန် စီမံနေသည်ဟု ကုန်းတိုက်စကားပြောကြားသည်။ မင်းကြီးက မယုံကြည့်သောအခါ သာမာဝတီတို့၏ အပေါက်ဖောက်ထား သည့်ကိစ္စကို လက်တွေ့ပြသပြီး ကုန်းတိုက်ပြန်သည်။

မင်းကြီးက အပေါက်ဖောက်ထားသည့် ကိစ္စကိုမေးသောအခါ သာမာဝတီတို့က အမှန်အတိုင်းပင် ပြောပြသောအခါ မင်းကြီးက ပြတင်းပေါက် များကို တိုးချဲ့၍ပင်ဖောက်ပေးလိုက်ပြန်သည်။

မာဂဏ္ဍီသည် ထိုသို့ကုန်းတိုက်၍ မရသောအခါ အမှုးသမားများကိုလာဘ်ပေးပြီး ဘုရားရှင်မြို့ထဲသို့ ကြွလာသောအခါ နောက်ကနေလိုက်ပြီးဆဲရေးလှုလွှတ်စေပြီး ဘုရားရှင်ကို ကောသမ္ဗီက ထွက်သွားအောင်ပြုလုပ်ပြန်သည်။

ထိုသို့အမှုးသမားများက ဆဲရေးသည်ကို ရှင်အာနန္ဒာက ဘုရားရှင်ကို ဤကောသမ္ဗီမှထွက်သွားရန် လျှောက်ထားသည်။ ဘုရားရှင်ကမတုန်လှုပ် ခုနစ်ရက်ကြာလျှင်ပျောက်သွားလိမ့်မည်ဟု မိန့်ကြားကာဆက်လက်သီတင်းသုံးနေထိုင်လေသည်။

မာဂဏ္ဍီသည် ဘုရားရှင်ကို ဆဲရေးမှုဖြင့်ထွက်ခွာသွားအောင်မပြုလုပ်နိုင်သောအခါ သာမာဝတီဘက်သို့လှည့်ပြီး ရန်ရှာပြန်သည်။ သာမာဝတီတို့ကို ကြက်အရှင်များပေးပြီး သတ်ခိုင်းသည်။ သာမာဝတီတို့က သောတပန်ဖြစ်၍ မသတ်ကြသောအခါ ကိုယ်ဘာသာကိုယ်သတ်ပြီး ဂေါတမရဟန်းအတွက် ဆွမ်းကပ်ရန်အတွက်ဟုဆိုကာ ကပ်ခိုင်းသည်။ သာမာဝတီတို့က မင်းကြီးအတွက်တော့ ကြက်မသတ်၊ ဂေါတမဘုရားအတွက်မူ ကြက်သတ်သည်ဟု ဂုံးချောပြန်သည်။

ဘုရင်က ဆိတ်ဆိတ်နေသောအခါ ထပ်မံ၍ ဥတေနမင်း သာမာဝတီအဆောင်သို့ ပံရန်အလှည့်ကျသောနေ့တွင် ဥတေနမင်း မြတ်နိုးပြီးသွားလေရာ ယူဆောင်သွားသော စောင်းတော်အဲ၌ မြွေကိုတိတ်တဆိတ် ထည့်ပိတ်သွားပြီး သာမာဝတီအဆောင်သို့ ဘုရင်ကိုစိတ်မချဟုဆိုကာ ကိုယ်တိုင်လိုက်သွားသည်။

သာမာဝတီအဆောင်သို့ရောက်လျှင် စောင်းပေါက်ကိုဖွင့်၍ မြွေကို မသိမသာ လွှတ်လိုက်သည်။ ပြီးလျှင် သူမကပင် မြွေ မြွေဟု အော်ဟစ်ပြီး ဘုရင်ကို သာမာဝတီတို့က မြွေနှင့်လုပ်ကြံဟန် ဂုံးချောပြန်သည်။

ဘုရင် ဥတေနသည် အသက်ဘေးနှင့်ကြုံတော့၍ ဒေါသနှင့်ဝ... သာမာဝတီနှင့် မောင်းမငါးရာတို့ကို တန်းစီစေပြီး မိမိလက်စွဲလေး...

ပစ်သတ်ရန်စီမံသည်။ သာမာဝတီတို့က ဘုရင်ကိုသြဒိဿမေတ္တာ ပို့လွှတ်နေခဲ့ရာ ဘုရင်မှာ လေးတော်ကို ပစ်၍လည်းမရ၊ ချ၍လည်းမရဖြစ်ကာ ဇောချွေးများပြန်ပြီး ကြောက်ရွံ့ထိတ်လန့် ခံစားရသည်။ ထို့နောက် သာမာဝတီကို တောင်းပန်ရိုကျိုးပြီး ဘုရားရှင်ကို အတားအဆီးမရှိ ဖူးမျှော်ခွင့် လှူခွင့်ပြုတော်မူလေသည်။

မာဂဏ္ဍီသည် ထိုလုပ်ကြံမှု ဂုံးချောမှုမအောင်မြင်သောအခါ သာမာဝတီတို့ကို လုပ်ကြံသတ်ဖြတ်ရန် စီမံကိန်းချပြီး မင်းကြီးကို တောကစားထွက်ရန်တိုက်တွန်းပြီး မိမိဦးကြီးတော် စူဠဂဏ္ဍီကို သာမာဝတီတို့၏ နန်းတော်ကို မီးနှင့်ရှို့ပြီးသော သာမာဝတီကိုသတ်ရန် စီမံခိုင်းထားခဲ့သည်။

မင်းကြီးတောကစားထွက်သောအခါ စူဠဂဏ္ဍီသည် သာမာဝတီတို့၏အဆောင်ကို ရေနံဆီပက်ပြီး သာမာဝတီတို့ကို မင်းအမိန့်အရဟုဆိုကာ အဆောင်ထဲသွင်း အလုံပိတ်ထားပြီး မီးရှို့သတ်လေတော့သည်။

မင်းကြီးသည် သာမာဝတီတို့ အဆောင်မီးရှို့ခံရသောသတင်းကိုကြား၍ အားချင်းပြန်လာသော်လည်း မမှီတော့ချေ။ သာမာဝတီတို့ကမူ မီးရှို့ခံရကထဲက မိမိ၏တပည့်ငါးရာကို ဝေဒနာသိမ်းဆည်းမှု ကမ္မဋ္ဌာန်းကိုပေး၍ သတိတရားဖြင့် ပွားများစေရာ အချို့သည် သကဒါဂါမ်၊ အချို့သည် အနာဂါမ်ဖိုလ်ဆိုက်၍ သေဆုံးကြရလေသည်။

ဥတေနမင်းကြီးသည် သာမာဝတီတို့ မီးရှို့သတ်ခံရသည့်ကို အတော်ပင် နှလုံးမသာယာခြင်း ဒေါသဖြစ်ခြင်းတို့ကို ခံစားရသည်။ တရားခံကိုပေါ်အောင် ပရိယာယ်ဖြင့် ပြုလုပ်မည်ဟု ဆုံးဖြတ်ကာ ညီလာခံတွင်

''အချင်းအမတ်အပေါင်းတို့ ရှေးအခါက ငါသည်သတိထား၍ တုန်လှုပ်ချောက်ခြားစွာနေရ၏။ သာမာဝတီသည် ငါမင်းမြတ်ကို အမြဲမပြတ်ပျက်စီးအပ်သောအခွင့်ကိုသာရှာကြံဆည်းပူးနေ၏။ ယခုအချိန်တွင် ငါ့မှာ ငြိမ်းအေးမှုရပေပြီ။ ယခုမှအေးချမ်းစွာ စားရ နေရ အိပ်ရတော့မည်'' ဟုမိန့်ကြားသည်။

"အရှင်မင်းကြီး ဤအမှုကိုမည်သူပြုလုပ်သည်ဟုထင်ပါသနည်း"

"အမတ်တို့ ငါ့အပေါ်ချစ်မြတ်နိုးသူ တစ်ဦးဦးက လုပ်မည်ထင်ပါသည်"

ထိုအချိန်တွင် မာဂဏ္ဍိအနီးတွင် ရှိနေ၍ မင်းကြီး၏ စကားကိုကြားရသောအခါ အားရဝမ်းသာဖြစ်ပြီး

"အရှင်မင်းကြီး ဤအမှုကိုအဘယ်သူပြုနိုင်မလဲ၊ ကျွန်တော်မျိုးမ စီမံချက်ချပြီး ဘထွေးတော်ကို စေခိုင်းပြုခြင်းဖြစ်ပါသည်"

ဟုအားရဝမ်းသာတင်လျှောက်လေသည်။

"ချစ်နှမ သင်မှတစ်ပါး ငါ့အားချစ်ခင်မြတ်နိုးသူမရှိ၊ သင်သည်သာငါ့ကိုအလွန်ချစ်မြတ်နိုးပေသည်။ သို့အတွက် သင့်ကိုငါဆုပေးပါမည်။ သင့်ဆွေမျိုးများကိုလည်း ဆုပေးပါမည်။ သင်၏ ဆွေမျိုးအားလုံးကိုခေါ်စေပါလော"

ဟုမိန့်ကြားလေသည်။

မာဂဏ္ဍိသည် အလွန်အားရဝမ်းသာဖြစ်ပြီး ဆွေမျိုးအပေါင်းတို့ထံ

"မင်းကြီးက ငါ့ကိုချစ်ခင်နှစ်သက်၍ မြတ်သောဆုကိုပေးပါသည်။ သင်တို့တတွေ လျင်စွာလာကြပါလေ"

ဟုသတင်းစကားကို မှာကြားစေလွှတ်လိုက်လေသည်။

မင်းကြီးသည် လာတိုင်းလာတိုင်းသော သူတို့ကို ကြီးစွာသောပူဇော်သက္ကာရကိုပြု၏။ ထိုသည်ကိုမြင်သော မာဂဏ္ဍိ၏ဆွေမျိုးမဟုတ်သူတို့ကလည်း လာဘ်ပေးပြီး ဆွေမျိုးဟုဆိုကာ မင်းကြီးထံ ဆုလာဘ်လာယူကြလေသည်။

မင်းကြီးသည် အားလုံးစုံသောအခါ ထိုသူအားလုံးကို ဖမ်းဆီးချင်ပြင်၌ ချက်အထိတွင်းတူးမြှုပ်စေကာ အပေါ်မှကောက်ရိုးအုပ်ကိုက်စေလေသည်။ မီးလောင်၍ အရည်စုတ်ပြတ်သောအခါ

အပေါ်မှထွန်သွားဖြင့် ထွန်စေပြီး အပိုင်းပိုင်းအမျှင်မျှင် ပြုစေသည်။

မာဂဏ္ဍိကိုယ်မှလည်း အသားများကိုလှီးဖြတ်ပြီး မာဂဏ္ဍိကို ပင်စားသောက်စေသည်။

ဤသို့ဖြင့် အလှမာန်ယစ်ဒေါသမုန်ဝင် မာဂဏ္ဍီ၏ ဘဝပျက်စီးအင်သည် သံဝေဂယူဖွယ် တရားရဖွယ်ကောင်းသော ဘဝအတ္ထုပ္ပတ္တိဖြစ်စဉ်တစ်ရပ်ဖြစ်ပါတော့တည်း။

**မရှိမာန်တက်၍ ဘဝပျက်ရသူ**

ဗာရာဏသီ၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလဖြစ်သည်။

တစ်ခုသောရွာ၌ ဥဒိစ္စပုဏ္ဏားမျိုး၌ သားတစ်ယောက်ရှိသည်။ ထိုသားငယ်သည် အရုပ်ပုံ၍ ကုန်းသောကိုယ်ရှိသည်။

ထိုသူငယ်သည် အရွယ်ရောက်သော် တက္ကသိုလ်၌ ပညာသင်ကြားခဲ့ရာ ဗေဒင်သုံးပုံနှင့် အဋ္ဌာရသပညာတို့ကို တတ်မြောက်ခဲ့သည်။ အထူးသဖြင့်လေးအတတ်၌ ပိုမိုကျွမ်းကျင်ကြသဖြင့် စူဠဓနုဂ္ဂဟပဏ္ဍိတဟူသော ဘွဲ့အမည်ပေးအပ်ခြင်းခံရသည်။

စူဠဓနုဂ္ဂဟပဏ္ဍိတသည် တက္ကသိုလ်မှ ထွက်လာပြီးနောက် မိမိအရုပ်၏ပုမှု ခါးကုန်းမှုကြောင့်ပင် မင်းထံသွားရောက်ခစားရန် မဝံ့မရဲဖြစ်နေရလေသည်။

''ငါသည် မင်းထံသွားရောက်ခစားပါက မင်းက ငါ့ကိုအရုပ်ပုသည်၊ ခါးကုန်းသည်၊ ဘယ်လိုတာဝန်ပေးနိုင်မလဲ ဆိုလိမ့်မည်၊ ငါသည် အလုံးအရပ်နှင့် ပြည့်စုံ၍ အဆင်းလှပသော ယောကျ်ားကိုအမှီပြုပြီး သူ့နောက်မှငါက ငါ့အတတ်ဖြင့် ကြိုးကိုင်ပြီး အသက်မွေးရလျှင် ရနိုင်သည်''

စူဠဓနုဂ္ဂဟပဏ္ဍိတသည် ဤသို့စဉ်းစားမိပြီး မိမိလိုချင်သော အရည်အချင်း ရုပ်ရည်ရှိ ပုဂ္ဂိုလ်ကိုရှာကြံသည်။

ရက်ကန်းသည်တို့၏ နေရာတွင် ရက်ကန်းယက်စားသော

ဘီမသေနအမည်ရှိသော အမျိုးသားကို တွေ့၍အကြောင်းအကျိုးမေး ကာမိတ်ဖွဲ့သည်။

ထိုသို့မိတ်ဖွဲ့ပြီး မိမိလုပ်လိုသော အခြေအနေအကြံအစည်ကို ပြောပြသည်။ ရက်ကန်းသည် ဘီမသေနသည် ဖုဋ္ဌဝနဂ္ဂဟပဏ္ဍိတ၏ အကြံအစည်ကို သဘောတူ၍ နှစ်ယောက်အတူ တရာဏသီမင်းထံသို့ သွားကြသည်။

တရာဏသီနန်းတော်ရောက်၍ မင်းထံသို့အကြောင်းကြားသည်။ မင်းကဝင်ခွင့်ပြု၍ မင်းထံဝင်ခံစားကြသည်။

"အဘယ်အကြောင်းကြောင့်လာကြသနည်း"

"အရှင်မင်းကြီး ကျွန်ုပ်သည် လေးသမားဖြစ်သည်၊ ဤလေး ပညာနှင့်ပတ်သက်၍ ကျွန်ုပ်နှင့် တုယှဉ်နိုင်သူမရှိပါ"

ဟုဘီမသေ... ...ျက်ထားသည်။

"ကောင်းပြီ သင့်ဥစ္စာအဘယ်မျှရလျှင် ငါ့ထံခစားမည်နည်း"

"အရှင်မင်းကြီး လခွဲ၌အသပြာတစ်ထောင်ရသော် ခစားနိုင်ပါ သည်"

"သင့်နောက်က ယောက်ျားသည် သင်နှင့်မည်သို့တော်စပ်ပါ သ ;ည်း"

"အရှင်မင်းကြီး ကျွန်ုပ်၏အလုပ်အကျွေးငယ်ဖြစ်ပါသည်"

"ဒါဆိုလျှင်ကောင်းပြီ သင်ခစားပါလေသော"

ထိုအခိုက်မှစ၍ ဘီမသေနသည် ဖုဋ္ဌဝနဂ္ဂပဏ္ဍိတ၏ အကြံပေးမှု ကူညီမှုဖြင့် မင်းထံခစားလေသည်။

တစ်နေ့သော် တောရွာ၌ ကျားဆိုးတစ်ကောင်သည် လူကိုကိုက်ဖို့ စားသောက်သက်ဖြတ်၍ သောင်ကျန်းနေကြောင်းသတင်း မင်းထံ ရောက်လာသည်။

မင်းကြီးက အကြံပြုပြီးမှ လေးသည်တော် ဘီမသေနကိုခေါ်ကာ ကျားဆိုးကိုဖမ်းမှုရန် မိန့်ကြားပေး၍ စေခိုင်းလေသည်။

ဘိမသေနသည် နန်းတော်မှပြန်လာပြီး ရှင်ဥမ္မဒနဂ္ဂပဏ္ဍိတကို အကျိုးအကြောင်း ပြောပြသည်။

''ဒါဆိုရင် အဆွေသွားပါ။ ကျွန်ုပ်အကြံပေးလိုက်ပါမည်''

''သင်ကောမလိုက်ဘူးလား''

''ကျွန်ုပ်မလိုက်ပါ။ ဒါပေမယ့် သင့်ကို ဥပါယ်တံမျဉ်ကိုကား သင်ကြားပေးလိုက်ပါမည်''

''ဒါဆိုလျှင် ဥပါယ်ကိုသင်ကြားပေးပါလော့''

''အဆွေ သင်သည် ကျားရှိရာအရပ်သို့ တစ်ယောက်တည်း အလျင်မသွားပါနှင့် ဇနပုဒ်သားတို့ကို စုရုံးခေါ်ပါ။ လေးသမားတို့ကိုလည်း ခေါ်ပါ။ ပြီးလျှင်ကျားရှိရာသို့သွားပါ။ ကျားထွက်လာလျှင် သင်ကချုံပုတ်တစ်ခုထဲဝင်ပြီး ဝပ်နေပါ။ ဇနပုဒ်သားနှင့် လေးသမားတို့ကသာ ကျားကို သတ်ပါစေ။ ကျားသေပြီးမှ သင်ချုံပုတ်ထဲ၀ှ ၃ နွယ်တစ်ခုကိုသွားဖြင့် ကိုက်ဖြတ်သွားယူပြီးနောက်

''အချင်းတို့ဘယ်သူ ဤကျားကိုသတ်သလဲ ငါက ဤကျားကို အရှင်ဖမ်းပြီး နွားကဲ့သို့နွယ်ကြိုးနှင့်ချဉ်နှောင်ပြီး မင်းကြီးထံယူသွားမလို့ နွယ်သွားဖြတ်နေတာ။ ယခုတော့ ငါနွယ်ကြိုးမရောက်ခင် ကျားကို ဘယ်သူသတ်လိုက်သလဲ'' လို့မေးပါ ။ အဲဒီအခါမှာ ဇနပုဒ်သားတွေက ကြောက်လန့်ပြီး အရှင်ဘိမသေန မင်းကိုသွားမလျှောက်ပါနဲ့လို့ သင့်ကို တောင်းပန်ပြီး သင့်ကိုလည်း ဥစ္စာများပေးပါလိမ့်မည်။ မင်းထံကျားသေ အပ်၍မင်းကလည်း ဆုလာဒ်များစွာ ပေးပါလိမ့်မည်''

ဟုအကြံပြုပြောကြားသည်။

ဘိမသေနသည် ရှင်ဥမ္မဒနဂ္ဂဟပဏ္ဍိတပြောသည့်အတိုင်း ဆောင်ရွက်ခဲ့ရာ အောင်မြင်ခဲ့၍ မင်းကြီးချီးမြှောက်မှုကို ခံစားခဲ့ရသည်။

အလားတူ ကျွဲဆိုးကြီးတစ်ကောင်ကို ဖမ်းဆီးစေရာ၌လည်း ရှင်ဥမ္မဒနဂ္ဂပဏ္ဍိတ၏ အကြံပေးစီမံမှုဖြင့် အောင်မြင်ခဲ့ပြန်၍ မင်းကထပ်မံချီးမြှင့်ပြန်သည်။

ဘီမသေနသည် ကြီးစွာသော စည်းစိမ်ကိုခံစားလာရသောအခါ မာန်တက်ပြီး စူဠဓနေ့ဂ္ဂဟာပဏ္ဍိတကို မထေမဲ့မြင် ပြုလာသည်။ စူဠဓနေ့ဂ္ဂဟာ ပဏ္ဍိတ၏စကားကိုနားမထောင်တော့။

''ငါသည် သင့်ကိုမှီ၍ အသက်မမွေး ငါ့အစွမ်း ငါအစနှင့် အသက်မွေးနိုင်သော အစွမ်းသတ္တိရှိသည်။ သင်မှယောက်ျားကောင်းမ ဟုတ် ငါသည်လည်းပဲယောက်ျားကောင်း တစ်ယောက်ဖြစ်သည်''

ဟုမထေမဲ့မြင်စကား ကြမ်းကြုတ်သောစကားတို့ဖြင့် ပြန်လည် ပြောဆိုခဲ့လေသည်။

ထိုမှ ရက်သတ္တပါတ်ရှိသော် အိမ်နီးချင်းမင်းတစ်ပါးသည် ဗာရာဏသီကို ဝိုင်းရံလာပြီး ပြည်ကိုပေးမည်လော စစ်ကိုပင်ထိုးမည်လော ဟုရာဇသံပေးလာသည်။

ဗာရာဏသီမင်းသည် ဘီမသေနကိုခေါ်ကာ စစ်ထိုးချေဟု စေခိုင်းလိုက်သည်။ ဘီမသေနသည် အလုံးစုံသောချပ်ဝတ်တန်ဆာများ ကိုဝတ်ဆင်ပြီး စူဠဓနေ့ဂ္ဂဟာကိုနောက်ကခေါ်ကာ ဆင်ထက်တက်စီးပြီး စစ်မြေပြင်သို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ထွက်ခဲ့ရလေသည်။

မြို့မှထွက်၍ စစ်မြေပြင်သို့ရောက်သော် စစ်ထိုးသောစစ်သံကို ကြားရသောအခါ ဘီမသေနသည် ဆင်ပေါ်မှာပင်ကြောက်သေးကြောက် ချေးများပါချပြီး ကြောက်ရွံ့တုန်လှုပ်ကာ မရပ်မတည်နိုင်ဖြစ်လေ သည်။

စူဠဓနေ့ဂ္ဂဟာသည် ဘီမသေနကို ဆင်ပေါ်မှကျမည်စိုး၍ ကြိုးများ ဖြင့်ထိန်းထားပေးရသည်။

''ဘီမသေန ယခင်ကတော့ သင်သည် စစ်သူရဲကဲ့သို့ စကားဆို ခဲ့၏။ ယခုသော် ဆင်ကျောကုန်းကို သင်၏ချေးသေးတို့ဖြင့် ဖျက်ဆီးနေ ပေ၏''

ဟုစူဠဓနေ့ဂ္ဂဟာသည် မိမိကိုယ်ကိုဆုံးဖြတ်ပြီးလျှင် စစ်မြေပြင်သို့ တစ်ဟုန်ထိုးချီတက်လျက် ရန်သူ့ဗိုလ်ထုကို တိုက်ဖျက်သည်။ ရန်သူမင်း ကိုအရှင်ရအောင် ဖမ်းယူပြီး ဗာရာဏသီမင်းကို ဆက်သသည်။

ထိုအခါကျမှ ဗာရာဏသီမင်းသည် စူဠဓနုဂ္ဂဟ၏ အစွမ်းကို သိရှိပြီးရာထူးနေရာပေးသည်။ ထိုအချိန်မှစ၍ စူဠဓနုဂ္ဂဟပဏ္ဍိတသည် ဇမ္ဗူဒိပ်ကျွန်း၌ ထင်ရှားလာလေသည်။

ထို့နောက် စူဠဓနုဂ္ဂဟသည် ဘီမသေနကို ရိက္ခာပေး၍ မိမိအရပ်သို့ ပြန်စေသည်။

သူတစ်ပါးကိုမှီ၍ ရသောစည်းစိမ်အပေါ်၌ ငါဟူသောမာန်တက်သောဘီမသေန၏ ဆုံးရှုံးမှုသည်လည်း သတိပြုဆင်ခြင်စရာကောင်းသောမာန်တက်မှုဖြစ်ပါတော့သည်။

**ဆရာကို အန်တုဘက်ပြိုင်မှု မာနကြောင့် ဘဝပျက်ရသော စောင်းသမား**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ဖြစ်သည်။ ဂုတ္တိလအမည်ရှိသော သတို့သားသည် စောင်းအတတ်ကို ထင်ရှားကျော်ကြားသူဖြစ်သည်။

ဂုတ္တိလသည် အိမ်ထောင်မပြု မိဘမျက်မမြင်တို့ကိုသာ ပြုစုလုပ်ကျွေး၍နေသည်။

တစ်နေ့တွင် ဗာရာဏသီပြည်သားတို့သည် ကုန်သွယ်ရန် ဥဇ္ဇေနီပြည် ရောက်သွားကြသည်။ ဥဇ္ဇေနီပြည်၌ ပျော်ပွဲသဘင်စီရင်၍ အိမ်ရှင်ဥဇ္ဇေနီပြည်သားတို့ကို စောင်းသမားတစ်ယောက်ကို ဖျော်ဖြေရန် ငှားစေသည်။

ထိုအချိန်တွင် ဥဇ္ဇေနီပြည်၌ ထင်ရှားသော စောင်းသမားတစ်ဦးရှိသည်။ အမည်မှာ မုသိလအမည်ရှိသည်။

ဥဇ္ဇေနီမှအိမ်ရှင်တို့သည် မိမိတို့ပြည်တွင် ထင်ရှားကျော်ကြားသော မုသိလစောင်းသမားကို တီးခေတ်ဖျော်ဖြေစေသည်။ မုသိလသည် မိမိတတ်ဖမြောက်သော စောင်းအတတ်ပညာဖြင့် အကောင်းဆုံးတီးခတ်ဖျော်ဖြေလေသည်။

ဂုတ္တိလစောင်းသမား၏ စောင်းတီးခတ်သံကို ကြားဖူးကြပြီး သောဗာရာဏသီကုန်သည်တို့သည် မုသိလ၏စောင်းတီးသံကို ဝါးခြမ်းစိတ်ကိုတီးခတ်သကဲ့သို့ ထင်သည်။ ဗာရာဏသီမှ ကုန်သည်တစ်ဦးမျှ မုသိလ၏စောင်းသံကို သာယာပျော်ရွှင်သော အသွင်မပြချေ။

မုသိလသည် ဗာရာဏသီကုန်သည်တို့ မကြိုက်နှစ်သက်သော အမူအရာကို မြင်သော်

''ငါသည် အလွန်ကြပ်းတမ်းစွာတီးမိယောင်တကား''

ဟုအောက်မေ့ပြီး အလတ်ဖြစ်သောအသံကို ပြုပြီးတီးခတ်ပြန်သည်။

ထိုတီးခတ်သံကိုလည်း ဗာရာဏသီသားတို့အား မနှစ်သက်လှစ်လျူရှုမြဲ ရှုနေကြသဖြင့်

''ထိုသူတို့သည် တစ်စုံတစ်ခုကို မသိယောင်တကား''

ဟုမိမိသည်လည်း ထိုသူတို့၏ အလိုကိုမသိသဖြင့် ညှို့တို့ကိုလျော့၍ တီးခတ်ပြန်လေသည်။

ဗာရာဏသီကုန်သည်တို့က မည်သို့မျှ လှုပ်ရှားမှု မပြကြသဖြင့် မုသိလသည်စောင်းတီးခတ်မှုကို ရပ်လိုက်ပြီး

''အို ကုန်သည်တို့ ငါ၏စောင်းတီးခတ်သံကို အဘယ်ကြောင့် မနှစ်သက်ကြပါသနည်း''

ဟုမေးမိသည်။

''သင်သည် စောင်းကိုတီးသလော၊ ငါတို့က စောင်းတီးခတ်နေသည်ဟုမထင်မှတ်ကြပါ''

''သင်တို့သည် ငါ့ထက်တော်သော စော ဆရာ၏ စောင်းသံကို နားထောင်ကြပါသလော၊ ဒါမှမဟုတ် စောင်းသံအရသာကိုမခံစားတတ်ကြ၍လော''

''ငါတို့ ဗာရာဏသီ၌ ဂုတ္တိလစောင်းသမား၏ စောင်းသံကိုကြားဘူးကြကုန်သော ငါတို့အား သင်၏စောင်းသံသည် မိခင်က သူငယ်ကို

နှစ်သိမ့်သော အသံကဲ့သို့ထင်ရ၏''

''ဒါဆိုလျှင် သင်တို့သည် ငါ့ကိုငွားခမပေးပါနှင့်တော့၊ သင်တို့ဗာရာဏသီပြန်က ငါ့ကိုခေါ်သွားပေးကြပါလော့''

''ကောင်းပြီး ခေါ်သွားပါမည်''

ထိုသို့ဝန်ခံပြောကြပြီးနောက် ဗာရာဏသီကုန်သည်များသည် မုသိလကို ဗာရာဏသီသို့ ခေါ်ဆောင်လာကြပြီး ဆရာဂုတ္တိလအိမ်သို့ ပို့ပေးကြလေသည်။

ထိုအချိန်တွင် ဆရာဂုတ္တိလသည် အိမ်တွင်မရှိ ဂုတ္တိလ၏ မျက်မမြင်မိဘနှစ်ဦးသာရှိသည်။

မုသိလသည် ဂုတ္တိလအိမ်သို့ဝင်၍ ဆွဲထားအပ်သော စောင်းကို မြင်သောအခါ ယူ၍တီးခတ်ကြည့်လေသည်။

ဂုတ္တိလ၏မိဘတို့က မုသိလ၏ စောင်းသံကိုကြားရသောအခါ စောင်းကိုကြွက်ကိုက်သည်ထင်၍ ဟဲ့ကြွက် ဟဲ့ကြွက်ဟု ချောက်လှန့်ကြလေသည်။

ထိုအခါကျမှ မုသိလသည်စောင်းကိုချထား၍ ဂုတ္တိလမိဘတို့ထံ သွားကာရှိခိုးပြီး–

''မိခင် ဘခင်တို့ ခုနစောင်းတီးသူမှာ ကျွန်ုပ်ဖြစ်ပါသည်''

ဟုပြောကြသည်။

''သင်ဘယ်အရပ်က လာခဲ့ပါသလဲ''

''မိခင်ဘခင်တို့ ကျွန်ုပ်သည် ဆရာထံမှာစောင်းအတတ်ပညာကိုသင်ယူလို၍ ဥဇ္ဇေနီပြည်မှ လာခဲ့ပါသည်''

''အော် ကောင်းလှပါသည် သူငယ်''

''မိခင်ဘခင်တို့ ယခုဆရာဘယ်မှာ ရှိပါသနည်း''

''အမောင် သင့်ဆရာသည် အပြင်သို့ခဏသွားပါသည်၊ မကြာခင်ပြန်ရောက်ပါလိမ့်မည်''

ထိုခဏမှာပင် ဂုတ္တိလသည် အပြင်မှပြန်ရောက်လာသည်။

မှသိလသည် ဂုတ္တိလနှင့် မိတ်ဆက်စကားဆို၍ မိမိလာခြင်းအကြောင်းကို ပြောပြသည်။

ဂုတ္တိလသည် အင်္ဂဝိဇ္ဇာအတတ်ကိုတတ်၍ မှသိလ၏ ရုပ်အင်္ဂါကို လေ့လာကြည့်သည်။ မှသိလသည် သူတော်ကောင်းမဟုတ် သူယုတ်မာ လက္ခဏာရှိသည်ကို သိ၍

''ညီမောင် ငါသည် အတတ်ပညာသင်ပေးရန် အကြောင်းမရှိပါလေ''

ဟုပြောသည်။

ထိုအခါ မှသိလသည် ဂုတ္တိလမိဘတို့၏ ခြေရင်းဝပ်ကာ ခြေတို့ကို ဆုပ်နယ်ပေး၍

''မိခင်ဘခင်တို့ ကျွန်ုပ်ကို ပညာသင်ပေးရန် ဆရာကိုပြောပေးကြပါ''

ဟုတောင်းပန်စကားဆိုလေသည်။

ဂုတ္တိလ၏မိဘတို့ကလည်း သားဂုတ္တိလကို ပညာသင်ပေးရန် အတန်တန်တောင်းပန်ပြောကြားသဖြင့် ဂုတ္တိလသည် မိဘတို့စကားကို မပယ်လိုသဖြင့် မှသိလကိုစောင်းပညာ သင်ပေးရန် ဝန်ခံပြီး ပညာသင်ပေးရလေသည်။

ဆရာဂုတ္တိလသည် မိမိတတ်ထားသော အတတ်ပညာဟူသမျှကို ဆရာစားမချန်ဘဲ မှသိလကို အကုန်သင်ပေးလေးသည်။

အတတ်ပညာ သင်ကြားပြီးသောအခါ မှသိလသည် စဉ်းစားသည်။

''ဤဗာရာဏသီမြို့သည် ဇမ္ဗူဒိပ်၌ ထင်ရှားကျော်ကြားသော မြို့ဖြစ်သည်။ ငါ၏ဆရာသည်လည်း အသက်ကြီးပြီ ငါသည် ဤဗာရာဏသီ၌ နေခြင်းငှာသင့်၏''

မှသိလသည် ဤသို့ကြံစည်ပြီး ဆရာကို မိမိသည် ဤဗာရာဏသီမှာနေပြီး မင်းထံခစားလိုကြောင်း ဆရာကိုပြောပြသည်။

ဆရာဂုတ္တိလသည် မုသိလပြောဆိုတောင်းဆိုသည့်အတိုင်း ရှိုးသားစွာ ယုံကြည်ပြီး မင်းထံခေါ်သွားရန် သဘောတူပြီး မင်းကြီးထံ ခေါ်သွားသည်။

''အရှင်မင်းကြီး ကျွန်ုပ်၏တပည့်သည် အရှင်မင်းကြီးထံ ခစားလိုပါသည်။ သူ့အားသင့်တော်သော အဖိုးအခကို ချီးမြှင့်ပေးပါလော''

''သူသည် မည်သည့်အတတ်ပညာကို တတ်ပါသနည်း''

''အရှင်မင်းကြီး ကျွန်ုပ်တတ်သောစောင်းအတတ်ကို တတ်မြောက်ပါ၏''

''ဒါဆိုလျှင် သင်၏အဖိုးအခ တစ်ဝက်ကိုရယူပါစေလော့''

ထိုအခါ မုသိလသည် ငါသည်လည်း ဆရာကဲ့သို့ တန်းတူ အတတ်ပညာတတ်သူဖြစ်သည်။ အဘယ်ကြောင့်ဆရာနှင့် အဖိုးအခတူ မရ ရပါသလဲဟုမာန်တက်ကာ

''ဆရာ ကျွန်ုပ်သည် သင်နှင့်ထပ်တူအဖိုးအခရက မင်းထံ ခစားပါမည် မရကမခစားလိုပါ''

''အဘယ်ကြောင့်ပါလဲ တပည့်''

''ဆရာ သင်နှင့်ကျွန်ုပ်ထပ်တူပညာရှိသည် မဟုတ်ပါလော''

''တပည့် ရှိသည် မှန်ပါ၏''

''ဆရာနှင့်ထပ်တူပညာတတ်လျက် အဘယ်ကြောင့် ကျွန်ုပ်အား တစ်ဝက်သာလျှင်ပေးရပါသနည်း''

ဂုတ္တိလသည် ထိုအကြောင်းကို ဘုရင်ထံပြန်လည်လျှောက် ထားပြလေသည်။

''ဆရာဤသို့ဆိုလျှင် သင်နှင့်သင့်တပည့် ပညာစွမ်းပြိုင်ပါ။ သင့်တပည့်သည် သင်နှင့်ထပ်တူ ပညာစွမ်းပြနိုင်က သင်နှင့်ထပ်တူ လစာရိက္ခာရပါလိမ့်မည်''

''ဂုတ္တိလသည် မင်း၏စကားကို မုသိလအားပြောပြရာ မုသိလ ကဆရာနှင့်ပညာပြိုင်ပါမည်'' ဟုမာန်တက်ကာ ပြန်ပြောလေသည်။

---

ဆုပြည့်စုံထွန်းစာပေ

ဆရာဂုတ္တိလသည် တပည့်က ပညာစွမ်းပြိုင်မည်ဖြစ်ကြောင်း ကိုမင်းထံပြန်လည်လျှောက်ထားရာ မင်းက (၇)ရက်ကြာလျှင် အများပြည် သူကြည့်ရှုနိုင်သော မင်းရင်ပြင်၌ ယှဉ်ပြိုင်ရန် ရက်သတ်မှတ်ပေးလိုက် လေသည်။

ပြိုင်ပွဲမစမီကြားရက်တွင် မင်းက မုသိလကိုခေါ်ယူကာ

''သင်သည် သင့်ဆရာနှင့်စောင်းအတတ်ပညာ ပြိုင်ဆိုင်မည် ဆိုသည်မှာ မှန်သလော''

ဟုမေးသည်။

''မှန်ပါသည်အရှင်မင်းကြီး''

''မုသိလဆရာနှင့် အတတ်ပညာပြိုင်သည်ဆိုသည်မှာ မဖြစ် သင့်‐ မယှဉ်ပြိုင်သင့်''

''အရှင်မင်းကြီးတားမြစ်သည်မှာမသင့်ပါ။ ကျွန်ုပ်သည် ဆရာနှင့်ယှဉ်ပြိုင်ပါမည်၊ သို့မှသာ မည်သူကတော်သည်ကို ပေါ်လွင်လာပါ မည်''

''မုသိလ ဤသို့ဆိုက ယှဉ်ပြိုင်ကြလော့''

မင်းသည် နောက် ခုနစ်ရက်တွင် မင်းရင်ပြင်၌ ဆရာဂုတ္တိလနှင့် တပည့်မုသိလတို့ စောင်းအတတ်ပညာ ပြိုင်ဆိုင်ကြမည့်အကြောင်း မြို့ ထဲ၌ စည်လည်စေသည်။

ဂုတ္တိလသည် တပည့်နှင့်ယှဉ်ပြိုင်ရမည်ကို စိတ်ဆင်းရဲစွာ ခံစား နေရသည်။

''ဤမုသိလသည် ငယ်ရွယ်နုပျိုသည်၊ ငါကားကြီးရင့်ချေပြီ။ အားအစွမ်းလျော့ကျနေပြီ၊ သူ့အိုတို့၏အမူအရာမည်သည်ကား မပြည့်စုံ တပည့်မည်သည်ကာ ရှုံးသော်လည်း အထူးမရှိ၊ တပည့်က နိုင်သော် ဆရာသည်အရှက်ရရာချေသည်။ သို့တွက် တောသို့ဝင်၍ သေခြင်းကသာ မြတ်လှသည်''

ဂုတ္တိလသည် ဤသို့စဉ်းသွားမိပြီး တောသို့သေရန်သွားသည်။

---

တစ်ဖန်သေရမှာကြောက်၍ ပြန်လာခဲ့ပြန်သည်။ ဤသို့သေဖို့သွားလိုက် သေရမှာကြောက်၍ ပြန်လာလိုက်လုပ်နေရာ အသွားအပြန်ခရီး၌ ရှိသော မြက်ပင်တို့ပင် သေ၍လမ်းမသဖွယ်ဖြစ်တော့သည်။

ထိုအချိန်တွင် သိကြားမင်း၏ မြကျောက်ဖျာသည် တင်းလာ၍ လောကကိုကြည့်သော်-မိဘကိုလုပ်ကျွေးနေသော သူတော်ကောင်းဂုတ္တိလ ၏စိတ်ဆင်းရဲနေမှု သေကြောင်းကြံစည်မှုတို့ကို တွေ့မြင်ရ၍

''ငါသည် ဂုတ္တိလ၏အားကိုးရာဖြစ်သင့်သည်''

ဟုဆင်ခြင်ပြီး ချက်ခြင်းဆင်းလာကာ ဂုတ္တိလရှေ့တွင်ရပ်ပြီး

''ဆရာအဘယ်ကြောင့်တောထဲဝင်နေပါသနည်း''

ဟုမေးသည်။

''သင်သည် အဘယ်သူနည်း''

''ကျွန်ုပ်သည်သိကြားမင်းဖြစ်ပါသည်''

''သိကြားမင်း ငါသည်တပည့်နှင့်စောင်းတီးပြိုင်ရမည်။ ငါသည် တပည့်နှင့်ယှဉ်ပြိုင်ကြရာ တပည့်ကိုကြောက်သောကြောင့် တောသို့ဝင်ပြီး သေရန်ကြံစည်ခြင်း ဖြစ်သည်။ သိကြားမင်း ယခုငါသည် တပည့်မုသိလကို ညို့ခုနစ်ချောင်းရှိ၍ သာယာသောအသံရှိသော စောင်းတီးအတတ်ကို ဆရာစားမချန် သင်ကြားပေးခဲ့သည်။ ယခုသူက ငါ့ကိုစိန်ခေါ်နေပေပြီ။ ငါဘယ်ကဲ့သို့ လုပ်ရမည်နည်း၊ သိကြားမင်းသင်သည် ငါ့ကိုးကွယ်ရာ ဖြစ်ပါလော''

''ဆရာ သင်သည် မစိုးရိမ်လင့်၊ သင်သည် တပည့်မုသိလကို နိုင်ပါမည်၊ သင်သည် စောင်းကိုတီးသည့်အခါ ညို့တစ်ချောင်းကို ဖြတ်၍ ညို့ခြောက်ချောင်းဖြင့်တီးပါ၊ သင်၏စောင်းသံသည် ညို့ခုနစ်ချောင်းသံ အတိုင်းထွက်ပါမည်။ မုသိလသည် သင်တီးသလို ညို့တစ်ချောင်းဖြတ်၍ တီးပါလိမ့်မည်၊ မုသိလစောင်းသံသည် သင့်ကဲ့သို့ဖြစ်လာလိမ့်မည် မဟုတ်ပါ၊ မုသိလရှုံးပါလိမ့်မည်။ သင်သည် နောက်တစ်ချောင်းကို ဖြတ်၍ ညို့ငါးချောင်းဖြင့်တီးပါ၊ အစဉ်လိုက် လေးချောင်း၊ သုံးချောင်း၊ နှစ်ချောင်း

တစ်ချောင်းဖြင့်တီးခတ်ပါ။ စောင်းသံသည် မူလအသံတိုင်းထွက်ပါလိမ့်မည်။ နောက်ဆုံးညှို့အားလုံးကို ဖြတ်၍စောင်းအိုဖြင့်တီးပါ၊ ဖြတ်ထားသောစောင်းကြိုး ငုတ်တိုမှထွက်ပေါ်လာသော သင်၏စောင်းသံသည် ဗာရာဏသီတစ်ပြည်လုံးလွှမ်း၍ တည်ပါလိမ့်မည်

ယခုငါသည် သင့်ကိုစောင်းသုံးလက်ပေးခဲ့ပါမည်။ သင်၏စောင်းသံသည် ဗာရာဏသီတစ်မြို့လုံးလွှမ်းသော် စောင်းကိုကောင်းကင်သို့ပစ်တင်လိုက်ပါ၊ ထိုအခါ သင်၏ရှေ့၌ နတ်သမီးသုံးရာတို့လာ၍ကပါလိမ့်မည်။ ထိုနတ်သမီးများနေသော ကာလ၌ နှစ်ခုမြောက်သောစောင်းကိုကောင်းကင်သို့ ပစ်တင်လိုက်ပါ။ နောက်ထပ်နတ်သမီး သုံးရာတို့သည်သင်၏စောင်းဦး၌ လာရောက်ကကြပါလိမ့်မည်။ ထိုနောက်နောက်ဆုံးစောင်းကို ပစ်တင်လိုက်ပါ။ နောက်ထပ် နတ်သမီးသုံးရာတို့သည် သက်ဆင်း၍ပွဲသဘင်အလယ်၌ လာရောက်ကကြပါလိမ့်မည်။ ပြီးလျှင် ငါကိုယ်တိုင်ပွဲသဘင်သို့ လာခဲ့ပါမည်။ မကြောက်လင့်''

ပြိုင်ပွဲကျင်းပသောနေ့တွင် ဂုတ္တိလသည် ရေချိုး လျော်စွာလိမ်းကျံ၍ မိမိစောင်းကိုယူကာ ပြိုင်ပွဲနန်းပြင်သို့လာပြီး မိမိအတွက်ခင်းထားသော နေရာ၌နေသည်။

အလားတူ မုသိလလည်း မိမိအတွက်ခင်းထားသော နေရာ၌နေရာယူသည်။

မင်းသည်လည်း မှူးမတ်၊ စစ်ဗိုလ်၊ ခြွေရံသင်းပင်းခြံရံ၍သတ်မှတ်ထားသော နေရာ၌ နေရာယူသည်။ မြို့သူမြို့သားထောင်ပေါင်းများစွာတို့လည်း ကြက်ပျံမကျလာရောက်ကြည့်ရှုနားထောင်ကြသည်။

သိကြားမင်းသည် ဂုတ္တိလအပေါ်၌ ရပ်တည်လာ၏။ မည်သူမျှမမြင် ဂုတ္တိလတစ်ဦးတည်းသာမြင်ရသည်။

နောက်တွင် ဆရာဂုတ္တိလသည် သိကြားမင်းလမ်းညွှန်ထားသည့်အတိုင်း ဆက်လက်တီးခတ်လေရာ မုသိလမလိုက်နိုင်၊ မပြိုင်နိုင်တော့ နတ်သမီးများလာရောက် ကပြကြသဖြင့် လူအပေါင်းမှာလည်း

အဲ့သြတနန်းရှိကြပြီး သောင်းသောင်းဖြဖြ သြဘာပေးကြလေတော့သည်။

ထိုခဏ၌ မင်းသည် လူအပေါင်းအား မျက်စိကိုမှိတ်ခြင်း၊ ဦးခေါင်းကိုညိတ်ခြင်း၊ အမှတ်ကိုပေးသည်။ လူအပေါင်းသည် စုရုံးထရပ်ကြပြီး

''သင်သည် ဆရာကိုယှဉ်ပြိုင်၍ တူညီသော အဖိုးအခကိုလိုချင်သည်၊ ကိုယ်ပမာဏကို ကိုယ်မသိ၊ မိုက်မဲလေသည်တကား''

ဟုံဆိုကာနီးရာတုတ်ခဲတို့ဖြင့် ဝိုင်းဝန်းသတ်ပုတ်ကြလေရာ မုသိလသည် ထိုနေရာ၌ပင် စိစိညက်ညက်ဖြစ်ကာ သေဆုံးရလေတော့သည်။

ဤသည်၌ မုသိလသည် မထားသင့်သောမာန၊ မယှဉ်ပြိုင်ဆိုင်သင့်သော မာနတရားထားမှုတို့ကြောင့် မိမိဘဝသည် အတောင်အလက်မစုံခင် ပညာအစွမ်းမပြုရခင် ဘဝပျက်စီးသွားရလေသည်။ မထားသင့်သောမာနကိုထားမှုသည် မိမိဘဝအတွက် အကျိုးမရှိ အကျိုးမဲ့သာဖြစ်ရသည်ကို သတိပြုကြရန်ဖြစ်သည်။

**ဆေးဆရာ၏ပညာမာနဘဝသံသရာ၌မျက်စိနှစ်ကွင်းအလင်းမရ**

ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူသော စက္ခုပါလမထေရ်သည် ဤဘဝတွင် မျက်စိနှစ်ကွင်းအလင်းပျက်စီးရသော မထေရ်မြတ်ဖြစ်သည်။

ထိုမထေရ်မြတ်၏ အတိတ်ဘဝက ဆေးဆရာဟူသောမာနကြောင့်မလုပ်သင့်သည်၊ မဆောင်ရွက်သင့်သော ဆေးအတတ်တို့ဖြင့် တစ်ဘက်သားကိုနစ်နာအောင် လုပ်ခဲ့သော အကုသိုလ်ကံကြောင့် ဤဘဝတွင် မျက်စိနှစ်ကွင်းအလင်းမရ ကွယ်ခဲ့ရခြင်းဖြစ်ပေသည်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလဖြစ်သည်။ ဆေးဆရာတစ်ဦးသည် ရွာနိဂုံးဇနပုဒ်တို့ကို လှည့်လည်လျက် ဆေးကုသမှုကိုပြုလုပ်အသက်မွေးဝမ်းကြောင်း ပြုလေသည်။

ရွာတစ်ရွာအရောက်တွင် မျက်စိရောဂါ ပြင်းထန်စွာခံစားနေသောအမျိုးသမီးတစ်ဦးကို တွေ့မြင်၍

''အသင့်အား အဘယ်သို့သော ရောဂါရနေပါသလဲ''

ဟုမေးသည်။

''အရှင် ကျွန်မအားမျက်စိရောဂါဖြစ်ပြီး မျက်မမြင်ဖြစ်နေရပါသည်''

''ဒါဆို ငါသည်သင့်ကိုဆေးကုပေးပါမည်''

''အရှင်ဆေးကုတတ်လျှင် ဆေးကုပေးပါလော''

''အသင့်ကို ဆေးကုသပေးရမည်ဆိုလျှင် ဆေးဘိုးဝါးခ ပေးနိုင်ပါမည်လော''

''အရှင် အကယ်၍ ကျွန်မမျက်စိ ပကတိအတိုင်းကောင်းအောင် ကုသပေးနိုင်မည်ဆိုပါက ကျွန်မသည် သားသမီးနှင့်တကွ သင်၏ကျွန်ဘဝဖြစ်ခံယူပါမည်''

''ဒါဆိုလျှင် ကောင်းပြီ ကျွန်ုပ်ကုသပေးပါမည်''

မျက်စိဆေးဆရာသည် မျက်စိရောဂါရှင် အမျိုးသမီးထံမှ ဝန်ခံချက်ရသောအခါ အစွမ်းထက်မြက်သော ဆေးကိုပေး၍ ကုသရာ အမျိုးသမီး၏ မျက်စိသည် ပကတိအတိုင်း ဖြစ်လုနီးပါးရှိလာခဲ့သည်။

ရောဂါဝေဒနာသက်သာလာသော အမျိုးသမီးသည် မိမိ၏ ဝန်ခံချက်ကတိကိုစဉ်းစားမိပြီး စိုးရိမ်စိတ်ဝင်လာမိသည်။

''ငါသည် သားသမီးနှင့်တကွ ကျွန်ဖြစ်အံ့ဟု ဆေးဆရာအား ဝန်ခံ၍ ထားမိခဲ့သည့် ကတိအတိုင်း ကျွန်ဖြစ်နေပါက ဆေးဆရာသည် ငါ့ကိုသိမ့်မွေ့နူးညံ့သော စကားပြင့်ခိုင်းစေမှာမဟုတ်၊ ကျွန်သဘောထား၍ ကြမ်းတမ်းစွာပြောဆို ခိုင်းစေတော့မည်၊ ငါသည် ဆေးဆရာအားလှည့်ပတ်၍ ပြောဆိုမှသင့်မည်''

အမျိုးသမီးသည် ဤသို့စဉ်းစားမိပြီး ဆေးဆရာလာသောအခါ ဆေးဆရာက

''နှမ သင့်၏ရောဂါဝေဒနာသည် အဘယ်သို့ရှိသနည်း'' ဟုမေးသည်။

''အရှင်ဈေးအခါက မျက်စိရောဂါသည် အနည်းငယ်သာ ထုံကျဉ်နှိပ်စက်ပါသည်၊ ယခုမူကား ဈေးကထက် တိုး၍ထိုးကျင်ကိုက်ခဲလာပါသည်'' ဟုပြန်ပြောသည်။

''ဤမိန်းမသည် ငါ့ကိုဆေးဘိုးဝါးခ မပေးလို၍ လှည့်ပတ်ပြောဆိုခြင်းဖြစ်မည်။ သူမဆေးဖိုးမပေးရင်နေ၊ သူမဆေးဖိုးဖြင့် ငါ့အတွက်လောက်တော့မမှုလောက် သူမကိုတော့ ငါ့ဆေးအတတ်ဖြင့် မျက်စိကန်းအောင်ပြုအံ့''

သို့ကြံစည်လျက် ဆေးဆရာသည် မျက်စိကန်းစေသောဆေးကိုရှာကြံ ဖော်စပ်ပြီး ထိုမိန်းမထံပြန်သွားကာ

''နှမသင့်မျက်စိပိုကိုက်လျှင် ဤဆေးကိုကွင်းလော့''

ဟုပြောကာပေးသည်။

ဆေးကိုကွင်းကာမျှဖြင့် ထိုမိန်းမ၏ မျက်စိတို့သည် ဆီမီးလျှံကဲ့သို့ပေါက်ကွဲကာ ပျက်ကုန်တော့သည်။

ဆေးဖိုးမရရကောင်းလားဟူသော ဒေါသ ဆေးဆရာဆေးပညာတတ်သည်ဟူသော ဒေါသမာနဖြင့် တစ်ပါးသူ၏ ပျက်စီးမှုကိုရှေ့ရှုဆောင်ရွက်ခဲ့သော အတိတ်ဘဝက စက္ခုပါလမထေရ်၏မာနသည် ယခုဘဝတွင် မိမိမျက်စိနှစ်လုံး ကွဲပျက်ခြင်းဟူသော ဆိုးကျိုးကိုခံစားသွားရသည်မှာ သတိသံဝေဂရဖွယ်ကောင်းလှတော့သည်သာ။

**ဥစ္စာဂုဏ်မာန - သံသရာ၌ကျွန်မဘဝ**

ဂေါတမဘုရားရှင်လက်ထက် ကောသမ္ဗီပြည့်ရှင်ဘုရင် ဥတေန၏မိဖုရားဖြစ်သော သာမာဝတီ၏ အလုပ်အကျွေး ခုဇ္ဇုတ္တရာသည်သောတာပန်အရိယာဖြစ်ခဲ့သည်။ အတိတ်ဘဝက မိမိ၏သူဌေးသမီးဟူသော မာနဖြင့်ရဟန္တာမတစ်ဦးကို စေခိုင်းခဲ့သောအကုသိုလ်ကြောင့်ယခုဘဝကျွန်မဖြစ်ခဲ့ရသည်။

ကဿပဘုရားရှင်လက်ထက်ဖြစ်သည်။ ဗာရာဏသီပြည်၌ သူဌေးသမီးတစ်ဦးရှိသည်။ ထိုသူဌေးသမီးတွင် အဆွေခင်ပွန်း အမျိုးသမီး တစ်ဦးရှိသည်။ ထိုအဆွေခင်ပွန်းအမျိုးသမီးသည် တစ်ချိန်တွင် သာသနာ ဘောင်သို့ဝင်ကာ တရားအားထုတ်သဖြင့် ရဟန္တာမထေရီတစ်ဦးဖြစ်သွား လေသည်။

ထိုအဆွေခင်ပွန်း ရဟန္တာမသည် တစ်နေ့သောအချိန်တွင် အဆွေခင်ပွန်းဖြစ်သော သူဌေးသမီးအိမ်သို့ ညနေချမ်းအချိန်ကြွသွားလေ သည်။

ထိုအချိန်တွင် သူဌေးသမီးသည် ကြေးမုံ(မှန်)ကိုကြည့်ကာ အလှပြင်ဆင်နေလေသည်။ ထိုအချိန်တွင် အဆွေခင်ပွန်း ရဟန္တာမ ရောက်ရှိလာသည်။

သူဌေးသမီးသည် အလှပြင်ရင်းတစ်နေရာ၌ထားရှိသော အလှပြင်ပစ္စည်းထည့်သော ကြုတ်ကိုအလိုရှိသည်။ မိမိအနီးအပါး၌ ခိုင်းစေရာအစေခံကလည်း တစ်ယောက်မျှမရှိဖြစ်နေသည်။

သို့အတွက် ငါသူဌေးသမီးဟူသောမာနဖြင့် အဆွေခင်ပွန်း ရဟန္တာမကို ထိုကြုတ်ကိုသွားရောက်ယူခိုင်းလေသည်။

အဆွေရဟန္တာမသည် စဉ်းစားမိသည်။

''အကယ်၍ ငါသည်ဤကြုတ်ကို ယူမပေးပါက ငါ့ကိုစိတ်ဆိုး ရန်ဖွဲ့မည်။ ထိုသို့ဖြစ်ပါက သူမသည်သေသောအခါ ငရဲ၌ဖြစ်ရလိမ့်မည်။ အကယ်၍ သူမအားအစေအပါးအနေဖြင့် သူမခိုင်းသည့်အတိုင်း ယူပေး မိပါက သူမသည် နောင်ဘဝတစ်ခုခုတွင် သူတစ်ပါး အစေပါးခံရသော ကျွန်မဖြစ်လိမ့်မည်၊ ငရဲ၌ ပူလောင်ပြင်းပြစွာခံစားရသည်ထက် သူတစ်ပါး ကျွန်အဖြစ်က တော်ပါသေးသည်''

အဆွေရဟန္တာမသည် ဤသို့စဉ်းစားမိပြီး သူဌေးသမီးစေခိုင်း သည့်အတိုင်း အလှပြင်ကြုတ်ကိုယူပေးလိုက်သည်။

ဤအကုသိုလ်ကံကြောင့် သူဌေးသမီးသည် ဂေါတမဘုရားရှင်

လက်ထက်ဝယ် သာမာဝတီမိဖုရား၏ မင်းဝတ်အစေအပါးကျွန်မဖြစ်ရ တော့သည်။

ငါသူဌေးသမီးဟူသော ဥစ္စာမာနဖြင့် မြင့်မြတ်သော ပုဂ္ဂိုလ်ကို စေခိုင်းမိသော ခုဇ္ဇုတ္တရာအရိယာမ၏ ဘဝအကျိုးပေးပုံမှာလည်း သတိ သံဝေဂဉာဏ်ရပြီး မာန၏ဆိုးဝါးသော တုံ့ပြန်ချက်ကို သတိချပ်၍ ဆင်ခြင်ကြရန် ဖြစ်ပါသည်။

## ပညာမာန–ယှဉ်ပြိုင်လိုသော တပည့်ငါးရာ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ဖြစ်သည်။ ဘုရား လောင်းသည် ပုဏ္ဏားမျိုးဖြစ်၍ ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ်တတ် မြောက်ပြီးဒိသာပါမောက္ခဆရာကြီးတစ်ဦးအဖြစ် ထင်ရှားကျော်ကြားသည်။

ဒိသာပါမောက္ခဆရာကြီးထံတွင် တပည့်ငါးရာတို့သည် ဗေဒင် အတတ်ပညာကို သင်ယူကြသည်။

တပည့်ငါးရာသည် ဗေဒင်သုံးပုံ အလုံးစုံတတ်မြောက်ကြပြီး သော်

''ဆရာကြီးသည်လည်း အတတ်ပညာဤမျှလောက်သာတတ် သည်၊ ငါတို့သည်လည်း ဤမျှတတ်သည်၊ ဆရာကြီးနှင့် ငါတို့မည်သို့ ထူးခြားသနည်း''

ဟုမာနခိုင်မာစွာရှိကြပြီး ဆရာထံသို့လည်းမသွား၊ ဝတ်ကြီး ဝတ်ငယ်လည်းမပြုကြတော့။

တစ်နေ့တွင် ဆရာသည်ဆီးပင်ရင်း၌ ထိုင်နေသည်။ တပည့်များ သည်ဆရာကို ကဲ့ရဲ့ရှုတ်ချလိုသောစိတ်ဖြင့် ဆီးပင်ကိုလက်ဖြင့်ခေါက်၍

''ဤသစ်ပင်သည် အနှစ်သာရမရှိသည်သာလျှင်တည်း''

ဟုဆိုကုန်ကြသည်။

ဆရာသည်တပည့်များက မိမိကိုကဲ့ရဲ့ကြသည်ကိုသိ၍ တပည့် များအနီးသို့သွားပြီး

''တပည့်တို့သင်တို့အား ငါမေးခွန်းတစ်ခု မေးပါမည်''

''ဆရာမေးပါ၊ ဖြေဆိုပါမည်''

တပည့်များက ဆရာနှင့်ငါတို့သည် အတူတူတတ်ထားသည် ဟူသောမာနဖြင့် ဆရာသည် အတွေးခက်ရာခက်ဆစ် မေးနိုင်စရာ အကြောင်းမရှိဟု မှတ်ထင်ပြီး ဝမ်းမြောက်ဝမ်းသာဖြေဆိုပါမည်ဟု ပြောဆို ကြသည်။

''တပည့်တို့ အချိန်ကာလသည် မိမိနှင့်တကွ အလုံးစုံသော သတ္တဝါတို့ကို စားသွား၏။ အကြင်သတ္တဝါသည် ကာလကိုစား၏။ ထိုသတ္တဝါသည် သတ္တဝါတို့ကို ကျက်စေတတ်စေသော တဏှာတည်း ဟူသောမီးကို ဉာဏ်ဟူသောမီးဖြင့် လောင်မြိုက်စေသည်။ ထိုသူသည် မည်သူနည်း။ ကဲတပည့်တို့အဖြေပေးကြပါလေ''

ဆရာ၏ထိုမေးခွန်းကို မည်သည့်တပည့်မျှ အဖြေအပေးနိုင်ကြ ချေ။

''သင်တို့သည် ယခုငါမေးသော ပြဿနာကို ဗေဒင်သုံးပုံ၌ ရှိသည်ဟူ၍ မမှတ်ထင်ကြလင့်။ သင်တို့သည် အကြင်အတတ်ကို ဆရာ သည်သိ၏။ ထိုဆရာသိသမျှကို ငါတို့သိသည်ဟု ထင်မှတ်ကုန်၏။ ငါ့ကို ဆီးပင်နှင့်တူသည်ဟု ပြုကြ၏။ သင်တို့ထက် ငါကများသောအနက် အဓိပ္ပါယ်သိသည်ကို သင်တို့သိကြကုန်အံ့၊ သွားကြပါ ဤမေးခွန်းပြဿနာ ကိုခုနစ်ရက်စဉ်းစားပြီး ကြံစည်ကြပါ၊ ခုနစ်ရက်စေ့လျှင် အဖြေလာပေး ကြပါ''

တပည့်တို့သည် မိမိနေရာသို့သွား၍ ခုနစ်ရက်ပတ်လုံး ပြဿနာ အဖြေကိုရှာကြံစဉ်းစားကြသည်။ မည်သို့သော အဖြေကိုမှစဉ်းစား၍ မရကြပေ။

ခုနစ်ရက်မြောက်သောနေ့တွင် ဆရာထံသွားကြ၍ ရှိခိုးကာနေ ကြသည်။

''ကောင်းသောမျက်နှာရှိကုန်သော လုလင်တို့ ပြဿနာအဖြေ ကိုရခဲ့ကြပြီးလော''

ဟုမေးသည်။

''ဆရာအဖြေကိုမရခဲ့ကြပါ''

ဆရာသည်တပည့်များကို ကဲ့ရဲ့ရင်းအဖြေကို ပေးလိုက်သည်။ လည်ပင်း၌စွပ်ထားသော များစွာသောဆံပင်အမွေးရှိကုန်သော လူတို့၏ ဦးခေါင်းများစွာရှိပါသည်။

ထိုဦးခေါင်းများစွာရှိပေမင့် တစ်ခုသောဦးခေါင်းသည်သာလျှင် သိတတ်သော နားရှိပေသည်။

ဆိုလိုသည်မှာ လူများစွာ ဦးခေါင်းများစွာရှိသည်မှန်သော်လည်း သိမြင်တတ်သော ဉာဏ်ရှိသော ဦးခေါင်းရှိသူသာ အဓိကဖြစ်သည်ဟု ဆိုလိုပါသည်။

ထိုအခါကျမှ တပည့်များသည် ဆရာ၏ဉာဏ်ပညာစွမ်းရည်ကို ချီးမွမ်းအံ့သြကြပြီး မိမိတို့၏မာန်မာနကိုချကာ ဆရာကိုပြုစုလုပ်ကျွေးကြလေတော့သည်။

သို့တွက် ငါသိ ငါတတ် ငါတော်ဟူသော မာန်မာနသည် နေရာတိုင်းတွင် မမှန်မကန်သည်ကို သတိပြုရန် လိုအပ်ပါသည်။

(ဒုကနိပါတသိင်္လဝင် -မူလပရိယာယဇာတ်)

**မာနအများဘဝပျက်လုနီးပါမျှ**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလဖြစ်သည်။ သုဇာတအမည်ရှိသော အမျိုးသမီးငယ်သည် ရုပ်ရည်အဆင်းလှပတင့်တယ်သလို အသံကလည်းသာယာလှသည်။

သို့သော် သူမဘဝသည် ဥစ္စာနေပြည့်စုံမှုမရှိ ဆင်းရဲနွမ်းပါးလှသည်အတွက် နေ့စဉ်ဆီးသီးရောင်းထွက်၍ ဘဝကို ရပ်တည်နေရသူလေးဖြစ်သည်။

တစ်နေ့တွင် သူမသည် ဆီးသီးရောင်းရင်း မင်းနန်းရင်ပြင်ရောက်သွားသည်၊ သာယာအသံကလေးဖြင့် ''ဆီးသီးယူကြဦးမလား၊

ဇီးသီးချိုချိုလေးတွေပါတယ် '' ဟုအော်ဟစ်၍ ဝယ်ယူလိုသူကိုအသီး ပေးသည်။

ထိုအချိန်တွင် ဗာရာဏသီမင်းကြီးသည် လေသာ ပြတင်းပေါက် ကိုဖွင့်လှစ်၍ ပြင်ပနန်းရင်ပြင်သို့ လှမ်းမျှော်ကြည့်နေစဉ် ဇီးသီးသည် သူဇာတ၏ သာယာသောအသံကိုကြားရ၍ အသံ၌ နှစ်သက်သာယာမှုကို ခံစားရသည်။ နန်းရင်ပြင်ဖြတ်၍ လျှောက်သွားသော သူဇာတ၏ ရုပ်ဆင်း အင်္ဂါကိုမြင်သော် အနေစုတ်ပေမယ့် ရုပ်ရေက ရွှေထုပ်တဲ့မြပုဝါအသွင် မြင်ရ၍ မြင်မြင်ချင်းပင်ကြိုက်နှစ်သက်ပြီး သူဇာတကိုခေါ်ယူကာ မျိုးရိုး ဇာတိနှင့် လင်ရှိမရှိမေးပြီး လင်မရှိမှန်းသိသောအခါ ဗာရာဏသီမင်းက တော်ကောက်၍ မိဖုရားအရာမြှောက်စားလေတော့သည်။

ဇီးသီးသည်ဘဝမှ မိဖုရားကြီးအရာသို့ရောက်ခဲ့ရသော သူဇာတ သည်တဖြည်းဖြည်းစည်းစိမ်ယစ်မူးလာကာ မာန်ဝင်လာသည်၊ ဘဝကိုမေ့ သယောင်ပြုလာသည်။

တစ်နေ့သောအချိန်တွင် မင်းကြီးသည် မိဖုရားကြီး သူဇာတ ၏အဆောင်တွင်ဆက်သလာသော ဇီးသီးမှည့်များကို သုံးဆောင်နေလေ သည်။ သူဇာတသည် စည်းစိမ်ယစ် ပြီးဘဝမေ့သော မာန်ဝင်ကာဇီးသီးကို ပင်မသိသလိုဖြစ်ကာ

''အရှင်မင်းကြီး ရွှေခွက်ထဲတွင်ထည့်ထားသော အသီးတွေဟာ အနီရောင်အဆင်းလည်းရှိကြပါတယ်။ သန့်လည်းသန့်ရှင်းပြီး ချောလည်း ချောမွေ့လှပါတယ်၊ အဲဒါဘာသီးတွေပါလဲ''

ဟုမိမိဘဝကိုမေ့ကာ မင်းကြီးကိုမေးလိုက်မိသည်။

ထိုအခါမင်းကြီးသည် မိဖုရားကြီးကို သူဇာတ၏အမေးကိုကြား လိုက်ရသောအံ့အားလည်းသင့်၏။ ဘဝဟောင်းကိုမေ့၍ မာန်တက်ယစ် လာသော သူဇာတအပေါ်၌ ဒေါသလည်းထွက်မိသည်။

''ဟယ် မိဖုရား သင်ဟာရှေးက ဆံပင်ဖားလျားချသော ဦးခေါင်း ပြင့်အဝတ်နွမ်းကိုဝတ်၍ ခါးပိုက်၌ ထောင်ထားသော လက်ရှိသည်ပြစ်

၍ ဖီးသီးတို့ကို ဆွတ်ခူးခဲ့၏။ ယခုငါစားနေသော အသီးသည်ကား သင်၏အမျိုးတို့က ပေးသော ဖီးသီးပင်ဖြစ်သည်မဟုတ်ပါလော''

ဤမိန်းမယုတ်သည် မင်းအိမ်၌နေသည်ရှိသော်ႇ ပူ၏။ မမွေ့လျော်သော မင်း၏စည်းစိမ်တို့သည် မိန်းမယုတ်ကို စွန့်အပ်ကုန်၏။ အကြင်အိမ်၌ ဆီးသီးကိုရောင်းလျက် အသက်မွေးလတ္တံ့၊ ထိုအိမ်သို့သာ မိန်းမယုတ်ကို ပို့ကြကုန်လော'' ဟုအမိန့်ထုတ်လေသည်။

ထိုအခါကျမှဖီးသီးသည် သုဇာတသည် ဆောက်တည်ရာမရ ငိုပွဲချရတော့သည်။

ထိုအချိန်တွင် အမတ်ပညာရှိသည် ဤမိဖုရားနှင့်မင်းအတွက် ငါမှတစ်ပါး ပြန်လည်သင့်တင့်အောင် လုပ်ပေးနိုင်မည့်သူသည် အခြားမရှိပြီဟု စဉ်းစာဆင်ခြင်ပြီး မင်းကိုလျှောက်လေသည်။

''မြတ်သောမင်းကြီး အခြံအရံ ပြည့်စုံပြီးကျော်စောခြင်းသို့ ရောက်ကုန်သော မိန်းမဟူသမျှသည် မာန်ယစ်က မေ့လျော့တတ်စမြဲဖြစ်ပါသည်။ မင်းကြီးသည် သုဇာတကို အမျက်မထွက်သင့်ပါ ဟုလျှောက်ထားရာ မင်းကြီးက ပညာရှိအမတ်၏လျှောက်ထားချက်ကို လက်ခံကာ သုဇာတအပေါ် အမျက်ပြေပြီး မိဖုရားအရာကို ပြန်ပေးလေသည်။

ဤလောက၌ ပုထုဇဉ်လူသားတို့သည် ဘဝ၌ဥစ္စာဓန ရာထူးဂုဏ်သိမ်ပြည့်စုံလာသည့်အခါ ဘဝကိုမေ့၍ မာန်ယစ်တတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ထိုမာန်ယစ်မှုသည် မိမိဘဝကို အချိန်မရွေးပျက်စီးစေခြင်းသို့ ရောက်စသည်မှာ အမှန်ဖြစ်ပါသည်။

ဖီးသီးသည် သုဇာတသည် မိဖုရားဂုဏ်နှင့် စည်းစိမ်ဥစ္စာပြည့်စုံမှုအပေါ်၌ ဘဝမေ့ကာမာန်ယစ်ခဲ့ရာမှ ဘဝပျက်လုနီးပါးဝယ် ပညာရှိအမတ်က ကယ်၍ဘဝချမ်းသာမှု ဆက်လက်ရပ်တည်နိုင်ခဲ့ရသည်။

သို့အတွက် ဘဝကိုအောက်ခြေလွတ်မမေ့ရန်နှင့် မာန်မယစ်ရန် အထူးသတိထားကြရသည်။

---

ဆုပြည့်စုံထွန်းစာပေ

**မတုသင့်သည်ကိုတုရ၍ ပျက်စီးရသော သစ်တောက်ငှက်**

ရှေးအခါက သစ်တောက်ငှက်နှစ်ကောင်သည် အဆွေခင်ပွန်းဖြစ်ကြ၍ ခဒိရဝနိယအမည်ရှိသော သစ်တောက်ငှက်သည် ရှားတော၌ကျက်စား၍ ရှားပင်ကို ငယ်ငယ်ထဲက နှုတ်သီးပေါက်၍ ပိုးကောင်ရှာစားသောအလေ့အကျင့်ထား၍ သူ၏နှုတ်သီးသည် ရှားပင်အမာကို ထိုးဆိတ်ပေါက်၍ ပိုးကောင်များကိုရှာစားနိုင်သည်။

ဂန္ဓဂလကမည်သော သစ်တောက်ငှက်သည် လက်ပံတော၌ကျက်စား၍ လက်ပံပင်ကိုသာ ငယ်စဉ်ကတည်းက နှုတ်သီးဖြင့်ပေါက်၍ပိုးကောင်များကို ရှာစားသော အလေ့အကျင့်ရှိသည်။

တစ်နေ့တွင် လက်ပံတောနေ ဂန္ဓဂလကသစ်တောက်ငှက်သည်မိတ်ဆွေရှားတောနေ ခဒိရဝနိယသစ်တောက်ငှက်ထံသို့ လာရောက်လည်ပတ်သည်။

ခဒိရဝနိယသည် မိတ်ဆွေဂန္ဓဂလကကို ရှားတောမှရှားပင်ကိုမိမိနှုတ်သီးဖြင့်ပေါက်၍ ပိုးကောင်များကို ရှာဖွေကျွေးမွေးသည်။

ဂန္ဓဂလကသည် ခဒိရဝနိယရှာပေးသော ပိုးကောင်များကိုစားသောက်ရင်း

''သူလည်းသစ်တောက်ငှက်မျိုး ငါလည်းသစ်တောက်ငှက်မျိုးပဲသူရှာပေးတာကိုချည်း ငါကလက်ဝေခံပြီး ဘာပြုလို့စားရမှာလဲ၊ ငါ့မှာလည်းသူလိုနှုတ်သီးရှိနေတာပဲ၊ ငါ့ဘာသာငါ ငါ့နှုတ်သီးဖြင့် ပေါက်ပြီးရှာစားမှာပေါ့''

ဟုမခံချင်စိတ်မာနဝင်လာကာ မိမိနှုတ်သီးသည် အနှစ်မရှိသောလက်ပံတော၌ ထိုးဖောက်ခဲ့သော အလေ့အကျင့်ရှိသည် အလွန်မာသောရှားပင်ကို ထိုးဖောက်နိုင်သော အလေ့အကျင့်မရှိသည်ကို အတိုင်းအရှည်ပမာဏမသိဘဲ ခဒိရဝနိယသစ်တောက်ငှက်ကို တုဖက်၍ အနှစ်အပြည့်ရှိသောရှားပင်ဆီသို့ တစ်ဟုန်ထိုးပျံသန်းကာ နှုတ်သီးဖြင့်ပေါက်လိုက်သည်။

ထိုခဏမှာပင် မာသောရှားပင်၏ တုံ့ပြန်ဒဏ်ကြောင့် ဂန္ဓဂလက

သစ်တောက်ငှက်သည် နှုတ်သီးကျိုးပဲ့၊ ဦးခေါင်းလည်း ကွဲကာ မျက်လုံး နှစ်လုံးလည်းထွက်ပြီး မြေပေါ်သို့ကျလျက် မရှူမလှုသေဆုံးရလေသည်။

''ကိုယ်နှင့်မတန် စိတ်မာန်ရှေ့ထား ပြုမိမှားက ပျက်ငြားကိုယ် သာခံဘိုရာ'' ဟုဆိုထားသည့်အတိုင်း မတုသင့်သောအရာကိုတုက မိမိ သာလျှင်ပျက်စီးရသည်ကို သတိပြုဆင်ခြင်ရသည်။

## အတိုင်းအရှည်မသိသော မာနကြောင့် ဘဝဆုံးရှုံးရသော ချေးပိုးထိုး

အင်္ဂတတိုင်း– မာဂဓတိုင်းရှိ ကုန်သည်တို့သည် တစ်တိုင်းနှင့် တစ်တိုင်းကုန်ကူးသန်းသွားလာ ရောင်းဝယ်မှုပြုကြသည်။

ထိုတိုင်းနှစ်တိုင်း၏ အလယ်တွင် သောက်ရေ သုံးရေအသုံးပြု ရသောရေကန်ကြီးတစ်ကန် ရှိလေသည်။

တစ်နေ့သောအချိန်တွင် ကုန်သည်တို့သည် ထိုရေအိုင်သို့ ရောက်ကြပြီး အနားယူရာ သောက်စားမူးယစ်ပြီး ကုန်သွယ်ခရီးကို ဆက်လက်ထွက်ခွာသွားကြလေသည်။

ထိုကုန်သည်တို့ထွက်ခွာသွားသောအခါ ချေးပိုးထိုးတစ်ကောင် သည်မစင်နံ့ကို အနံ့ခံယူကာ ထိုနေရာသို့ရောက်ရှိလာသည်။ ကုန်သည် များသောက်စားကျန်ရစ်သော သူရာခွက်ကပ်ကိုတွေ့ရ၍ ခွက်ကပ်ရေကို သောက်မိလေသည်။

ထိုသေရည်သောက်မိသော မစင်ပိုးသည် မူးယစ်ပြီးလျှင် မာန် တက်လာကာ မစင်ပုံပေါ်သို့တက်လေသည်။ မစင်သည် စိုနေသောကြောင့် အနည်းငယ်နိမ့်ဝင်သွားသည်။

ထိုသည်ကို ချေပိုးထိုးသည် ငါ့ကိုမခံနိုင်သောကြောင့် နိမ့်ဝင် သွားသည်ဟုမာန်ဖြင့် ကြုံးဝါးလေသည်။

ထိုခဏမှာပင် မုန်ယစ်သောဆင်တစ်ကောင်သည် ထိုအရပ် သို့ရောက်လာသည်။ မစင်နံ့ နံသည်ကိုစက်ဆုပ်ရွံရှာသောကြောင့် ထိုနေ ရာမှဖဲခွာသွားလေသည်။

---

ဆုပြည့်စုံထွန်းစာပေ

ဆင်ကြီးဖဲခွာသွားသည်ကို မြင်သောချေးပိုးထိုးကောင်သည် ဤဆင်ကြီးသည် ငါ့ကိုကြောက်သောကြောင့် ထွက်ပြေးသည်ဟု ထင်မှတ်ကာ ဆင်ပြောင်ကြီးနှင့်စစ်ထိုးလိုသည်ဖြစ်၍

''ရဲရင့်သော ဆင်ပြောင်ကြီး လုံ့လဝီရိယကြီးစွာ စစ်ထိုးခြင်း ငှာစွမ်းနိုင်သောငါနှင့် ရင်ဆိုင်မိပါလျက် အဘယ်ကြောင့် စစ်မထိုးဘဲ ပြန်လှည့်ပြေးရပါသလဲ၊ ပြန်လှည့်ခဲ့ပါဦး သင်နှင့်ငါတစ်ကြိမ်လောက် စစ်ထိုးကြည့်ရအောင် ငါတို့စစ်ထိုးသည်ကိုလည်း အင်္ဂတိုင်း- မာဂဓ တိုင်းသားတို့တွေ့မြင်နိုင်ပါစေ''

ဟုအော်ဟစ်ကြုံးဝါးပြီး မာန်တက်ကာပြောလေသည်။

ဆင်ပြောင်ကြီးသည် ချေးပိုးထိုး၏ မာန်ဝင့်စကားကြားရ၍ ချေးပိုးထိုးထံ ပြန်လှည့်ကာ ချေးပိုးထိုးကိုစေ့စေ့ကြည့်ပြီး

''ချေးပိုးထိုး သင့်ကိုငါက ခြေနှင့်လည်းမသတ် အစွယ်ဖြင့်လည်း မထိုးသတ် နှာမောင်းဖြင့်လည်းမသတ် မစင်ဖြင်သာသင့်ကိုသတ်မည်''

ဟုပြောပြီး ကြီးစွာသောမစင်ကို ချေးပိုးထိုးပေါ်သို့ ယိုချလိုက် သည်။

ချေးပိုးထိုးသည် ထိုဆင်ပြောင်၏ မစင်၊ ကျင်ငယ်တို့ဖိနှိပ် မိသောဒဏ်ကြောင့် သေဆုံးခြင်းသို့ ရောက်ရလေသည်။

ထို့နောက်ဆင်ပြောင်သည် ကြိုးကြာသံကဲ့သို့ အသံပြုကာ ထွက်ခွာသွားခဲ့လေသည်။

သူရာယစ်မှုကြောင့် အတိုင်းအရှည်ကိုမသိဘဲ မာန်ယစ်သော ချေးပိုးထိုးသည် မရှုမလှဘ၀ဖြင့် သေပွဲဝင်ရတော့သည်သာ။

**မဆင်မခြင်မာန်တက်၍ ဘဝပျက်ရသောမျှော်း**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ဖြစ်သည်။ ထိုမင်းတွင် ဗေဒင်သုံးပုံနှင့် အဌာရသပညာတို့ကို တစ်ဘက်ကမ်းရောက် တတ်မြောက်သော ပုရောဟိတ်ပုဏ္ဏားတစ်ယောက် ရှိသည်။

ပုရောဟိတ်ပုဏ္ဏားသည် ထိုအတတ်ပညာများအပြင် မြေပြင်၌ ရန်ကိုလည်းစေတတ်သော မန္တာန်(ပထဝီဇယမန္တာန်)ကိုပါတတ်မြောက်လေသည်။

တစ်နေ့တွင် ပုရောဟိတ်ပုဏ္ဏားသည် ထိုမန္တာန်ကိုကျောက်ဖျာတစ်ခုပေါ်၌ ထိုင်လျက် သရဇ္ဈာယ်မှုပြုလေသည်။

ပုရောဟိတ်ပုဏ္ဏားသည် မန္တာန်သရဇ္ဈာယ်သောကျောက်ဖျာအနီးရှိ တွင်းတစ်ခု၌ မြေခွေးတစ်ကောင်သည် တည်ရှိနေသည်။

ထိုမြေခွေးသည် အတိတ်ဘဝက ပထဝီဇယမန္တာန်ကို လေ့လာခဲ့ဖူးသောပုဏ္ဏားဖြစ်ခဲ့ဘူးသည်။

မြေခွေးသည် ပုရောဟိတ်ရွတ်ဖင်သရဇ္ဈာယ်သော မန္တာန်ကိုအာရုံစိုက်နားထောင်ပြီးနောက်မှလိုက်ကာ သရဇ္ဈာယ်ရွတ်ဖတ် လေ့ကျင့်ပြုလုပ်လေသည်။

ပုရောဟိတ်သည် မန္တာန်ရွတ်ဆိုပြီး၍ နေရာမှထသောအခါမြေခွေးသည်တွင်းမှထွက်၍

''အို ပုဏ္ဏား ဤမန္တရားကို ငါသည်လည်းနှုတ်တက်ရ၏''

ဟုပြောဆိုပြီး အဝေးသို့ထွက်ပြေးလေသည်။ ထိုအခါ ပုရောဟိတ်သည်

''ဤမြေခွေးသည် များစွာသောအကုသိုလ်အမှုတို့ ပြုလိမ့်မည်''

ဟုတွေးမိပြီး ဤမြေခွေးကိုဖမ်းကြလော့၊ ဖမ်းကြလော့ဟု အော်ဟစ်၍ အတန်ငယ်လိုက်သည်။

မြေခွေးသည် တောထဲသို့ဝင်ပြေးလျက် တောထဲတွင်တွေ့သော မြေခွေးမတစ်ကောင်ကို တွေ့၍လိုက်လေသည်။

''သခင်အဘယ်ကြောင့်လိုက်ပါသနည်း''

ဟုမြေခွေးမကမေးသည်။

''သင်သည် ငါ့ကိုသိပါသလော မသိဘူးလော''

ဟုမြေခွေးကမေးသည်။

''သခင်သိပါ၏''

မြေခွေးမက ထိုသို့ဆိုသောအခါ ထိုမြေခွေးမကို မိမိ၏မိဖုရား အဖြစ်တင်မြှောက်သည်။ ထို့နောက် ပထဝီဇယမန္တာန်ကို ရွတ်ဆို၍ မြေခွေးပေါင်းများစွာကို စုစည်းခြံရံစေသည်။

ထို့နောက်တောထဲရှိ ဆင်၊ ခြင်္သေ့၊ ကျား၊ ဝက် သမင်ရှိသော အခြေလေးချောင်းရှိသော သတ္တဝါတို့ကို မိမိအား ဝိုင်းရံခစားစေသည်။

မြေခွေးသည် မိမိကိုယ်ကို "သဗ္ဗဒါဌ" မြေခွေးမင်းဟု သမုတ် ကာဆင်ထက်၌ ခြင်္သေ့ကိုစီးစေပြီး မိမိနှင့် မိမိ၏မိဖုရား မြေခွေးမတို့က ခြင်္သေ့ထက်မှစီးကာ အလုံးစုံသော ခြေလေးချောင်းရှိသော သတ္တဝါတို့ကို ဝိုင်းရံခစားပြီး သွားလာ၍နေလေသည်။

ထိုသဗ္ဗဒါဌ မြေခွေးမင်းသည် မိမိ၏အခြံအရံများသည်ကို မာန်တက်ကာ ငါသည်တောတွင်းဘုရင်သာမဟုတ်၊ ဗာရာဏသီမင်း အဖြစ်ကိုယူပါမည်"ဟုမာန်ဝင့်ကာသတ္တဝါအပေါင်းခြံရံလျက် ဗာရာဏသီ သို့လာလေသည်။

ဗာရာဏသီပြည်အနီးဖြစ်သော အရပ်သို့ရောက်သောအခါ နေရာချထားနားသည်။ မြေခွေး၏ ပရိသတ်သည် (၁၂)ယူဇနာ အပြည့် ရှိသည်။

"မင်းအဖြစ်ကိုပေးမည်လော၊ စစ်ထိုးမည်လော"

ဟုမြေခွေးက ဗာရာဏသီမင်းထံ အကြောင်းကြားသည်။

ဗာရာဏသီပြည်နေ ပြည်သူတို့သည် ကြောက်လန့်ပြီး မြို့တံခါး တို့ကိုပိတ်၍ နေကြလေသည်။

ပုရောဟိတ်သည် မင်းထံဝင်၍

"မြတ်သောမင်းကြီး သဗ္ဗဒါဌမြေခွေးနှင့် စစ်ထိုးရန်မှာ ကျွန်ုပ်၏ တာဝန်သာဖြစ်ပါစေ၊ ကျွန်ုပ်မြေခွေးနှင့်စစ်ထိုးနိုင်ပါသည်"

ဟုလျှောက်ထားပြီး မြို့သူမြို့သားများကိုလည်း ကြောက်လန့်မှုမှ သက်သာရ ရစေပြီး မိမိကိုယ်တိုင် မြို့ပိုးပေါ်တက်ကာ မြေခွေးကိုမေး သည်။

''အိုမြေခွေး အဘယ်ပြု၍ ဤမြို့ကိုသိမ်းပိုက်မည်နည်း''''

''ပုဏ္ဏား ခြင်္သေ့ကိုဟောက်စေ၍ လူအများ ခြင်္သေ့မင်း ဟောက်သံဖြင့်ထိတ်လန့်စေကာ ဤမြို့ကိုသိမ်းပိုက်ပါမည်။

ပုရောဟိတ်သည် မြေခွေး၏ ထိုစကားကြားရလျှင် မြို့ထိပ် ပြဿဒ်စင်မှဆင်းသက်ပြီးလျှင် မြို့နှင့်မြို့ပတ်ဝန်းကျင် (၁၂)ယူဇနာရှိ လူအပေါင်းတို့ကို ပဲကြီးမုန့်ညက်ဖြင့် နားတို့ကို ပိတ်ဆို့ထားစေရန် စည်ကို လှည့်လည်စေသည်။

လူတို့သည် ထိုစည်သံကိုကြား၍ မိမိတို့နှင့်အတူရှိသော နွား၊ ခွေး၊ ကြောင် စသောသတ္တဝါတို့ကိုပင် နားများကို ပဲကြီးမုန့်ညက်ဖြင့် ပိတ်ဆို့ကာ ထားကြလေသည်။

ပုရောဟိတ်သည် အလုံးစုံ လှည့်လည်ပြီးသောအခါမြို့ရိုး ပစ္စင် သို့တက်ကာမြေခွေးကို မေးပြန်သည်။

''မြေခွေး ဤမြို့ကိုအဘယ်သူပြု၍ သိမ်းမည်နည်း''

''ခြင်္သေ့ကိုဟောက်စေ၍ လူတို့ကိုသေစေကာ သိမ်းပိုက်မည်''

''မြေခွေး ကေသရာဇာခြင်္သေ့မင်းသည် မြတ်သောအမျိုးဖြစ် သည်၊ သို့တွက် သင်ကဲ့သို့သော မြေခွေးခိုင်းတာကို လုပ်မည်ထင်ပါ သလော''

''ပုဏ္ဏား အခြားခြင်္သေ့ကိုထားဦး ယခုငါစီးနေသော ခြင်္သေ့ကို ဟောက်ရန်ခြေဖြင့် အမှတ်ပြုသည်။

ခြင်္သေ့သည် ဆင်ဦးကင်းထက်နေလျက် မြေခွေး၏မန္တာန်ကို မလွန်ဆန်နိုင်၍ ဦးမော်ကာ သုံးကြိမ်ဟောက်သံပြုလေသည်။

ခြင်္သေ့ဟောက်သံကြောင့် ဆင်တို့သည် ကြောက်လန့်ခြင်းဖြစ်ပြီး ကိုယ်ကိုတုန်လှုပ်ခါချကြရာ မြေခွေးသည် ဆင်ခြေရင်း၌ ကျကာ ဆင်၏ ခြေဖြင့်ညက်ညက်ကြေအနင်းခံရရာ သေဆုံးခြင်းသို့ ရောက်ရလေသည်။

အားလုံးသော မြေခွေးအခြံအရံ သတ္တဝါတို့သည် ခြင်္သေ့ ဟောက်သံကြောင့် အတုံးအရုံးသေဆုံးကြလေသည်။

ထိုအခါကျမှ ခြင်္သေ့များသည် တော့သို့ပြေးဝင်ကြသည်။ ပုရောဟိတ်သည်မြို့ရိုးပစ္စင်မှ ဆင်းသက်ပြီး လူအပေါင်းအား ပိတ်ထားသောနားများကိုဖွင့်စေသည်။ အသားကိုအလိုရှိသော သူများသည်လည်း အသားများကိုလိုသလောက် ယူရန်ပြောကြားသည်။

မြို့သူမြို့သားတို့သည် တစ်ယူဇနာအတွင် သေကြေကြသော သားကောင်တို့၏အသားများကို ယူကြကာ ချက်ပြုတ်စားသောက်ကြပြီး ပိုသောအသားတို့ကို အသားမျှင်ပြုလုပ်ထားကြသည်။

အတိုင်းအရှည်မသိသော မာနခက်ထန်မှုကြောင့် သဗ္ဗဒါဌ်မြေခွေးသည် အခြံအရံစည်းစိမ်ကို မခံစားရဘဲ ဆင်ခြေထောက်၏အောက်ဝယ်မှုန့်မှုန့်ညက်ညက် အနင်းခံရပြီး သေပွဲပင်ရတော့သည်သာ။

**မတုပအပ်သောမာနကြောင့် ဘဝပျက်ရသောမြေခွေး**

ကေသရာဇာ ခြင်္သေ့မင်းတစ်ကောင်သည် ဟိမဝန္တာရှိ ရွှေဂူ၌နေသည်။ တစ်နေ့တွင် ခြင်္သေ့မင်းသည် အစာရှာထွက်ရင်း ကျွဲတစ်ကောင်ကိုတွေ့၍ သတ်စားပြီးနောက် ရေကန်၌ ရေသောက်ပြီး မိမိလိုဏ်ဂူသို့ပြန်လာခဲ့သည်။

ထိုလမ်းခရီးတွင် မြေခွေးတစ်ကောင်သည် အစာရှာထွက်ရင်း အမှတ်မထင် ခြင်္သေ့နှင့်တွေ့၍ ပြေး၍မလွတ်တော့သည့်အတွက် ခြင်္သေ့ရှေ့ဝယ် လက်နှစ်ဖက်ဖြင့် ရှိခိုး၍ ဝပ်နေလေသည်။

''မြေခွေးဘာကိုအလိုရှိ၍ ငါထံခစားသနည်း''

''အရှင် ကျွန်ုပ်သည် အရှင်၏ခြေရင်း၌ လုပ်ကျွေးလို၍ ခစားပါသည်''

''ဒါဆိုကောင်းပြီ လိုက်ခဲ့လော့၊ ငါ့ကိုလုပ်ကျွေးလော့၊ သင့်ကိုကောင်းသောအသားကို ကျွေးမည်''

ခြင်္သေ့သည် မြေခွေးကိုခေါ်ကာ မိမိလိုဏ်ဂူ၌နေစေသည်။ မိမိ၏စားကြွင်းကိုစားစေသည်။ မြေခွေးသည် မပင်မပန်းဘဲ အစားကောင်း

စားနေရသဖြင့် နှစ်ရက်သုံးရက် အလွန်တွင် ဝဖြိုးလာသော ကိုယ်ရှိလာသည်။

တစ်နေ့တွင် ခြင်္သေ့က မြေခွေးကို

''မြေခွေး တောင်ထိပ်ပေါ်ကနေ ပတ်ဝန်းကျင်ကိုကြည့်ပါ။ သင်စားလိုသော ဆင်၊ မြင်း၊ ကျွဲ၊ စသည်တို့ကိုကြည့်ပါ။ တွေ့လျှင် သင်စားလိုသောအကောင်ကိုမှတ်ပြီး ငါ့ကိုရှိခိုးပြီး၍ အရှင်ထွန်းပလော့ဟု ဆိုပါ။ ထိုအသားကိုသတ်၍စားမည် ပြီးလျှင် သင့်ကိုပေးကျွေးမည်''

ဟုပြောသည်။

မြေခွေးသည် ခြင်္သေ့ဆိုသည့်အတိုင်း တောင်ထိပ်တက်၍ သားကောင်တို့ကိုကြည့်သည်။ မိမိစားလိုသော သားကောင်ကို ခြင်္သေ့အား ပြန်ပြောပြသည်။

ခြင်္သေ့က ထိုသားကိုသတ်၍ မိမိလည်းစားသည်၊ မြေခွေးအား လည်းကျွေးမွေးလေသည်။

ကာလအတန်ကြာသော် မြေခွေးသည် အစာဝပြီးဆူဖြိုးသော ခန္ဓာကိုယ်ရှိကာ မာန်ဝင်လာသည်။

''ခြင်္သေ့လည်း အခြေလေးချောင်းရှိ ငါသည်လည်း အခြေလေး ချောင်းရှိသည်။ ဘာပြုလို့ သူတစ်ပါးရှာကျွေးတာကို စားနေရမလဲ၊ ငါသည် လည်းယနေ့မှစ၍ဆင်စသည်တို့ကိုသတ်၍အသားကိုစားအံ့၊ သားတို့၏မင်း ဖြစ်သောခြင်္သေ့သည် အရှင်ထွန်းပလော ဟုဆိုသောစကားကိုမှီ၍ ဆင်တို့ ကိုသတ်၏ ငါသည်လည်းခြင်္သေ့ကိုထွန်းပလော့ ဟုဆိုစေ၍ ဆင်တစ် ကောင်ကိုသတ်၍ အသားကိုစားအံ့''

ဟုနောက်မြေခွေးသည် မတန်မရာမာနကို မွေးမြူပြီး ခြင်္သေ့ထံ သို့သွားကာ မိမိအကြံအစည်ကို ပြောပြသည်။

''မြေခွေး သင်သည်ဆင်တို့ကို မသတ်နိုင်ပါ။ ဆင်ကိုသတ်၍ စားနိုင်သော မြေခွေးမည်သည် လောက၌မရှိပါ။ သင်သည်ဤအမှုကိုပြု ရန်မနှစ်သက်ပါလင့်၊ ငါပေးသောအသားကိုစား၍သာ အေးအေး ဆေးဆေးနေပါလော''

ခြသေ့်က မြေခွေးကို ဤသို့နားချသည်ကို မြေခွေးကလက်မခံ သူကိုယ်တိုင်ဆင်ကိုသတ်ရန်ကိုသာ ခွင့်အကြိမ်ကြိမ်ခွင့်ပန်လေသည်။

နောက်ဆုံးတွင် မြေခွေး၏အကြိမ်ကြိမ်တောင်းပန်မှုကြောင့် ခြသေ့်သည် မြေခွေးအား ဆင်ကိုဖမ်းသတ်ခွင့်ပေးလိုက်သည်။ မြေခွေး ပြောသည့်အတိုင်း ခြသေ့်က သားကောင်ကိုကြည့်ပြီး မြေခွေးကို ဖမ်းစေ သည်။ မြေခွေးသည် လိုဏ်ဂူမှထွက်၍ အရပ်လေးမျက်နှာကို ကြည့်၍ သုံးကြိမ်ဟောင်ကာ အမုန်ယစ်နေသော ဆင်၏ ဦးခေါင်း၌ ကျစေအံ့ဟု ဆိုပြီး ဆင်၏ဦးခေါင်းပေါ်သို့ ခုန်ချလိုက်သည်။

သို့သော် ဆင်၏ဦးခေါင်း၌မကျ ခြေဘေး၌ ကျသဖြင့်ဆင်က ခြေကိုမကာ မြေခွေး၏ ဦးခေါင်းကိုနင်းသတ်သည်။ ဦးခေါင်းရိုးကို မှုန့်မှုန့် ကြေအောင်ပြုပြီး မြေခွေးပေါ် မစင်စွန့်ကာ ကြိုးကြာသံကဲ့သို့ အသံမြည် ပြီးထွက်ခွာသွားတော့သည်။

ဤ၌မြေခွေးသည် မတော်သင့်သောမာနကိုတု၍ ပြုလုပ်ခဲ့သော ကြောင့်ဘဝပျက်ကာ မရှုမလှသေဆုံးခြင်းဖြစ်၍ မာနသည် ကြောက်စရာ ကောင်းလှသည်ကို သတိပြုရန် လိုအပ်ပါသည်။

## မတော်သင့်သော မာန်ကိုထား၍ ဘဝပျက်ရသော ကျီးကန်း

ဝိရတမည်သော တင်ကျီးငှက်တစ်ကောင်သည် ဟိမဝန္တာအနီးရှိ ရေအိုင်တစ်အိုင်ကို အမှီပြု၍နေသည်။

တစ်နေ့သောအခါတွင် မြို့မှာအစာရေစာရှားပါးမှုကြောင့် တောအရပ်သို့ ပြောင်းရွှေ့လာသော ကျီးကန်းလင်မယားသည် ဝိရတ၏ နေရာသို့ရောက်လာသည်။ ထိုကျီးကန်း၏ အမည်မှာ သပိဋ္ဌကအမည် ရှိလေသည်။

ကျီးသည် အိုင်မှငါးများကို သုတ်ယူလိုက် စားလိုက် ကိုယ်ကို အခြောက်ခံလိုက်လုပ်နေသော တင်ကျီးငှက်ကိုမြင်၍

''ငါသည် ဤတင်ကျီးကို အပေါင်းအဖော်ပြု၍ ငါ့အတွက်

အစာငါးများရနိုင်ရာ၏။ ဤတင်ကျီးကို ငါခစားသင့်၏''

ဟုစဉ်းစာပြီး တင်ကျီးငှက်ထံသို့သွားကာ အဆွေခင်ပွန်းဖွဲ့ကာ နေလေသည်။

''အဆွေ အဘယ်ကိစ္စရှိ၍ ငါထံလာပါသလဲ''

''အဆွေ ငါသည် ဗာရာဏသီမှလာခဲ့သည်၊ သင်နှင့်အဆွေခင်ပွန်းဖွဲ့လိုပြီး သင့်ထံခစားလို၍ လာခဲ့ပါသည်''

''အဆွေကောင်းပြီး ငါ့ထံမှာနေ၍ ခစားပါလေ''

ထိုအချိန်မှစ၍ တင်ကျီးငှက်သည် အိုင်မှငါးများကို ငုပ်ယူ၍ မိမိသင့်သလောက်စားပြီး ကျီးငှက်ကိုပေးကျွေးလေသည်။ ကျီးသည် မိမိမျှတရုံစားပြီး ကျန်သည်ကို မယားကျီးမထံ ယူ၍ကျွေးမွေးလေသည်။

ဤသို့ဖြင့် တင်ကျီးငှက်သည် ကျီးလင်မယားအတွက် အစားအစာရှာဖွေ ကျွေးမွေးလျက်ရှိရာ ကျီးလင်မယားမှာ အစားအစာပြည့်စုံပြီးချမ်းသာစွာနေရလေသည်။

ထိုသို့ချမ်းသာစွာနေရသည်ကို မကျေနပ်သော ကျီးသည် တစ်နေ့တွင် မာန်တက်ကာ ဤသို့စဉ်းစားလေသည်။

''ဤတင်ကျီးသည် လည်းမည်းသောအဆင်းရှိသည်၊ ငါသည်လည်းမည်းသော အဆင်းရှိ၏။ မျက်စိ၊ နှုတ်သီး၊ ခြေသည်းတို့သည်လည်း ငါနှင့်တင်ကျီး အတူတူပင်ဖြစ်၏။ ငါသည်လည်းပဲ ငါးတို့ကို ကိုယ်တိုင်ဆင်းငုပ်ယူ၍ ရနိုင်တာပဲ ငါသည်ယနေ့မှစ၍ ဤတင်ကျီးပေးသော အစားတို့ကို မစားတော့၊ ငါ့ဘာသာငါ ငုပ်ယူရရှိသော ငါးကိုသာစားတော့မည်''

ကျီးသည် ဤသို့မာန်တက်ကာ တင်ကျီးထံသွား၍ ပြောပြသည်။

''အဆွေ ငါသည် ယနေ့မှစ၍ ငါကိုယ်တိုင်ရေသို့ဆင်း၍ ငါးများကိုယူပါမည်''

''အဆွေကျီး သင်သည်ရေသို့ငုပ်၍ ငါးဖမ်းသောအမျိုးမဟုတ်ချေ။ သင့်ကိုယ်သင်ပျက်စီးအောင် မလုပ်ပါနဲ့''

ဆုပြည့်စုံထွန်းစာပေ

''ကိစ္စမရှိပါဘူး၊ အဆွေငါသည် စွမ်းဆောင်နိုင်ပါသည်''

ကျီးသည် ထိုသို့ပြောပြီး မာန်ဝင့်ကာ ရေသို့ထိုးဆင်း၍ ငုပ်လေသည်။ ကျီးသည် ရေငုပ်ပြီးအတက်တွင် ရေပေါ်ရှိမှော်ကိုဖောက်၍ မထွက်နိုင် နှုတ်သီးမျှသာ ဖော်နိုင်ပြီးကိုယ်သည် မှော်နှင့်ငြိကာ အသက်ရှူမရဖြစ်ကာ သေဆုံးရလေသည်။

ညနေလင်ပြန်လာချိန်မလာ၍ကျီးမသည်တင်ကျီးငှက်ထံလာကာ

''သာယာသောအသံရှိပြီး ဦးခေါင်းနှင့်တူသောအဆင်းရှိသော ကျွန်မ၏ သခင်ကျီးသည် အဘယ်မှာနည်း''

မိမိလင်၏ ဂုဏ်ကိုပါချီးကျူး၍ မေးလေသည်။

''ကျီးမ ရေ၌ကျက်စားသော တင်ကျီးကို အတုပြု၍ ရေသို့ငုပ်သောကျီးသည် ရေထဲရှိမှော်၌ငြိတွယ်ကာ သေလေပြီ''

ဟုပြန်ပြောပြ...လေသည်။

ကျီးမသည် မိမိလင်သေသည့်အဖြစ်ကိုသိ၍ ဗာရာဏသီသို့သာ ပျံတက်သွားလေသည်။

ကိုယ်နှင့်မတန်ရာကိုသာ မာန်တက်ပြီး တုပပြုလုပ်သော ကျီးမိုက်၏ ဘဝပျက်စီးရပုံသည် မတုသင့်သော မာန်ကိုတုသည်ကို သတိပြုဆင်ခြင်ရန် သင့်ပါသတည်း။

**သိမ်းငှက်၏ အာရွှန်မာန ဘဝပျက်စီးရ**

ဗိလုံးငှက်ငယ်တစ်ကောင်သည် ထွန်ကျစ်စာခဲတုံးတစ်တုံး အောက်၌ နေထိုင်သည်။

တစ်နေ့သောအခါ ထိုဗိလုံးငှက်သည် မိမိကျစ်စာ အစာယူရာနေရာကိုစွန့်၍ အခြားတစ်နေရာ၌ အစာယူအံ့ဟု ကြံစည်မိပြီး တောအုပ်အဆုံး၌နေရာ တစ်နေရာသို့ ပျံသန်းသွားလေသည်။

ထိုဗိလုံးငှက်ငယ်ကို သိမ်းငှက်တစ်ကောင်သည်မြင်၍ လျင်မြန်သောအဟုန်ဖြင့် လာရောက်ထိုးသုတ်လေသည်။

''ငါသည်သာလျှင် ကျေးကျွန်သရေမရှိဖြစ်ရာ၏။ ငါသည်သာလျှင် ဘုန်းကံမရှိသည်ဖြစ်ရသည်၊ ငါသည် မကျက်စားအပ်သော သူတစ်ပါး နေရာ၌ကျက်စားမိ၏၊ ငါသည် မိဘဉစ္စာနေရာဖြစ်သော ကျက်စားရာ နေရာ၌သာ ကျက်စားပါက ဤသို့သော သိမ်းငှက်၏ ထိုးသုတ်ခြင်းကို ခံရမည်မဟုတ်ပါချေ''

ဟုဗီလုံးငှက်ငယ်သည် နှုတ်ကပြောဆိုလျက် ငိုကြွေးရင်း သိမ်းငှက်၏ခြေကြားဝယ် လိုက်ပါသွားရသည်။

ဗီလုံးငှက်ငယ်၏ ငိုကြွေးသံကို ကြားရသော် သိမ်းငှက်သည်

''ဗီလုံးငှက်ငယ် သင်၏အဘဉစ္စာဖြစ်သော ကျက်စားရာအရပ် ဟူသည်အဘယ်နည်း''

ဟုမေးလိုက်သည်။

''သိမ်းငှက်ငါ၏ အဘဉစ္စာနေရာသည်ကား ထွန်ကျစ်ခဲတုံး ရှိရာနေရာဖြစ်သည်။ ထိုအရပ်၌ဆို သင်သည်ငါ့ကိုမည်သို့မျှ မဖမ်းဆီး နိုင်ပါချေ။

ထိုအခါ သိမ်းငှက်သည် မိမိစွမ်းအားအပေါ်မာနဖြစ်ကာ

''ဗီလုံးငှက် သင်ကျက်စားရာဖြစ်သော ထိုအရပ်သို့သွားပါ လော၊ဒါပေမယ့် သင်သည် ငါ့လက်ကလွတ်လိမ့်မည် မထင်ပါနှင့်''

ဟုသိမ်းငှက်သည် မိမိအားအစွမ်းပေါ်၌ မာန်တက်ကာ ဗီလုံး ငှက်ငယ်ကို အထင်မသေးစကားဆိုလိုက်သည်။ ခြိမ်းခြောက်ပြောဆိုလိုက်သည်။

ဗီလုံးငှက်ငယ်သည် သိမ်းငှက်ခြေကြားမှလွတ်သော် မိမိ ကျက်စားရာ အရပ်သို့ပျံသန်းခဲ့ပြီး မာသောမြေစိုင်ခဲပေါ်သို့ တက်ရောက် နားပြီး

''သိမ်းငှက်လာလော့ ယခုငါသည် သင့်ကိုကြောက်စရာမလို တော့ပြီ''

ဟုသိမ်းငှက်ကိုခေါ်လိုက်သည်။

သိမ်းငှက်သည် မိမိအားအစွမ်းကို မာန်တက်ကာ အတောင်

နှစ်ဖက်ကိုဖြန့်၍ အဟုန်ပြင်းစွာ ဗီလုံးငှက်ငယ်ထံ ပျံသန်းလာခဲ့သည်။ သိမ်းငှက်အနားသို့ရောက်သော် ဗီလုံးငှက်ငယ်သည် မြေစိုင်ခဲကြားသို့ လျင်စွာပြေးဝင်လေသည်။

သိမ်းငှက်သည် ဒေါသမာန်ဖြင့် အဟုန်ပြင်းစွာ ပျံသန်းလာခဲ့ရပြီးမိမိအဟုန်ကိုမထိန်းသိမ်းနိုင်သဖြင့် မြေစိုင်ခဲနှင့်ရင်ကိုထိခိုက်မိပြီး ရင်ကွဲကာထိုနေရာ၌ပင် သေလေတော့သည်။

ငါ့မှာအားအစွမ်းရှိတာပဲ၊ ဤသေးငယ်သော ဗီလုံးငှက်လောက်ကိုမှ မှုစရာမလိုဟု အထင်သေးအမြင်သေးပြီး မိမိကိုယ်ကို မာနအလွန်အထင်ကြီးခဲ့သော သိမ်းငှက်ဘဝသေဆုံးရပုံသည်လည်း မာန်မထားသင့်သောအရာ၌ မာန်ထားခဲ့သောကြောင့် သေဆုံးရပုံကို သတိဉာဏ်ဝင်သင့်ကြပါသည်။

## အခန်း(၄)

## မာန်ကိုချ၍ ဘဝလှကြသူများ

**အလှထွတ်တင်မာနရှင်မိဖုရား**

မာဂလမြို့ မဒ္ဒရာမင်းသည် သမီးတော်တစ်ပါးဖွားမြင်ခဲ့ပါသည်။ ထိုသမီးတော်လေးသည် ပြည့်သူ့ခပ်သိမ်းတို့ ချမ်းငြိမ်းဘေးကင်းလျက် မွေးဖွားလာသောကြောင့် ''ခေမာ'' မင်းသမီးဟုအမည်တွင်ခဲ့သည်။

ထိုခေမာမင်းသမီးသည် အရွယ်ရုပ်ရည်အဆင်း အလွန်လှပ တင့်တယ်သောကြောင့် အလှမာန်ယစ်နေသူလေး တစ်ဦးဖြစ်ခဲ့သည်။

ခေမာမင်းသမီးအရွယ်ရောက်သော် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရနှင့် လက်ထပ်ထိမ်းမြားခဲ့ရာ ဗိမ္ဗိသာရမင်းကြီးက အလွန်ချစ် မြတ်နိုးသော မိဖုရားခေါင်ကြီးဖြစ်လာသည်။

ခေမာမိဖုရားသည် ဘုရားရှင်၏ ပစ္စည်းလေးပါး ဒါယိကာ ဗိမ္ဗိသာရမင်း၏ မိဖုရားခေါင်ကြီးတစ်ပါးဖြစ်သော်လည်း ဘုရားရှင်ထံသို့ တစ်ခါမျှ သွားရောက်ဖူးမျှော်ခြင်းမရှိပေ။

''မြတ်စွာဘုရားက ရုပ်အဆင်းလှပမှုကို အပြစ်ပြောတော်မူ၍ တရားဟောတော်မူသတဲ့''

ဟူသောတစ်ဆင့်စကား ကြားသိရ၍ အဆင်းမာန်ယစ်သူပီပီ

"ငါသွားလျှင်လည်း မြတ်စွာဘုရားသည် ရုပ်အဆင်းလှပမှု့ အပေါ်၌ အပြစ်တင်ဟောကြားပေလိမ့်မည်"

ဟုကြံစည်မိကာ မိမိအလှကို အပြစ်တင်ဟောမည်ကို မလိုလားသဖြင့်လည်းကောင်း၊ မိမိအလှ၌ မာန်ယစ်သဖြင့်လည်းကောင်း ဘုရားရှင်ထံသို့မသွားရောက်ပေ။

ဗိမ္ဗိသာရမင်းက အမျိုးမျိုးမိန့်ကြားသော်လည်း ဘုရားရှင်ထံသို့ သွားရောက်ရန်ကိုမူ အကြောက်အကန်ငြင်းဆိုခဲ့သည်သာ များသည်။

"ငါကား မြတ်စွာဘုရား၏ အမြတ်ဆုံးအလုပ်အကျွေး ဒါယိကာဖြစ်သည်။ ငါသို့သော အရိယာသူတော်ကောင်းကြီးတစ်ယောက်၏ မိဖုရားကြီးက မြတ်စွာဘုရားထံသို့အဖူးအမြော်မသွားရောက်ခြင်းက မသင့်တော်၊ ငါ့အတွက်ရောမိဖုရားကြီးအတွက်ရောရဟန်းရှင်လူပရိသတ်ကဲ့ရဲ့စရာဖြစ်ပေတော့မည်၊ ငါသည်မိဖုရား သွားလာလိုစိတ် ပေါ်အောင် တစ်ခုခုတော့ စီစဉ်မှသင့်မည်"

ဗိမ္ဗိသာရဘုရင်ကြီးသည် ဤသို့စဉ်းစားမိပြီး နာမည်ကျော်ဂီတစာဆိုတစ်ဦးကိုခေါ်ကာ ဝေဠုဝန်ကျောင်းတော်၏ သာယာလှပပုံကိုဂီတဖွဲ့နွဲ့သီကုံးစေပြီး ထိုဂီတကိုခေမာမိဖုရားကြီးကြားလောက်သော အရပ်၌ အဆိုတော်များကို တစာစာမပြတ်သီဆိုစေရမည်ဟု အမိန့်ထုတ်လေသည်။

ဘုရင်မင်းမြတ်၏ အမိန့်အရဂီတစာဆိုသည် ဝေဠုဝန်ကျောင်း၏သာယာလှပုံ ဂီတလေးပိုဒ်ကို ရေးသားသီကုံးခဲ့သည်။

"အကြင်သူသည် နှလုံးမွေ့လျော် ပျော်ဘွယ်ကောင်းသော ဘုရားရှင်သီတင်းသုံးနေထိုင်ရာ ဝါးတောဉယျာဉ်ကို ကုသိုလ်ကံမရှိသဖြင့် မမြင်မတွေ့ရဖူးချေ၊ ထိုသူသည် နတ်တို့ပျော်ရာ နန္ဒဝန်ဉယျာဉ် မမြင်ရသူဖြစ်ချေသည်ဟု ကျွန်ုပ်ထင်မိပါသည်"

"အကြင်သူသည် ဘုရားရှင်နှင့် ဘုရင်ဗိမ္ဗိသာရတို့ အလွန်

နှစ်သက်မြတ်နိုးသော အေးချမ်းစိတ်ငြိမ် သာယာတင့်တယ်သော ပျော်ဘွယ်ကောင်းသော ဝေဠုဝန်ဥယျာဉ်တော်ကို မျက်ဝါးထင်ထင်တွေ့မြင်ဖူးသည်၊ ထိုသူသည် သိကြားမင်းပျော်ရာ တာဝတိံသာနတ်ပြည်ရှိ အလွန်ကြည်နူး ပျော်ရွှင်သာယာဖွယ် အစုံအလင်နှင့် ပြည့်စုံသော နန္ဒဝန်ဥယျာဉ်ကို တွေ့မြင်ရဖူးသူဖြစ်ပါမည်''

''တာဝတိံသာနတ်ပြည်မှ နတ်များစွာတို့သည် နန္ဒဝန်ဥယျာဉ်ကို စွန့်ပစ်ထားခဲ့ပြီးလျှင် ဤဇမ္ဗူဒိပ်ကျွန်းရှိ ဝေဠုဝန်ဥယျာဉ်တော်သို့ သက်ဆင်းလာကြပြီး နှလုံးမွေ့လျော် ပျော်ဘွယ်ကောင်းသော နန္ဒဝန်ဥယျာဉ်ကို တွေ့မြင်ကြသည်ရှိသော် အလွန်ပဲအံ့သြကြလျက် မိမိတို့၏နတ်စည်းစိမ်ကိုပင် မေ့ပျောက်ပြီး ဝေဠုဝန်ဥယျာဉ်မရောင့်ရဲနိုင်ရှိကြပါသည်။

''ဝေဠုန်ဝန်ဥယျာဉ်သည် ဗိမ္ဗိသာရမင်း၏ ဘုန်းကံကြောင့် ပေါ်ထွက်လာခဲ့ရသလို ဘုရားရှင်၏ ဘုန်းတော်ဖြင့် တန်ဆာဆင်ထားပါ၏။ ဤဝေဠုဝန်ဥယျာဉ်မြတ်များ၏ များလှဘိသော် ဂုဏ်အပေါင်းကို အဘယ်စာဆိုပညာရှိသည် ကုန်အောင်ဖွဲ့ဆိုသီကုံးနိုင်ပါမည်နည်း''

ဂီတပညာရှင်များနှင့် စာဆိုတော်များသည် ထိုသီချင်းကို ခေမာမိဖုရားကြားလောက်သော နေရာတွင်သီဆိုနေကြရာ ခေမာမိဖုရားသည် ထိုသီချင်းသံကို ကြားနေရပါလျက် ရှေးအခါက ဝေဠုဝန်ဥယျာဉ်တော်သို့ မင်းနှင့်အတူ သွားပြီးပျော်ပါးကစားဖူးသော်လည်း ယခုမူမသွားဖူးသကဲ့သို့ အဆန်းတကြယ် အံ့သြဖွယ်ကြီး ဖြစ်နေပါသည်ဟု ထင်ပြီး သွားရောက်ကြည့်ရှုလိုသော အာသာဆန္ဒပြင်းပြစွာ ပေါ်လာခဲ့တော့သည်။

သို့တွက် မိဖုရားသည် ဘုရင့်ထံခွင့်ပန်၍ ကြီးစွာသော အခြံအရံဖြင့်ဥယျာဉ်သို့သွားရောက် ကြည့်ရှုရန်စိမံသည်။

ဘုရားရှင်နှင့်မတွေ့ရလေအောင်ကြံ၍ ဘုရားရှင်ဆွမ်းခံဝင်ချိန်တွင်ဥယျာဉ်တော်သို့ သွားရောက်ခဲ့လေသည်။

ပန်းမျိုးစုံတို့ဖြင့် သာယာလှပသော ဝေဠုဝန်ဥယျာဉ်တော်သို့ ရောက်သော် မိဖုရားသည် ဥယျာဉ်တော်သို့ ပျော်ရွှင်ဝမ်းသာစွာ လှည့်လည်ကြည့်ရှုလေသည်။

တစ်ပင်သော သစ်ပင်ရင်း၌ ရဟန်းငယ်တစ်ပါး တရားထိုင်နေသည်ကိုတွေ့မြင်ရသောအခါ

''ရှုချင်စဖွယ် ဤအရွယ်မှာ မွေ့လျော်ဖွယ်အာရုံကာမဂုဏ် ခံစားပြီး သက်ကြီးယိုယွင်းအိုမင်းမှသာ ရဟန်းတရားကို အားထုတ်သင့်ဘိတကား''

ဟုအမှားဆင်ခြင်ပြီး ဘုရားရှင်မရှိလောက်ဟူသော အမှတ်ဖြင့် ဂန္ဓကုဋီတိုက်ဘက်သို့ လှည့်လည်ချဉ်းကပ် ကြည့်ရှုရန်သွားလေသည်။

ဘုရားရှင်ကလည်း ခေမာမိဖုရားလာမည်ကိုသိ၍ ဆွမ်းခံမကြွဘဲ ဂန္ဓကုဋီကျောင်းတော်၌ပင် ခေမာမိဖုရားထက် အစစသာလွန်လှပတင့်တယ်သော မိန်းမငယ်တစ်ဦးကို ဖန်ဆင်းလျက် ထိုမိန်းမငယ်က ဘုရားရှင်ကို ယပ်ခပ်ပေးနေဟန် သဏ္ဌာန်ဖန်ဆင်းလျက် နေတော်မူလေသည်။

ခေမာမိဖုရားကြီးသည် မိမိထက်လှပချောမော တင့်တယ်သော မိန်းမငယ်တစ်ဦးက ဘုရားရှင်ကိုယပ်ခပ်ပေးနေသည်ကို မြင်ရသောအခါ ထိုမိန်းကလေး၏ အလှအပ၌ စွဲလမ်းကာ တစိမ့်စိမ့်ရှုးစိုက်စွာကြည့်နေမိသည်။

ခေမာမိဖုရား ထိုမိန်းကလေးအပေါ်၌ အာရုံညွတ်ပြီး တစိမ့်စိမ့်စူးစိုက်ကြည့်နေစဉ်ပင် ဘုရားရှင်က ထိုသူငယ်မမှာ ရွတ်စွအိုမင်းအဆင်းဖောက်ပြန် ဆံဖြူသွားကျိုး၊ ညှင်းဆိုးမှည့်စွဲလျက် တွဲရရွဲကျသောသားမြတ်၊ ကြီးစွာသော အပိုင်းအကြောပြိုင်းရရိုင်းနှင့် ကုပ်ကိုင်းသောကိုယ်ကိုရှိလျက် ပင့်သက်ရှုရှိုက် တုန်တုန်ခိုက်ခိုက် မျက်ဖြူဆိုက်၍ မိုင်းကနဲလဲကျ သေဆုံးသွားသည်ကို ဖန်ဆင်းပြတော်မူလေသည်။

ခေမာမိဖုရားသည် မိမိမျက်မှောက်၌ အလွန်တရာလှပသော မိန်းမငယ်တစ်ယောက်၏ ရုပ်အဆင်းသဏ္ဌာန် ပြိုပျက်ပြီး သေဆုံးသွားသည်ကိုတွေ့မြင်ရသောအခါ

''တတ်လေးပါးဆောင် ဤရုပ်ကောင်သည် ပင်ကိုသဘာဝက

မစင်ကြွယ်ပါတကား၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပါတကား၊ ဤမစင်ကြွယ်ရွံရှာဖွယ်ကောင်းသောရုပ်၌ အမိုက်မငါသည် မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်နေမိပါတကား''

ဟုသံဝေဂဉာဏ် ထက်သန်စွာဖြစ်ပေါ်မိလေသည်။

ထိုအခါ ဘုရားရှင်က ခေမာမိဖုရားကို တရားဆက်လက်ဟောတော်မူသည်

''ခေမာမိဖုရား ကြင်နာနှိပ်စက်တတ် မစင်ကြွယ်ရွံဖွယ်ရာဖြစ်သောပုပ်ကောင်ညှီလောင်း မကောင်းသော အနံ့ရှိသော အထက်သို့လည်းယိုစီး၊ အောက်သို့လည်းယိုစီးတတ်သော ဤခန္ဓာကိုယ်ကြီးကို မလိမ္မာသောလူမိုက်သည် စေ့စေ့ငှငှကြည့်ရှုကြည့်ပါ''

မတင့်တယ် စက်ဆုပ်ဖွယ် စိတ်ဝယ်ထင်ရန် အာရုံတစ်ခုတည်းရှိပြီးတည်ကြည်သော သမာဓိရရန် စိတ်ကိုရှုမှတ်ပွားများကြည့်ပါ၊ သုံးဆယ့်နှစ်ကောဋ္ဌာသ၌ ဆင်ခြင်မှုသတိရှိပါသလော၊ ခန္ဓာကိုယ်၌ ငြီးငွေ့ခြင်းစိတ်ရှိပါသလော''

''ခေမာမိဖုရား ဤငါ့ထံခိုကပ်နေသော မိန်းမငယ်၏ ကိုယ်သည်အိုမင်းရွတ်တွ ပျက်စီးသည့်နည်းတူ သင်၏ကိုယ်လည်း အိုမင်းရွတ်တွပျက်စီးရပါလိမ့်မည်၊ သင်၏ကိုယ်သည် မသေခင်ခေတ္တတင့်တယ်လှပသည်ဟုထင်ရသည့်နည်းတူ ငါထံ၌ ခိုကပ်သောမိန်းမငယ်၏ ကိုယ်သည်လည်းမသေခင်ခေတ္တမျှတင့်တယ်လှပသည်ဟု ထင်ရပါ၏။ ခန္ဓာအတွင်းအပြင်၌ဖြစ်သော တပ်မက်သောဆန္ဒရာဂကို ပယ်ဖြတ်စွန့်နိုင်အောင်ကြိုးစားပါလေ''

''သုံးဆယ့်နှစ်ကောဋ္ဌာသစုပေါင်းတည်နေသော ခန္ဓာကိုယ်ဟူ၍ရှုမြင်သော ဝိပဿနာဉာဏ်ကိုလည်းကောင်း၊ မိမိကိုယ်၌ ငါလှ ငါချောဟုထင်မှတ်နေသော မကောင်းသောမာနစိတ်ဓာတ်ကိုလည်းကောင်း စွန့်ပယ်မှုပြုပါလေ။ ထိုမာန်ကိုစွန့်ပယ်ခြင်းကြောင့်မီးဆယ့်တစ်ပါးငြိမ်းပြီးနိဗ္ဗာန်သို့ရောက်ပါလိမ့်မည်''

''ပင့်ကူကောင်သည် မိမိပြုအပ်သော ယက်အသွင်ပင့်ကူချည်မျှင်ကိုအစဉ်လျှောက်၍ နေသကဲ့သို့ သတ္တဝါတို့သည် မိမိသည် ပြုအပ်သော ကိလေသာအယဉ် ခန္ဓာအစဉ်သို့လိုက်၍ နေကြရကုန်၏။ ပညာရှိသော သူတို့သည် ကာမဂုဏ်ချမ်းသာတို့ကို ငဲ့ကွက်ထားခြင်းမရှိပဲ ပယ်စွန့်ကုန်၍ ထိုကိလေသာအယဉ် ခန္ဓာအစဉ်ကိုလည်း တစ်စမကျန် တွန်းလှန်ဖြတ်တောက်ကုန်၍ နိဗ္ဗာန်သို့သွားရောက်ကြရကုန်၏''

ဤတရားဒေသနာတော်ကိုကြားရ၍ ကြည်သာရွှင်လန်းသော စိတ်ရှိနေသော ခေမာမိဖုရားအဖြစ်ကို သိမြင်တော်မူသောမြတ်စွာဘုရားသည် ခေမာမိဖုရားလောင်း သမဏီမင်းသမီးဘဝ ကဿပဘုရားရှင်လက်ထက်တော်က လှေလာန္ဓတ်တက်ဆောင်ခဲ့ဖူးသော မဟာဒါနသုတ်ကိုဟောတော်မူလေသည်။

ထိုသုတ်ကိုကြားနာရသော ခေမာမိဖုရားသည် ခေမာမိဖုရားသည်ရှေးက မိမိလှေ့ကျက်ခဲ့ဘူးသည်ကို အမှတ်ရကာ ထိုနေရာ၌ပင်သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်။

သောတာပန်အရိယာမဖြစ်ပြီးသော ခေမာမိဖုရားသည် မိမိရှေးက ရုပ်ဆင်းမာနဖြင့် ဘုရားရှင်ကို အထင်မှား အမြင်မှားခဲ့သည့်အပြစ်ကိုလည်းကောင်း တောင်းပန်ကန်တော့လို၍ ဘုရားခြေတော်ရင်းဝပ်စင်းကာ

''ခပ်သိမ်းသော တရားတို့ကိုအကြွင်းမရှိသိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား၊ သနားခြင်းရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားအား ရှိသေမြတ်နိုးရှိခိုးပါ၏ဘုရား၊ သံသရာဝဲဃက်မှာလွတ်မြောက်ပြီးသောမြတ်စွာဘုရားအရှင်ဘုရားအားရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။ မသေဆေးကို ပေးတတ်သော မြတ်စွာဘုရား အရှင်ဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား''

''မိစ္ဆာညစ်ထေး ချုံကျစ်ဝေးတို့ဖြင့်ပြေးဝင်သော ကာမဂုဏ်ကို မှုံဝင်တပ်မက်နှစ်သက်လိုက်စား၍ မျက်စိလည်လမ်းမှားခဲ့သော တပည့်

တော်မသည် လှပတင့်တယ်ရှုချင်စဖွယ် မိန်းမငယ်အသွင်ကိုဖန် ဆင်းပြ၍ ဥပါယ်ကောင်းဖြင့် ပညာပြပေးခဲ့သော အရှင်ဘုရားသည် တပည့်တော်ကို လိမ္မာယဉ်ကျေးအောင် နည်းပေးဆုံးမအပ်သည်ဖြစ်၍ ကိုယ်နှုတ်နှလုံးကို ဆုံးမယဉ်ကျေးခြင်း၌ နှစ်ခြိုက်ရွှင်ပျော် မွေ့လျော်ရပါ ပြီဘုရား''

''အရှင်ဘုရားကဲ့သို့ သီလသမာဓိရှိသော ဂုဏ်အင်္ဂါကြီးမား လှသော ဘုရားရှင်တို့ကို မဖူးမြင်ရသဖြင့် ဘုရားရှင်နှင့်ကွေကွင်းရသဖြင့် သတ္တဝါတို့သည် သံသရာပြင်ကျယ်ပြန့်သော ပင်လယ်၌ ကြီးကျယ်သော ဆင်းရဲကိုခံစားကြရကုန်၏။

''အရှင်ဘုရား ခေမာမည်သော တပည့်တော်မသည် လူသုံးပါး တို့၏ ကိုးကွယ်ရာဖြစ်သော ကိလေသာအားလုံးမှ ကင်းဝေးတော်မူပြီး သောကိလေသာကင်းဝေးရာနိဗ္ဗာန်သို့ ရောက်တော်မူပြီးသော အရှင်ဘုရား ကိုဤဝေဠုဝန်မည်သော ဥယျာဉ်တော်၌နေသည်မှန်လျက် လာရောက် ဖူးမျှော်မှုမပြုခဲ့ပါ၊ ထိုမလိမ္မာသောအပြစ်ကို တောင်းပန်ပါ၏ ဘုရား''

''ဘုံသုံးပါး၌ သတ္တဝါအများ၏ အကျိုးစီးပွားကို ဆောင်တော် မူပြီး မြတ်သောမဂ်ဖိုလ် နိဗ္ဗာန်ကိုပေးတတ်သော အရှင်ဘုရားကို စီးပွားမဲ့အောင်ကဲ့ရဲ့ရှုတ်ချတတ်သူဟူ၍ချွတ်ချော်တိမ်းပါး ယုံမှားတွေးတော လျက်အဆင်းလှပမှု၌ လွန်စွာ ပျော်မွေ့မိသည်ဖြစ်၍ အရှင်ဘုရားထံ မလာရောက်မဆည်းကပ်မိပါ။ ထိုအလှမာန်တက်၍ ကဲ့ရဲ့ရှုတ်ချကာ နေမိ သောတပည့်တော်မ၏ အပြစ်တို့ကို အရှင်ဘုရားသည် ခွင့်လွှတ်တော် မူပါရန် တပည့်တော်ရိုသေစွာ လျှောက်ထားကန်တော့အပ်ပါသည် ဘုရား''

ခေမာမိဖုရားက ဤငါးဂါထာဖြင့် လျှောက်ထားတောင်းပန် လျှောက်ထားသောအခါ ဘုရားရှင်က

'' ချစ်သမီးခေမာ ငါဘုရားသည် သည်းခံခွင့်လွှတ်ပေ၏''

ဟုမိန့်ကြားတော်မူလေသည်။

ထို့နောက်ခေမာမိဖုရားသည်ဘုရားရှင်ကိုရှိခိုးပြီးလက်ျာရစ်ကာ နန်းတော်သို့ပြန်လာလျက် ဘုရင်ထံချက်ခြင်းဝင်ပြီး လျှောက်ထားသည်။

ဆုပြည့်စုံထွန်းစာပေ

''အရှင်မင်းကြီး အရှင်မင်းမြတ်သည် ကျွန်ုပ်ကို ဝေဠုဝန် ဉယျာဉ်သို့ သွားမိအောင် ဉပါယ်တံမျဉ်ဆောင်၍ စေလွှတ်ခဲ့သည်မှာ အလွန်ပင် အကြံဉာဏ်ကောင်းဖြစ်၍ အလွန်ပင် ချီးကျူးအံ့သြထိုက် ပါ၏ဘုရား၊ ဉယျာဉ်တော်ကို ရှုမြင်လိုသော ဆန္ဒပြင်းပြသောမိသော ကျွန်တော်မသည် တဏှာတည်းဟူသော တောမှထွက်မြောက်တော်မူ ပြီးသော ဘုရားရှင်ကို ပကတိမျက်စိ၊ ပညာမျက်စိတို့ဖြင့် ဖူးမျှော်တွေ့ခဲ့ ရပြီး ဖြစ်ပါသည်''

''အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် အကယ်၍ နှစ်သက် ကြည်ဖြူခွင့်ပြုတော်မူပါက တပည့်တော်မသည် ဘုရားရှင်သာသနာတော် ၌ရဟန်းမ ပြုလိုပါသည်ဘုရား၊ ယခုဘုရားနှမတော်သည် ဖောက်ပြန် ယိုယွင်းနေသော ဤရုပ်ခန္ဓာကို ငြီးငွေ့စက်ဆုပ်ခဲ့ပါပြီး ဘုရား''

ဟုလျှောက်ထားပြီး ရှင်ရဟန်းမအဖြစ်ကို ခွင့်ပန်လေသည်။ ဗိမ္ဗိသာရဘုရင်ကလည်း ခေမာမိဖုရား၏ အရိယာနွယ်ဝင်ဖြစ်လာသည်ကို သိ၍

''သင်မိဖုရားအား ရှင်ရဟန်းမအဖြစ်ကို ငါခွင့်ပြုပါ၏။ ရှင်မ သည်အရဟတ္တမဂ်ပေါက်ပြီးမြောက်အောင်မြင်ပါစေသတည်း''

ဟုခွင့်လွှတ်ဆုတောင်းစကား မိန့်ကြားပြီး ခေမာမိဖုရားကို ရွှေထမ်းစင်ဖြင့်တင်ကာ ကြီးကျယ်ခမ်းနားသော အစီအစဉ်ဖြင့် ဘိက္ခုနီမ ကျောင်းသို့ပို့စေသည်။

ခေမာထေရီသည် ရဟန်းမပြုပြီး နောက် (၁၅)ရက်အကြာတွင် ဉပုသ်ပြုရာ၌ ဝတ်ပြုခြင်း ဆီမီးတောက်ထွန်းခြင်း၊ ဆီမီးငြိမ်းပေးခြင်း စသည်တို့ကိုမြင်၍ ထိတ်လန့်သံဝေဂ ဉာဏ်ကိုရသဖြင့် ရုပ်နာမ်သင်္ခါရ တိုင်းအဖြစ်အပျက်ကို ဆင်၍သုံးသပ်ဆင်ခြင်ရာ ပဋိသမ္ဘိဒါဉာဏ် ခြောက်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ကာရဟန္တာမဖြစ်ရတော့သည်။

အလှမာနကိုနှိမ့်ချ၍ ဘဝမှန်ရောက်ခဲ့ရသော ခေမာမိဖုရား၏

မာနနှိမ့်ချမှုကြောင့် ချမ်းသာသုခစစ်စစ်ရပုံကို အတုယူကြစေလိုပါသတည်း။

**မာနကိုသတ်၍ ဘဝမြတ်ရောက်ရသော ရဟန်းငါးရာ**

မြတ်စွာဘုရားရှင်သည် ဥက္ကဋ္ဌတိုင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။ ဗေဒင်သုံးပုံကိုတစ်ဖက်ကမ်းခတ် တတ်မြောက်ခဲ့ပြီးသော ပုဏ္ဏားငါးရာတို့သည် ဘုရားရှင် သာသနာဘောင်သို့ဝင်၍ ရဟန်းပြုကြကာပိဋကတ်သုံးပုံကို သင်ယူကြသည်။

ပိဋကတ်အားလုံးကို တတ်မြောက်ပြီးသောအခါ

''မြတ်စွာဘုရားဆိုသူလည်း ပိဋကတ်သုံးပုံတတ်သည်၊ ငါတို့လည်း ပိဋကတ်သုံးပုံတတ်သည်၊ ဘုရားရှင်နှင့် ငါမည်သို့ထူးခြားအံ့နည်း''

ဟုမာန်တက်ကြကာ ဘုရားရှင်ကို ခစားခြင်းမပြုတော့ပေ။ ဘုရားကိုပင် ဆန့်ကျင်ဘက်ပြုကြလေသည်။

တစ်နေ့တွင် ဘုရားရှင်က ထိုရဟန်းငါးရာတို့ကို မူလပရိယာယသုတ္တန်ကိုဟောကြားတော်မူသည်။ ရဟန်းငါးရာတို့သည် မာန်ရှိကုန်သည်ဖြစ်၍ ဘုရားဟောသမျှကို တစ်လုံးမျှနားထဲမဝင်၊

ထိုတရားများနားထဲမဝင် မမှတ်မိသောအခါမှ ရဟန်းများသည်စဉ်းစားဆင်ခြင်မိလာသည်။

''ငါတို့သည် ငါတို့နှင့်တူသော ပညာရှိ မရှိဟုမာနတက်ကုန်သည်။ သို့တွက် ဘုရားဟောသမျှ တစ်ခုမျှ မမှတ်မိနိုင်၊ နားထဲမဝင်နိုင်ဖြစ်ကုန်ရသည်။ ယခုသော် ငါတို့သည် ဘာမျှမသိသော ဘဝသို့ရောက်နေရပါပကောလား။ ဘုရားရှင်နှင့်တူသော ပညာရှိသည် လောကတွင်မရှိဘုရားရှင်၏ ငါတို့အပေါ်ထားအပ်သော မဟာကရုဏာ ကျေးဇူးကားအလွန်တရာကြီးမားလှပေသည်။ ငါတို့သည် မထားအပ်သော မာနကိုထားခဲ့ကြ၍ တရား၁ရသည်သာဖြစ်ကြလေသည်။''

ရဟန်းများသည် ဤသို့စဉ်းစားမိပြီး နူတ်အပ်သောအစွယ် ရှိသည့်မြွေကဲ့သို့ မာန်ကိုချကြသည်။ မာန်မာနကင်းပြီး ဘုရားထံသို့လည်း ဝန်ခံမှုပြုကြသည်။

မြတ်စွာဘုရားသည် ဥက္ကဋ္ဌတိုင်းမှ ဝေသာလီပြည်သို့ ကြွတော်မူ၍ဂေါတမနတ်ကွန်းနေရာ၌ ဆောက်အပ်သော ကျောင်း၌သီတင်းသုံးပြီး ဂေါတမက အမည်ရှိသော သုတ္တန်ကိုဟောတော်မူသည်။ မူလပရိယာယ သုတ္တန်ကိုလည်း ဆက်လက်ဟောတော်မူရာ တစ်သောင်းသောလောက ဓာတ်သည် တုန်လှုပ်လေသည်။

ရဟန်းငါးရာသည်လည်း ထိုသုတ်ကိုနာရ၍ အားလုံးရဟန္တာဖြစ်ကြလေသည်။

မိမိ၌ရှိသော ပညာကိုမာနအထွတ်တင်ထားသဖြင့် ရဟန်းငါးရာ သည်မှန်မြတ်သော ဓမ္မအရသာကို ဘုရားရှင်က ဟောခဲ့သော်လည်း မရရှိခဲ့ကြ၊ မာနကိုစွန့်ကြမှသာ မှန်မြတ်သော ဓမ္မအရသာကို ခံစားရပြီး ရဟန္တာဖြစ်ကြရသည်။

ထို့ကြောင့်ပညာရှိသတိဖြစ်ခဲ ဆိုသည့်အတိုင်းမာနတရားကို အထွတ်မထားဘဲ ပယ်ရှားပြီး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ကျင့်ရာသည်။

**မာန်ကိုချ၍ အရဟတ္တဖလချမ်းသာခံစားရသူ**

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

ဘုရားရှင်၏ တပည့်အရှင်ပေါဋ္ဌိလသည် ပိဋကတ်သုံးပုံဆောင်၍ ရဟန်းငါးရာတို့ကို စာပေပို့ချနေလေသည်။ မထေရ်သည် စာပေပို့ချမှု၌သာအာရုံစိုက်ပြီး သမထဝိပဿနာအလုပ်ကိုမူ လုံးဝမလုပ်ပေ။

"ပေါဋ္ဌိလသည် မိမိ၏ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကို ပြုအံ့သောငှာ စိတ်လည်းမရှိ၊ ထိုပေါဋ္ဌိလကို ထိတ်လန့်စေအံ့"

ဟုဘုရားရှင်သည် ကြံစည်တော်မူပြီးနောက် မိမိထံသို့ လာရောက်ဆည်းကပ်သော ပေါဋ္ဌိလမထေရ်ကို

''အချည်းနှီးသော ပေါဋ္ဌိလလာခဲ့လော့၊ အချည်းနှီးသော ပေါဋ္ဌိလထိုင်လော့၊ အချည်းနှီးသော ပေါဋ္ဌိလသွားလော့''

ဟုမိန့်တော်မူလေသည်။ ထို့ပြင် အရှင်ပေါဋ္ဌိလထွက်ခွာသွားသော အခါ ဘုရားရှင်က ကျန်သော ရဟန်းများကို

''အချည်းနှီးသော ပေါဋ္ဌိလသည်သွားလေပြီ''

ဟုမိန့်ဆိုတော်မူလေသည်။

''ငါသည် အဋ္ဌကထာနှင့် တကွသော ပိဋကတ်သုံးပုံကိုဆောင်၏။ ငါးရာသောရဟန်းတို့၏ တစ်ဆယ့်ရှစ်ရပ်သော ပရိတ်ကြီးတို့ကို ပို့ချ၏။ ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် ငါ့အားအစဉ်မပြတ် အချည်းနှီးသော ပေါဋ္ဌိလဟုမိန့်ဆိုတော်မူဘိ၏၊ အမှန်စစ်စစ် ငါ့မှာဈာန် မဂ်ဖိုလ်စသည်တို့မရှိသောကြောင့် မိန့်ဆိုတော်မူသည်ဖြစ်ရာ၏''

ဟုအရှင်ပေါဋ္ဌိလသည် ကြံစည် စဉ်းစားမိကာ ထိတ်လန့်လာ မိသည်။

ထိုအခါ အရှင်ပေါဋ္ဌိလသည် ညအချိန်၌

''ငါသည် တောသို့ဝင်ပြီးလျှင် တရားကိုသေချာစွာ အားထုတ် သင့်သည်''ဟုကြံစည်မိလေသည်။

ထို့နောက် နံနက်အရုဏ်မိုးလင်းသော် သပိတ်သင်္ကန်းကို စီမံ ဆောင်ပြီးလျှင် အလုံးစုံသော စာသင်သား သံဃာတော်များ၏ နောက်၌ နေလျက် တရားတော်ကို သင်ယူသည်။ ထို့နောက် တောအရပ်သို့ တရားကျင့်ရန်ထွက်ကြမည့် ရဟန်းများနှင့်အတူတကွ လိုက်သွားသည်။

ကျောင်းဝင်းအတွင်း၌ ထိုင်၍ သရဇ္ဈာယ်နေကြသော တပည့် ရဟန်းများသည် မိမိတို့၏ ဆရာမထေရ်ကို မထင်မှတ်ကြဘဲ အမှတ်တမဲ့ သာနေမိကြလေသည်။

အရှင်ပေါဋ္ဌိလသည် ယူဇနာ (၁၂၀)ရှိသော ခရီးထိသွားပြီး

ရဟန္တာမထေရ်(၃)ကျိပ် သီတင်းသုံးနေထိုင်သော တောရကျောင်း တစ်ကျောင်းသို့ရောက်ရှိသွားသည်။

အရှင်ပေါဋ္ဌိလသည် ထိုမထေရ်ကြီးထံ ချဉ်းကပ်၍

"အရှင်ဘုရား တပည့်တော်၏ ကိုးကွယ်ရာဖြစ်ပါလော" လျှောက်ထားသည်။

'ငါ့ရှင်သင်သည်ကား စာချဝမ္ဘကထိက တစ်ပါးတည်း၊ ငါတို့ သော်မှ သင့်ထံက သင်ယူခဲ့ရသည်၊ ယခုအဘယ်ကြောင့် ဤကဲ့သို့လာ ရောက်လျှောက်ထားနေရပါသနည်း။"

"အရှင်ဘုရား ဤသို့မပြုပါလင့် တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော"

ဟုတောင်းပန်လျှောက်ထားလေသည်။

ရဟန္တာမထေရ်မြတ်ကြီးသည် ဤပေါဋ္ဌိလသည် သင်ယူတတ် မြောက်ပြီးသော ပရိယတ်ကိုမှီ၍ တက်ကြွသောမာနရှိသူတစ်ဦး ဖြစ်သည်ကို သိရှိတော်မူ၍ မာန်ကိုနှိမ့်ချသောငှာ မိမိအောက်ငယ်သော မထေရ်ထံသို့စေလွှတ်ခဲ့သည်။

ထိုမထေရ်ကလည်း မထေရ်ကြီးနည်းတူ မိမိအောက်ငယ်သော မထေရ်ထံသို့ စေလွှတ်ပြန်သည်။

ဤသို့ငယ်သောမထေရ်ထံသို့စေလွှတ်ခဲ့ရာ နောက်ဆုံးနေရာ အရပ်၌ သက်န်းချုပ်နေသော ခုနစ်နှစ်သားအရွယ် သာမဏေထံသို့ စေလွှတ်ခဲ့သည်။

ဤသို့သော အခြင်းအရာအားဖြင့် အရှင်ပေါဋ္ဌိလ၏ မာန်မာနကို ပယ်နုတ်ကြလေသည်။

အရှင်ပေါဋ္ဌိလသည် နုတ်ပယ်အပ်သော မာန်မာနရှိသည်ဖြစ်၍ သာမဏေထံသို့ သွားကာလက်အုပ်ချီပြီးလျှင်

"အို သူတော်ကောင်း ကျွန်ုပ်တို့ကိုးကွယ်ရာဖြစ်ပါလော"

ဟုတောင်းပန်ပြောဆိုလေသည်။

''အော် ဆရာကြီးအံ့ဘွယ်ရှိစွတကား အဘယ်ကြောင့်ဤစကား ကိုပြောကြားပါသနည်း၊ အရှင်ဘုရားတို့သည် အရွယ်လည်းကြီးကုန်၏။ အကြားအမြင်ကလည်း များကုန်၏၊ တပည့်တော်သည်သာ အရှင်ဘုရား ထံ၌ သင်ထိုက်သောအရာများ ရှိပါလိမ့်မည်''

''အို သူတော်ကောင်း ဤသို့မပြုပါလင့်၊ ငါ၏ ကိုးကွယ်ရာ ဖြစ်ပါသလော''

''အရှင်ဘုရား ဤသို့ဆိုလျှင် ဝတ်ရုံမြဲသက်န်းအတိုင်း ဤရေအိုင်သို့ဆင်းပါလော''

သာမဏေက အနီးရှိရေအိုင်ကို ညွှန်ပြပြီးအရှင်ပေါဋ္ဌိလကို ရေအိုင်သို့ဆင်းသွက်နိုင်းသည်။

ရှင်သာမဏေသည် အရှင်ပေါဋ္ဌိလမှာ မာန်ရှိသည် မရှိသည်ကို သိလိုစုံစမ်းလို၍ ဤသို့စေခိုင်းခြင်းဖြစ်သည်။

အရှင်ပေါဋ္ဌိလသည် စကားဟစ်ခွန်းတည်းဖြင့် ရေအိုင်သို့ဆင်း သက်လာလေသည်။ သက်န်းအနားစွန်းတို့ကို ရေစိုစွတ်သောအခါ ရှင်သာမဏေက

''အရှင်ဘုရား ပြန်တက်ခဲ့ပါလော''

ဟုလျှောက်ထားသည်။

အရှင်ပေါဋ္ဌိလသည် စကားတစ်ခွန်းတည်းဖြင့်ပင် ရေအိုင်မှ တက်၍ သာမဏေ၏အနီးသို့လာရောက်ရပ်တည်နေလေသည်။

''အရှင်ဘုရား တောင်ပို့တစ်ခု၌ အပေါက်ခြောက်ပေါက် ရှိပါ ကုန်၏။ ထိုအပေါက်ခြောက်ခုတို့တွင် ဖွတ်တစ်ကောင်သည် အပေါက် တစ်ခုဖြင့်ဝင်သွားပါသည်။ ထိုဖွတ်ကိုဖမ်းယူခြင်းငှာ အလိုရှိသောသူသည် အပေါက်ငါးပေါက်ကို လုံအောင်ပိတ်ဆို့၍ တစ်ပေါက်ကိုဖွင့်ကာ စောင့်၍ ဖမ်းသကဲ့သို့ အရှင်ဘုရားသည် ခြောက်ပါးသော ဒွါရ၌ ဖြစ်ပေါ်တတ် ကုန်သော အာရုံတို့၌ ကြွင်းသောငါးဒွါရကိုပိတ်ဆို့၍ မနောဒွါရပေါက် ၌သာကမ္မဋ္ဌာန်းကိုစီးဖြန်းခြင်းအမှုကို ဖြစ်စေပါလော''

ရှင်သာမဏောက ဤသို့ပြောကြားသော် အရှင်ပေါဋ္ဌိလကဲ့သို့ ပညာအခြေခံမြင့်မားသော မထေရ်သည် ဆီမီးထွန်းညှိက အလင်းရောင် တန်းပေါ်သကဲ့သို့ ဖြစ်လာသည်။

"အိုသူတော်ကောင်း ဤမျှသာလျှင် ဖြစ်ပါစေတော့"

ဟုပြောဆိုပြီးလျှင် ကရဇကာယ၌ ဉာဏ်ကိုသက်စေ၍ ရဟန်း တရားကို အားထုတ်တော်မူလေသည်။

မြတ်စွာဘုရားရှင်သည် ယူဇနာ (၁၂၀)အကွာ၌ နေထိုင်သည် မှန်သော်လည်း အရှင်ပေါဋ္ဌိလကို ကြည့်ရှုတော်မူသည်။

"ဤရဟန်းသည် မြေကြီးအထုနှင့်တူသော ပညာရှိဘိသကဲ့သို့ မိမိကိုယ်၌ တည်စေခြင်း ငှာအပ်၏ ဟုနှလုံးသွင်းတော်မူလျက် အရှင် ပေါဋ္ဌိလနှင့် အတူတကွစကားပြောဆိုဘိသကဲ့သို့ အရောင်နှံ့စေပြီး"

"ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှုလုံ့လကြောင့် ပညာဖြစ်ပွား၏။ အားထုတ်မှုလုံ့လ မရှိသောကြောင့် ပညာကုန်ခန်း၏၊ ပညာဖြစ်ပွားခြင်း၊ ပညာဆုတ်ယုတ်ခြင်း၊ ဤအခြင်းအရာနှစ်ပါးကို သိ၍အကြောင်းအခြင်း အရာဖြင့် ပညာတိုးပွား၏။ ထိုအခြင်းအရာဖြင့် မိမိကိုယ်ကိုသွင်းထား ရာ၏"

ဟုတရားဟောတော်မူရာ တရား၏အဆုံး၀ယ် အရှင်ပေါဋ္ဌိလ သည်အရဟတ္တဖိုလ်၌ တည်လေသည်။ ဤလောက၀ယ် ပညာမည်မျှပင် တတ်မြောက်စေကာမူ မာန်ခံ၍မကြိုးစား မအားထုတ်လျှင် မိမိမာန်၌ သာယာတပ်မက်ပြီးနေလျှင် ထိုသူ၏ဘ၀သည် အချည်းနှီးဖြင့် ကုန်ပြီး အကျိုးမရှိပေ။ မာကိုချ၍ ကြိုးစားအားထုတ်ခဲ့သော အရှင်ပေါဋ္ဌိလ၏ ဘ၀ဖြစ်စဉ်သည် အတုယူစရာကောင်းသော ဖြစ်စဉ်တစ်ရပ်ဖြစ်ပါ တော့သည်။

---

ဆုပြည့်စုံထွန်းစာပေ

**အဝိမာနရှိသောနာဂမထေရ်ဖြစ်ရပ်ထွေ**

သီဟိုဠ်ကျွန်း ဥစ္စတလက်ာအရပ်၌နေသော မဟာနာဂ မထေရ်ကြီးသည် နှစ်ပေါင်း ခြောက်ဆယ်တိုင်တိုင် ကိလေသာတရားများ မဖြစ်ပွားအောင် ထိန်းသိမ်းနိုင်ခဲ့၍ မိမိကိုယ်ကို ရဟန္တာဟု အထင်ကြီးကာ မာနဖြစ်နေသည်။

ထိုသည်ကို ကလင်္ဂရအရပ်၌နေသော ရဟန္တာဖြစ်ပြီး တပည့် ဖြစ်သူဓမ္မဒိန္နမထေရ်သည် မိမိဆရာရဟန်း ကိစ္စပြီး-မပြီးကိုဆင်ခြင်ကြည့် သည်။ ရဟန်းကိစ္စ မပြီးစီးသေးကြောင်းနှင့် မိမိကိုယ်ကို ရဟန္တာဟုထင် နေသော အဝိမာနရှိနေကြောင်း သိရ၍

''ငါ၏ဆရာကို ငါသွား၍ သတိမပေးပါက ငါ၏ဆရာသည် ပုထုဇဉ်ဘဝဖြင့် သေဆုံးပါက သံသရာလည်၍ ဆင်းရဲအစုံစုံကို တွေ့ကြုံခံ စားရပေတော့မည်''

ဟုဆရာအပေါ်၌ သနားဂရုဏာစိတ်ဖြင့် ဖြစ်ပေါ်မိလေသည်။

သို့တွက် တပည့်ဓမ္မဒိန္န တန်ခိုးဖြင့် ကောင်းကင်သို့ပျံတက်၍ မိမိဆရာ၏အနီးသို့သွားကာ သက်ဆင်းရပ်ပြီး ဆရာကို ရှိခိုးကာ ရပ်နေ လေသည်။

''ငါ့ရှင် ဓမ္မဒိန္နအဘယ်အကျိုးငှာ အခါမဲ့လာသနည်း''

''အရှင်ဘုရား တပည့်တော်သည် ပြဿနာကိုမေးလျှောက်လို၍ လာပါသည်ဘုရား''

''ငါ့ရှင်ဓမ္မဒိန္န ပြဿနာကိုမေးပါလော၊ ငါသိလျှင် အဖြေပေး ပါမည်''

ယင်းသို့ဆရာက ခွင့်ပြုသောအခါ ရှင်ဓမ္မဒိန္နသည် မိမိဆရာကို မေးခွန်းပြဿနာတစ်ထောက်ကို မေးလျှောက်သည်။

ဆရာမထေရ်ကလည်း မေးလျှောက်တိုင်းမေးလျှောက်တိုင်း သော ပြဿနာများကို တစ်ခဏချင်းအမှားမရှိဖြေဆိုပေးလေသည်။

''အရှင်ဘုရား၊ အရှင်ဘုရား၏ ဉာဏ်သည်အလွန်ထက်မြက်လှ

ပါသည်။ အရှင်ဘုရားတို့သည် ဘယ်အချိန်ကစ၍ တရားထူးကို ရနေကြပါသနည်း''

''ငါ့ရှင်ဓမ္မဒိန္န ငါသည်ဤတရားထူးကို နှစ်ခြောက်ဆယ်အချိန်ကစ၍ရခဲ့ပါသည်''

''အရှင်ဘုရား သမာဓိကိုလည်း သုံးဆောင်ပါသလား ဘုရား''

''ငါ့ရှင်ဓမ္မဒိန္န ဤသမာဓိကို သုံးဆောင်ခြင်းသည် ငါ့အဖို့ရာဝန်မလေးလှပါ''

''အရှင်ဘုရား သမာဓိကိုသုံးဆောင်ပါလျှင် ဆင်တစ်စီးကို ဖန်ဆင်းပြတော်မူပါဘုရား''

ဆရာမထေရ်သည် တပည့်ပြောသည့်အတိုင်း ဆင်ဖြူတစ်ကောင်ကို ဖန်ဆင်းပြလေသည်။

''အရှင်ဘုရား ဤဆင်ကို ခွင်အပ်သည့်နားရွက်၊ ဆန့်အပ်သည့်မြီးထူးရှိပြီး၊ နှာမောင်းကိုလည်း ခံတွင်း၌ ထည့်၍ကြောက်မက်ဖွယ်ကောင်းသော အသံကိုပြုလျက် အရှင်ဘုရားထံ ရှေးရှုပြေးလာနေသည်ကိုဖန်ဆင်းပြတော်မူပါဘုရား''

ဆရာမထေရ်သည် တပည့်ပြောသည့်အတိုင်း ဖန်ဆင်းပြလေသည်။ ထိုအခါ ဆရာမထေရ်သည် မိမိထံသို့ ပြင်းစွာသောအဟုန်ဖြင့်ပြေးလာသော ဆင်၏ကြောက်မက်ဖွယ်ကောင်းသော မုန်အမူအရာနှင့်ပုံသဏ္ဍာန်ကိုမြင်သော် ကြောက်လန့်ပြီး နေရာမှထပြေးရန် အားထုတ်လေသည်။

ထိုအခါ ရှင်ဓမ္မဒိန္နသည် ဆင်ကိုဖယ်ရှားလိုက်ပြီး

''အရှင်ဘုရား အာသဝေါကုန်ခန်း ရဟန္တာအရှင်မြတ်တို့သည် ကြောက်ရွံ့ခြင်းဖြစ်ပါသေးလားဘုရား''

ဟုလျှောက်ထားလေသည်။

ထိုအခါကျမှ ဆရာဖြစ်သော မထေရ်သည် မိမိရဟန်းကိုစွမ်းပြီး သေးကြောင်းပုထုဇဉ်ဘဝ၌သာ ရှိသေးကြောင်းသိရပြီး

"ငါ့ရှင်ဓမ္မဒိန္နသင်သည် ငါ၏မိရာအားကိုးရာဖြစ်ပါသလော" ဟုပြောဆိုရင်း တပည့်၏ခြေရင်း၌ ဆောင့်ကြောင့်ထိုင်ပြီး မိမိရဟန္တာမဖြစ်သေးဘဲဖြစ်ပြီဟု ထင်မှတ်သော အဓိမာနကိုစွန့်ပယ်ပြီး တပည့်ရဟန္တာပေးသောနည်းလမ်းဖြင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရာစကြံန်တက်၍ သုံးခုမြောက် ခြေလှမ်းအလှမ်းတွင် အရဟတ္တဖိုလ် ဆိုက်ရောက်ပြီး အာသဝေါ ကုန်ခမ်းရဟန္တာဖြစ်ရတော့သည်။

မဟာနာဂမထေရ်ကြီးသည် မိမိကိုယ်ကိုအထင်ကြီးမှု အဓိမာနသည်အပါယ်သို့လားစေနိုင်သော မာနမျိုးမဟုတ်သော်လည်း ဈာန်မဂ်ဖိုတရားမှ ဆုတ်ယုတ်စေနိုင်ပြီး မိမိမျှော်လင့်တောင့်တရာ မြတ်နိဗ္ဗာန်သို့ မရောက်နိုင်ဘဲ သံသရာဝဲလည်ကာ ဒုက္ခအစုံစုံကြုံတွေ့နိုင်သော ဆိုးကျိုးများကို ခံစားရရှိနိုင်ပါသည်။

ထို့ကြောင့် မိမိကိုယ်အထင်ကြီးမှု အဓိမာနကို သတိထားဆင်ခြင်ရန်လိုအပ်ပါသတည်း။

**မာန်ကိုချ၍ ချမ်းသာရရသူ မင်းသားဗြောက်ဃောက်**

သာကီဝင်မင်းမျိုးတို့သည် ဇာတိမာန်အလွန်ကြီးကြသည်။ မည်သည့် ဘုရင်၊ မင်းညီမင်းသား၊ သူဌေးသူကြွယ်နှင့်မျှ မိမိတို့နှင့် တူတန်သည်။ အဆင့်ညီမျှသည်ဟု မထင်မှတ်ကြပေ။ မည်သူကိုမျှလည်း ဦးမညွှတ်၊ မိမိအမျိုး၌ပင် ကြီးသူက ငယ်သူကိုမည်မျှပင် ရာထူးဂုဏ်ရှိန်ကြီးမားနေစေကာမူ ဦးမညွှတ် ရှိမခိုးကြပေ။

ဤမျှဇာတိမာန်ကြီးကြသဖြင့် မိမိတို့၏ သားသမီးများကို အခြားမည်သည့်အမျိုးဇာတိရှိသူဘုရင် မင်းညီမင်းသား သူဌေးသူကြွယ်သားသမီးများနှင့်လက်ထပ်ထိမ်းမြားပေးလေ့ရှိသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ဘခင်သုဒ္ဓေါဒနမင်းကြီးက ကာဠုဒါယီအမတ်စေလွှတ်ပြီး ပင့်လျှောက်ချက်အရ ကပိလဝတ္ထုသို့ ကြွရောက်ခဲ့သည်။

ဘုရားရှင်ကြွရောက်လာသောအခါ သာကီဝင်မင်းတို့သည် ဘုရားရှင်ကို မိမိထက်ငယ်သောမင်းသားဟု ထင်မှတ်ပြီး ဘုရားရှင်ထက် အသက်ငယ်သော မင်းသားငယ်များသာ ရှေ့ကထားရှိခိုးစေပြီး မိမိတို့က နောက်ကနေ၍ ဘုရားကိုရှိခိုးဦးကြိုမှု မပြုကြချေ။

ထိုအခါဘုရားရှင်က ရေမီးအစုံစုံသော တန်ခိုးတော်ကိုပြ၍ ဆုံးမတော်မူသဖြင့် သာကီဝင်မင်းများ မာန်ကျကာ ဘုရားရှင်ကို ရှိခိုး ဦးချဂါရဝပြုကြသည်။

မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်တွင် (၁)လကြာမျှ သီတင်းသုံးပြီးနောက် ရာဇဂြိုဟ်မြို့သို့ ပြန်လည်ကြွတော်မူသည်။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးက ဆွေတော်မျိုးတော်များကို ခေါ်ယူတွေ့ဆုံကာ

''ငါ၏သားတော် စကြာဝတေးမင်းဖြစ်က ဆွေတော်မျိုးတော် များငါသား၏ အခြံအရံဖြစ်စေရမည်ဟု ကတိခံဝန်ချက်ရှိကြသည်။ ယခု ငါ့သားတော်သည် စကြာဝတေးမင်းထက်မြတ်သော ဘုရားစစ်စစ်ဖြစ် နေပေပြီ။ ငါ၏ဆွေတော်မျိုးတော်ထဲမှ အခြံအရံဟူ၍ မရှိဖြစ်နေရသည်။ ငါ၏သားတော်ဘုရားထံ၌ ဆွေတော်မျိုးတော် အခြံအရံများရရန် မင်းသား များရဟန်းပြု၍ ငါ့သားတော်၏အခြံအရံများ ဖြစ်ကြရန် လိုအပ်လှပါသည်။

ဟုမိန့်ကြားရာ ထိုအခါကျမှ ဆွေတော်မျိုးတော်ထဲမှ သားရှိကြ သူမင်းဆွေမင်းမျိုးတော်သည် ဘုရားရှင်၏ ဆွေတော်မျိုးတော် အခြံအရံ ဖြစ်စေရာ ရဟန်းပြု၍ လိုက်ကြရန် စီမံကြလေသည်။ ညှိနှိုင်းတိုင်ပင် ကြသည်။

ထိုတွင်မင်းသားငယ်နှင့် ဘုရားရှင်ညီတော်စပ်ကြသော ကိမိလ၊ ဘဂု၊ ဘဒ္ဒိယ၊ အာနန္ဒာ အနုရုဒ္ဓ၊ ဒေဝဒတ် ညီနောင်ဝမ်းကွဲမင်းသား (၆)ဦးတို့သည် ဘုရားထံလိုက်၍ ရဟန်းပြုပြီး အဖော်လုပ်ကြရန် သဘော တူဆုံးဖြတ်ကြသည်။

ထို့နောက်မင်းသား (၆)ဦးတို့သည် နတ်၏ စည်းစိမ်ကိုခံစားကြ

သည့်နတ်သားများပမာ ခုနစ်ရက်အကြာအောင် လူ၏စည်းစိမ်ကို မြိန်ရှက်စွာ ခံစားကြပြီးလျှင် အပျော်အပါး ဥယျာဉ်ကစားထွက်ကြသည့် အသွင်ဖြင့် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ် ဟူသောစစ်အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးဖြင့် နေပြည်တော်မှ ထွက်ခဲ့ ကြသည်။

တိုင်းတစ်ပါး (နယ်စပ်) သို့ရောက်သောအခါ မင်းအာဏာဖြင့် စစ်တပ်ကြီးကို ပြန်လွှတ်လိုက်ပြီးနောက် မလ္လတိုင်း အတွင်းသို့ဆိုက်ရောက် ကြလေသည်။

ထိုမလ္လတိုင်းအတွင်း၌ သာကီဝင်မင်းသား (၆)ဦး တို့သည်မိမိ တို့၏အဆင်တန်ဆာများကို ချွတ်ကြ၍ အပေါ်ရုံအဝတ်ဖြင့် အထုပ် ထုပ်ပြီးလျှင် ဥပါလိဆတ္တာသည်ကို

''အချင်း ဥပါလိ အသင်သည် ဤအထုပ်ကို ယူ၍ပြန်ပါ လေတော့၊ သင့်အတွက် ဤမျှသော ပစ္စည်းသည် တစ်သက်တာလုံး လောက်ပေပြီ''

ဟုပြောဆိုကာ အဆင်တန်ဆာများကို ဥပါလိအား ဆုအဖြစ် ပေးသနားကြလေသည်။

ဥပါလိဆတ္တာသည် သည် မင်းသားခြောက်ဦးတို့၏ ခြေရင်း၌ လူးလိမ့်ငိုကြွေးပြီးလျှင် မင်းသားတို့၏ အာဏာကိုမလွန်ဆန်နိုင်သဖြင့် ငိုကြွေးရာမှရပ်နားပြီး အဆင်တန်ဆာထုပ်ကိုယူကာ မင်းသားထံမှ ခွဲခွာ လာခဲ့သည်။

ဥပါလိဆတ္တာသည် သည် အနည်းငယ်မျှ ခွဲခွာသွားပြီးလျှင် ရပ်တန့်ပြီးစဉ်းစားသည်။

''သာကီဝင်မင်းမျိုးတို့က ရက်စက်ကြမ်းကြုတ်ကုန်၏။ ဥပါလိ ဆတ္တာသည် မင်းသားခြောက်ယောက်တို့ကို ဖျောက်ဖျက်ပစ်လိုက်ပြီးဟု အထင်မှား အမြင်မှားကာ ငါ့ကိုသတ်မှုလည်း သတ်သေကုန်လိမ့်မည်၊ ဤသာကီဝင် မင်းသားခြောက်ဦးတို့သော်မှ ဤမျှခမ်းနားကြီးကြယ်သော

မင်းစည်းစိမ်ကိုပယ်ကြလျက် အဖိုးအနဂ္ဃထိုက်တန်လှသော ဤအဆင်တန်ဆာများကို တံတွေးပေါက်ကဲ့သို့ စွန့်ပစ်ကြကာ ရှင်ရဟန်း ပြုနိုင်ကြကုန်သေး၏။ ငါ့လိုအောက်တန်းစားလူကမူ အဘယ်ကြောင့်ရှင်ရဟန်း မပြုနိုင်ဘဲ ရှိအံ့နည်း၊ ပြုနိုင်ရမည်သာ ဖြစ်ရမည်''

ဟုကြံစည် စဉ်းစားအသိဉာဏ်ပွားကာ မိမိယူဆောင်လာသော မင်းသားတို့၏ အဆင်တန်ဆာထုပ်ကို ဖြေ၍သစ်ပင်ပေါ်၌ ချိတ်ဆွဲထားလိုက်ပြီးသော်

''ငါသည် ဤပစ္စည်းများကို စွန့်အပ်ပြီးပေးလှူအပ်ပြီးသာဖြစ်ရသည်၊ ဤပစ္စည်းများကို တွေ့မြင်သောသူသည် အလိုရှိတိုင်း ယူစေသတည်း''

ဟုနှုတ်မြွက်ပြောဆိုခန့်ထားခဲ့ပြီးလျှင် မင်းသားခြောက်ယောက်ထံသို့တစ်ဖန်ပြန်၍ သွားလေသည်။

မင်းသား ခြောက်ယောက်သည် ဥပါလိဆတ္တာသည် အဝေးမှ ပြန်လာသည်ကိုမြင်လျှင်

''အချင်း ဥပါလိ အဘယ်ကြောင့်ပြန်လာသနည်း''

ဟုမေးမြန်းကြလေသည်။

ထိုအခါ ဥပါလိဆတ္တာသည် သည် မိမိအကြံအစည်ဖြစ်ပုံ၊ ပြုလုပ်ခဲ့ပုံများကို အပြည့်အစုံပြောပြသည်။

''အချင်း ဥပါလိ တိုင်းတော် ပြည်တော်ပြန်မသွားခြင်းသည် ကောင်းလှစွာ၏။ သင်ကြံစည်သည်ကမှန်၏။ သာကီဝင်မင်းတို့သည် ရက်စက်ကြမ်းကြုတ်ကြသည်။ သင်ပြန်သွားက သင်ပြောသလို သတ်ကောင်းသတ်ပေလိမ့်မည်''

ဟုမင်းသားတို့က ပြောဆိုလက်ခံကာ ဥပါလိကိုအတူတကွ ခေါ်ဆောင်သွားကြသည်။

မြတ်စွာဘုရားသီတင်းသုံးရာ အနုပိယမည်သော သရက်ဥယျာဉ်သို့သွားကြပြီးလျှင် ဘုရားရှင်ကို ရှိသေစွာ ရှိခိုးကြ၍ မိမိတို့

ရဟန်းပြုမည့်အကြောင်းကို လျှောက်ထားကြပြီး

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား ကျွန်ုပ်နှင့် သာကီဝင်များသည် ဇာတိမာန်ဖြင့် ခက်ထန်တင်းမာကြပါကုန်၏။ ဥပါလိဆတ္တာသည် သည့်ရှည်စွာသော ကာလကပင် ကျွန်ုပ်တို့၏ ကျေးကျွန်ဖြစ်ခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် တပည့်တော်တို့၏ မာန်ကိုချပေးသောအားဖြင့် ဥပါလိကိုဦးစွာ ရဟန်းပြုပေးတော်မူပါဘုရား။ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးသော် တပည့်တော်တို့သည် ဥပါလိ ရဟန်းကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း အရိုအသေပြုခြင်းအမှုကို ပြုလုပ်ကြရပါလိမ့်မည်၊ ဤသို့ပြုလုပ်သော် တပည့်တော်တို့ သာကီဝင်မင်းသားရဟန်းများ၏ကြီးမားခက်ထန်သော သာကီယဇာတိမာန်သည် ကျိုးနွံခြင်းသို့ ရောက်ပါလိမ့်မည်။

ဟုလျှောက်ထားကြလေသည်။

ဘုရားရှင်သည် မင်းသားများလျှောက်ထားသည့်အတိုင်း ဥပါလိကိုဦးစွာ ရဟန်းပြုပေးခဲ့သည်။ ထို့နောက်မှ မင်းသားခြောက်ပါးကို အသီးသီး ရဟန်းပြုပေးခဲ့ပါသည်။

မြတ်စွာဘုရားသည် ထိုနှစ်ဒုတိယဝါအတွက် ဝေဠုဝန်ကျောင်းတွင်ဝါကပ်တော်မူသည်။

ထိုဘုရားရှင်၏ ဒုတိယဝါကပ်စဉ်တွင် အရှင်ဘဒ္ဒိယသည် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ် အသာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကာ တေဝိဇ္ဇရဟန္တာဖြစ်တော်မူသည်။

အရှင်အနုရုဒ္ဓသည် ရဟန်းပြုပြီးနောက် ပထမဝါတွင်း၌ပင် လောကီသမာပတ်ရှစ်ပါးကို ရရှိပြီး ဒုတိယဝါတွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

ရှင်အာနန္ဒာသည် အရှင်ပုဏ္ဏမထေရ်ထံမှ ကြည်လင်သော ကြေးမုံအပြင်ရေခွက်တို့ကို အစွဲပြု၍ ငါဟူသော မာနတရားဖြစ်ကြောင်းနှင့်တကွ ခန္ဓာငါးပါး၏မမြဲ ဆင်းရဲ အစိုးမရမှုကို ကြားနာနှလုံးသွင်းသဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

---

ဘဂုနှင့် ကိမိလမထေရ်တို့ကား ဝိပဿနာတရားပွားများ အားထုတ်ကြရာ မကြာခင် အရဟတ္တဖိုလ်ဆိုက်ရောက်ကြလေသည်။

ဒေဝဒတ်ရဟန်းကား လောကီစျာန်အဘိညာဉ်တရားမျှသာ ရသည်။ ထိုတရားရပြီး မာန်မာနပြန့်ဝင်လျက် ဘုရားရှင်ကို ပြန်လည် တုဖက်ပြိုင်ခဲ့သဖြင့် မြေမြိုခံရကာ အဝီစိငရဲကျခံခဲ့ရသည်။

မိမိတို့၏ အမျိုးမာနကြီးမှုကို သတိတရားဖြင့် ဆင်ခြင်ပြီး မာနကိုချကာ တရားမှန်တရားစစ်ကို ကျင့်ကြံခဲ့သော မင်းသားများနှင့် ဆတ္တာသည် ဉပါလိတို့သည်နောက်ဆုံးတွင် သံသရာဆင်းရဲမှ လွတ် မြောက်ရာနိဗ္ဗာန်ချမ်းသာသို့ပင် မျက်မှောက်ပြုနိုင်ခဲ့ကြတော့သည်။

မာနယုတ်ဆိုး၊ ပယ်လှန်ချိုး အမျိုးမြတ်သည်သာဆိုသည့် အတိုင်းအမျိုးမြတ်ဘဝရောက်သူ၊ အေးချမ်းသောနိဗ္ဗာန်သို့ ရောက်လို သောသူတို့သည် ငါဘာကောင် မည်သူ့သား မည်သူ့သမီး ဟူသော မာန်မာနကိုနှိမ့်ချကြရပါမည်။

…မဟာသဒ္ဓမ္မဇောတိကဓဇ
…ကျော်ထိုက်သျှင်ဦးမိုး
…မှာစရိယ — ဘီအေ